
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရွှေအဋ္ဌလီ

BURMESE CLASSIC .com

ကြင်ပူးမာ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၁၁၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၀၆၀၅၁၀ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

ရွှေအဥ္ဇလီ

ကြင်ဖူးစာ/ရွှေအဥ္ဇလီ ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၃၇ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ကြင်ဖူးစာ


BURMESE CLASSIC .com

## အခန်း (၁)

ပါးပြင်ပေါ် မျက်ရည်ဥကြီးများ ပိုးပိုးပေါက်ပေါက်ကျဆင်းလျက် ကလေးတစ်ယောက်လို ခြေလေးဆောင့်ပြီး ရှိုက်ကာငိုရှိုက်နေသော သမီးဖြစ်သူ ကျေးကိုကြည့်ပြီး ဒေါ်မာလာ ပင့်သက်တစ်ချက်ချလိုက်သည်။

"ဟင်း"

"သမီးရယ် ဘာဖြစ်လို့ ဒီလောက် ငိုနေရတာလဲကွယ်၊ သမီး ဒီလိုငိုနေတော့ မာမီ ဘယ်လိုစိတ်ကောင်းနိုင်မှာလဲ"

"သမီး ငိုတာကို မကြည့်ရက်ရင် မာမီတို့ နိုင်ကမ္ဘာနဲ့ စီစဉ်ထားတဲ့ကိစ္စကို ဖျက်လိုက်ပေါ့၊ သမီး နိုင်ကမ္ဘာဆိုတဲ့လူကြီးကို လုံးဝမယူနိုင်ဘူး၊ မာမီတို့ပဲ ဒီကိစ္စကို ဖျက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စများ ရစ်ဝဲနေသည့် ကြည်စင်လက်ဖြာသော မျက်နက်ဝန်းပြာပြာကြီးနှင့် မင်္ဂလာကိစ္စကို ဖျက်ခိုင်းနေသည့် သမီးဖြစ်သူ ကျေး၏ လှပနုထွေးသော မျက်နှာလှလှလေးကို ဒေါ်မာလာ စိတ်လက်မသက်သာစွာ ကြည့်လိုက်ပြီး

"ကလေးမဆန်ချင်စမ်းပါနဲ့ သမီးရယ်၊ မာမီတို့ စီစဉ်တယ်ဆိုတာက သမီးဘဝအတွက်၊ သမီးကောင်းစားဖို့ မာမီတို့ စီစဉ်တာ၊ ပြီးတော့ မောင်ကမ္ဘာဆိုတာကလည်း တခြားလူမဟုတ်ဘူး၊ မာမီတို့နဲ့ ဟိုးအရင်က သိကျွမ်းလာတဲ့လူတွေ၊ မောင်ကမ္ဘာလို ယောက်ျားလေးတစ်ယောက်ကတောင် မိဘစကားနားထောင်ပြီး သမီးနဲ့ကိစ္စကို မိဘတွေသဘောကျ ခေါင်းညိတ်ခဲ့သေးတာ၊ သမီးက မာမီတို့စကားကို ဘာလို့ နားမထောင်နိုင်ရတာလဲ"

"တခြားကိစ္စဆို မာမီတို့စကားကို သမီး အမြဲနားထောင်ခဲ့တာပဲ မဟုတ်လား၊ ခုကိစ္စကတော့ သမီး ဦးကမ္ဘာကို ဘယ်လိုမှ မယူနိုင်ဘူး၊ လက်မထပ်နိုင်ဘူး မာမီ၊ ပြီးတော့ သမီး အိမ်ထောင်မပြုချင်တာကိုလည်း မာမီသိရက်နဲ့"

ကျေးသည် ထိုစကားများကို လေးနက်စွာ ပြောနေခြင်း





ဖြစ်ကြောင်းကိုတော့ ဒေါ်မာလာသိပါသည်။

သမီးဖြစ်သူ ကျေးမှာ ရုပ်လေးက မှုန့်ညက်ဝင်းစက်နေအောင် လှပသလောက် အချစ်ရေး အိမ်ထောင်ရေးကိစ္စကိုတော့ တခြားငယ်ရွယ်သူ မိန်းမပျိုလေးများလို စိတ်ဝင်စားသူတစ်ယောက်မဟုတ်ပေ။ ရွှေစင်သွန်းထားသလား ထင်မှတ်ရသော သမီးဖြစ်သူလေးမှာ သူမတူသော အလှများကို ပိုင်ဆိုင်ထားသူတစ်ယောက်ဖြစ်ပေမယ့် အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စမှာတော့ သူမနှင့်မသက်ဆိုင်သည့် လူတစ်ယောက်လို ခံယူထားသူလေးလည်းဖြစ်သည်။

ဒါကြောင့်လည်း ဒေါ်မာလာ သမီးအတွက် စိတ်မအေးရင်မအေးဖြစ်ရကာ မောင်ကမ္ဘာနှင့် မင်္ဂလာကိစ္စကို မိဘများအနေနှင့် အမြန်စီစဉ်ရခြင်းဖြစ်သည်။

"မိဘလက်နဲ့ရေးတာကို ခြေနဲ့ဖျက်ဖို့တော့ မစဉ်းစားပါနဲ့ သမီးရယ်၊ ခုဆို သမီးတို့ မင်္ဂလာပွဲအတွက် ဖိတ်စာတွေကိုတောင် ဝေပြီးသွားလို့ မင်္ဂလာပွဲက မနက်ဖြန် သန်ဘက်ခါပဲ ကျင်းပတော့မယ်၊ ဒါကို သမီးက ခုထက်ထိ ဒီစကားတွေ ပြောနေတုန်းဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မာမီ ဘယ်လို စိတ်အေးနိုင်မှာလဲ''

''ဘယ်လို မာမီ၊ ဖိတ်စာတွေ ဝေပြီးလို့ မင်္ဂလာပွဲက မနက်ဖြန် သန်ဘက်ခါ ကျင်းပရတော့မယ် ဟုတ်လား''

''ဟုတ်တယ် သမီး၊ ဒါကြောင့်မို့ သမီး မာမီတို့စကားကို နားထောင်ပါလို့ ပြောနေတာပေါ့၊ မာမ့်သမီးက လိမ္မာပါတယ်ကွယ်၊ မောင်ကမ္ဘာလည်း ဒီနေ့ မနက်ဖြန် နိုင်ငံခြားက ပြန်ရောက်မှာ၊ သူလာရင် သမီး လေဆိပ်မှာ သွားကြိုရမယ်နော်''

''ဟင့်အင်း...ဟင့်အင်း''

''သမီး သူ့ကို သွားမကြိုနိုင်ဘူး မာမီ၊ မာမီတို့ကို မျက်နှာမပျက်စေချင်လို့ သမီး သူနဲ့ကိစ္စမှာ လက်ခံလိုက်ရပေမယ့် သူ့ကို သမီး ကြည်ကြည်ဖြူဖြူနဲ့ ဘယ်တော့မှ ကြိုဆိုမှာမဟုတ်ဘူး မာမီ''

''အို ဟဲ့ သမီး၊ ကိုယ်နဲ့ လက်ထပ်မယ့် ကိုယ့်ခင်ပွန်းလောင်းကို အဲဒီလို မပြောရဘူးလေကွယ်''

မာမီ ဒေါ်မာလာမှာ ကျေးစကားကြောင့် မျက်နှာပျက်သွားရကာ ကျေးစကားကို အမြန်ပင် တားလိုက်သည်။

''သမီးမှ သူ့ကို လက်မထပ်ချင်တာ၊ နိုင်ကမ္ဘာဆိုတာ





ဘယ်လိုလူမှန်း သမီးမသိပေမယ့် သူ ဘယ်လိုလူပဲဖြစ်နေပါစေ၊ သမီး သူ့ကို လက်မထပ်ချင်တာ မာမီလည်းသိနေတာပဲ၊ ခုကိစ္စမှာလည်း မာမီတို့ ဖွတ်စီစဉ်လို့သာ သမီး သူ့ကို လက်ထပ်ရမှာ၊ သမီး တစ်သက်လုံး စိတ်ဆင်းရဲနေရမှာတော့ အမှန်ပဲ မာမီ''

''သမီးရယ်''

သူ့ကိုယ်တိုင်က လက်မထပ်ချင်ပေမယ့် မိဘတွေ စိတ်ဆင်းရဲမှာကိုလည်း မလိုလားဘဲ ခေါင်းညိတ်လက်ခံလိုက်ရသော သမီးဖြစ်သူကို ဒေါ်မာလာ သနားကရုဏာသက်သော အကြည့်ဖြင့်ကြည့်ရင်း သမီးကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်သည်။

''မောင်ကမ္ဘာကလည်း လူတော်တစ်ယောက်ပါပဲ သမီးရယ်၊ မာမ့်သမီး စိတ်ဆင်းရဲမယ့်အလုပ်ကို မာမီ လုပ်ပါ့မလား၊ မောင်ကမ္ဘာလိုလူကို သမီး လက်ထပ်ရတဲ့အတွက် မာမ့်သမီး ဘယ်တော့မှ စိတ်မဆင်းရဲရဘူးဆိုတာ မာမီသိတယ်၊ မာမီလည်း ငယ်ရာက ကြီးလာတဲ့လူပဲ သမီးရယ်၊ မောင်ကမ္ဘာကို မာမီ ကောင်းကောင်း အကဲခတ်လို့ရပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



“သူက ဘယ်လောက်တော်တဲ့ ဘယ်လောက်ကောင်းတဲ့ လူမို့လို့ မာမီက သူ့ဘက်ကနေလိုက်ပြီး ပြောပေးနေရတာလဲ၊ သမီးတော့ သူ့ကို မမြင်ဖူးပေမယ့် နာမည်ကြားတာနဲ့တင် မုန်းနေပါပြီနော်”

“ဩော် ဒီကလေးနှယ်၊ ကိုယ့်ခင်ပွန်းလောင်းကို အဲ့လို မပြောရပါဘူးဆို၊ မာမီက မောင်ကမ္ဘာဘက်က လိုက်ပြောနေ ဘာ မဟုတ်ဘူး၊ မာမို့သမီးလေး တကယ်လက်တွေ့ ရင်ဆိုင်ရမယ့် အခြေအနေတွေကို မီမာ အကဲခတ်လို့ရသလောက် ပြောနေတာ”

နိုင်ကမ္ဘာကို တွေ့ဖူးမြင်ဖူးထားသည့် ဒေါ်မာလာမှာ နိုင်ကမ္ဘာကို သူ အကဲခတ်မိရသလောက် သမီးဖြစ်သူကို ပြော လိုက်ပေမယ့် ကျေးကတော့ မာမို့စကားကို နားမဝင်သလိုမျိုး ဝင်းပဖူးဥ နုထွေးနေရသည့် မျက်နှာလုလုလေးကို ဘေးသို့ ခပ်လွဲ လွဲလေးထားရင်းက

“မာမီ သမီး သမီး ဦးကမ္ဘာနဲ့ လက်မထပ်လို့ မရဘူး လားဟင်”

သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ နိုင်ကမ္ဘာနှင့် လက်မထပ်နိုင်ပါဟု အတွင်တွင်ငြင်းနေသော သမီးချောကြောင့် ဒေါ်မာလာ သမီးကျေးကို သည်အတိုင်း ချော့ပြောနေ၍ မရဆိုတာ ကို နားလည်လိုက်၏။

“ကျေး သမီး၊ မာမီတို့ကို အရှက်ရအောင်တော့ မလုပ် ပါနဲ့ကွယ်၊ သမီးက မာမီတို့စကားကို အမြဲနာခံခဲ့တဲ့ သမီးအလိမ္မာ တစ်ယောက်ဆိုတာ မာမီသိပါတယ်၊ ခုကိစ္စမှာလည်း သမီး မာမီတို့ စကားကို နာခံလက်စနဲ့ နာခံပါ သမီးရယ်၊ မာမီ သမီးကြောင့် စိတ်မညစ်ပါရစေနဲ့၊ ဒီကိစ္စ သမီးဒက်ဒီသိရင်လည်း ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ သမီးဒက်ဒီက မောင်ကမ္ဘာနဲ့ သမီးကို သိပ် သဘောတူနေတာကွယ့်၊ ဒါကြောင့်မို့ မင်္ဂလာပွဲကို သူကိုယ်တိုင် ဦးစီးပြီး အမြန်ဆောင်ရွက်နေတာပေါ့”

မာမို့စကားကို နားထောင်ပြီး ကျေးတစ်ယောက် စိတ်ဓာတ် အကြီးအကျယ် ကျသွားသည်။

မကျလို့ကလည်းမဖြစ်။

ကျေးကြောင့် မိဘနှစ်ပါးကို စိတ်မဆင်းရဲစေချင်။

ငယ်စဉ်ကတည်းက မိဘနှစ်ပါးကို ချစ်ကြောက်လာသည်။




စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပီ ကျေး ငယ်စဉ်ကတည်းက မိဘနှစ်ပါး၏ စကားကိုလည်း နာခံခဲ့သူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်လည်း ယခုကိစ္စတွင် ကျေး မိဘနှစ်ပါး၏ စကားကို သူမအနေနှင့် ဘယ်လိုမှ မငြင်းဆန်နိုင်အောင် ဖြစ်နေရခြင်းဖြစ်သည်။

သူမ ပို၍ မငြင်းဆန်နိုင်အောင် ဖြစ်နေရခြင်းက ဒက်ဒီ ကြောင့်ဆိုလျှင်လည်း ပိုမှန်ပေလိမ့်မည်။

ဒက်ဒီသည် သူ့သူငယ်ချင်း၏သားဖြစ်သူ နိုင်ကမ္ဘာနှင့် ကျေးကို ဘယ်လောက်ထိများ သဘောတူနေသည်မသိပါ။ ဦးကမ္ဘာ နှင့် မင်္ဂလာကိစ္စကို သူမအား ဖွင့်ပြောပြီးကတည်းက ဒက်ဒီသည် သူမတို့မင်္ဂလာပွဲနှင့်ပတ်သက်ပြီး အားချင်းအမြန် သူကိုယ်တိုင် စီစဉ်နေသည်ကိုလည်း ကျေး တစ်စွန်းတစ်စ ကြားသိခဲ့ရပြီဖြစ်သည်။

ကျေးတို့ကိစ္စကို ဒက်ဒီ သည်လောက်မြန်မြန်ကြီး စီစဉ်နေလိမ့်မည်ဟု မထင်ထားခဲ့။

ယခုတော့ မာမီ့ထံမှ သူမတို့မင်္ဂလာပွဲနှင့်ပတ်သက်ပြီး ဒက်ဒီတစ်ယောက် အမြန်စီစဉ်နေသည်ကို သိလိုက်ရတော့ အံ့ဩ

စိုး : မိုး : ၈၁၆ပ



မှုနှင့်အတူ ကျေးမှာ ဝမ်းနည်းထိတ်လန့်သွားသည်။

သူမတို့မင်္ဂလာကိစ္စကို သည်လောက်ကြီး အမြန်ဆုံး စီစဉ်လိမ့်မည်ဟု မထင်ထားခဲ့သည်ကိုက သူမ၏ အမှားဖြစ်သည်။

ထိုအမှားက အခုတော့ သူမအတွက် ပြင်ဆင်ခွင့်မရှိ။ ကျေးတစ်ယောက် စိတ်မှာ ရှုပ်ထွေးသွားသည်။

"မာမီ"

"ဘာလဲ သမီး"

"သမီးကို အဲဒီ ဦးကမ္ဘာနဲ့ မာမီတို့ ဘာဖြစ်လို့ ဒီလောက်တောင် သဘောတူနေရတာလဲ"

"သြော် သမီးရယ်၊ မောင်ကမ္ဘာလိုလူကို ဘယ်မိဘမဆို သမီးရှိတဲ့မိဘတိုင်းက မောင်ကမ္ဘာနဲ့ ကိုယ့်သမီးကို သဘောတူကြမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ကမ္ဘာလို အစစအရာရာ ဘက်စုံတော်တဲ့ ထက်တဲ့ ပြည့်စုံတဲ့လူမျိုးကို ဘယ်မိဘက ကိုယ့်သမီးအတွက် လက်လွှတ်ခံနိုင်မှာလဲ"

"သူက ဘာမို့လို့လဲ မာမီ၊ သူက ဘယ်လောက်တော်တော် သမီး သူ့ကို ဂရုမစိုက်ဘူးလို့ မာမီ့ကို ပြောပြီးပြီပဲ"–

www.burmeseclassic.com

စိုး : မိုး : ၈၁၆ပ

www.burmeseclassic.com



"ဂရုမစိုက်လို့ မရဘူး သမီး၊ သမီးဒက်ဒီက မောင်ကမ္ဘာမှ မောင်ကမ္ဘာ၊ သမီးဘဝရဲ့ လက်တွဲဖော်ဟာ နိုင်ကမ္ဘာကလွဲပြီး ဘယ်သူမှ မဖြစ်ရဘူးလို့လည်း သမီးဒက်ဒီက ပြောနေတယ်"

"ဟင် ဒါတော့ ဒက်ဒီ မတရားတာပဲ"

နှုတ်ခမ်းလေးစူကာ ကလေးတစ်ယောက်လိုပြောနေသော သမီးကျေးကို ဒေါ်မာလာ သဘောကျသလို အပြုံးနှင့်စိုက်ကြည့်လိုက်ပြီး...

"ဒက်ဒီ့ကို အဲလိုမပြောရဘူးလေ သမီး"

"မာမီ စဉ်းစားကြည့်လေ၊ သမီးက နိုင်ကမ္ဘာဆိုတဲ့ နာမည်သာကြားဖူးတာ၊ လူကို ဖြူသလား၊ မည်းသလားဆိုတာလည်း မြင်တွေ့ဖူးတာ မဟုတ်ဘူး၊ ကိုယ် တစ်ခါမှ မတွေ့မမြင် မသိဖူးတဲ့လူကို သမီးက လက်ထပ်ရမယ်ဆိုတာကတော့ မလွန်လွန်းဘူးလား မာမီ"

"အဟင်း ဟင်း သမီးရယ်၊ မာမီက ဘာများလဲလို့၊ မောင်ကမ္ဘာရောက်လာရင် သမီး တွေ့မှာပါ၊ မောင်ကမ္ဘာကလည်း သမီးကို တွေ့ချင်တဲ့အကြောင်း မာမီ့ကို ဖုန်းဆက်ပြီးပြောလို့ မာမီ





ကတောင် တွေ့ရမှာပေါ့လို့ ပြောထားရတယ်"

"ဟင် သူက ဘာကိစ္စ သမီးကို တွေ့ချင်ရတာလဲ၊ သမီးတော့ သူ့ကို မတွေ့ချင်ပါဘူး"

"ဪကွယ်၊ ပြောလေဆိုးလေပါလား၊ သမီးက သူ လက်ထပ်ရမယ့် သတို့သမီးလောင်းပဲ၊ သမီးကို မောင်ကမ္ဘာ တွေ့ချင်တာပေါ့ကွယ်"

"တော်ပါပြီ၊ မာမီက ဘာပြောပြော နိုင်ကမ္ဘာဘက်က ချည်းပဲ၊ သူ့အကြောင်း မာမီနဲ့ ဘာမှမပြောတော့ဘူး"

သမီးဖြစ်သူက သူမဘက်ကမပါဘဲ ဘာမှမတော်ရသေးသည့် နိုင်ကမ္ဘာဘက်က ပါရကောင်းမလားဆိုကာ ကလေးငယ်တစ်ယောက်လို စိတ်ကောက်နေသော သမီးကို ဒေါ်မာလာသည် ချော့မော့သလို သမီးချော၏ ပါးပြင်ကို လက်နှင့်ခပ်ဖွဖွ ဖျစ်ညှစ်လိုက်ပြီး...

"သမီးက မာမီ့သမီးပဲ၊ မာမီ့သမီးဘက်က မာမီမပါဘဲ နေပါ့မလားကွယ်၊ ဘယ်သူတွေ ဘာပြောပြော မာမီကတော့ မာမီ့ သမီးကို အချစ်ဆုံး ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



''တကယ်နော် မာမီ''

''တကယ်ပေါ့ သမီးရဲ့''

''ဟေး…ဒါမှ သမီးရဲ့မာမီကွ၊ ဒါကြောင့်မို့ မာမီ့ကို ချစ်တာသိလား ရွှတ်''

သည်လိုကျပြန်တော့လည်း ကျေးသည့် သူလိုချင်တာရသွားသည့် ကလေးငယ်တစ်ယောက်၏ အသွင်မျိုး မျက်နှာလှလှလေးများ ဝင်းပကြည်လင်သွားရကာ ဒေါ်မာလာ့ကိုယ် ဝဝဖိုင့်ဖိုင့်ကြီးကို သူမ လက်ကလေးအစုံနှင့် ခပ်တင်းတင်း ထွေးဖက်ရင်းက မိခင်ကြီး၏ ပါးမို့မို့နှစ်ဖက်ကို သူမနှာတံလုံးလုံးလေး နစ်ဝင်ရတဲ့အထိ တရွှတ်ရွှတ် နမ်းရှိုက်နေတော့သည်။

''ကောင်မလေးနော် လူက ကလေးမဟုတ်တော့ဘူး၊ ချွဲမနေနဲ့''

''ချွဲမှာပဲ၊ မာမီ့မှ သမီးမချွဲရင် ဘယ်သူ့ကို သွားပြီး သမီးက ချွဲရမှာလဲ''

''အေး ညည်းလေး ကြပ်ကြပ်အပြော့ကောင်း၊ ပြီးမှ မာမီ့ကိုမေ့ပြီး မောင်ကမ္ဘာမှ မောင်ကမ္ဘာ ဖြစ်သွားမှာကိုတော့





မြင်ယောင်ပါသေးတယ်''

''မာမီနော် မာမီ၊ သမီးကို အဲဒီလူကြီးနဲ့ မစနဲ့သိလား''

''ဟဲ့…အဲဒီလူကြီးက သမီး လက်ထပ်ရမယ့်သူလေ''

''မာမီ''

''အဟင်း…ဟင်း…ဟင်း''

စကားနှင့် ပြောတာလေးကိုပင် အပြောမခံ အရှက်သည်းနေသည့် သမီးဖြစ်သူ အရှက်အိုးလေးကို ဒေါ်မာလာသည် သဘောကျစွာ ရယ်မောရင်းက…

''သမီး ဒီလောက် အရှက်သည်းနေပုံကို မောင်ကမ္ဘာမြင်ရင် သဘောကျမှာ မာမီတော့ မြင်ယောင်သေးတယ်''

''မာမီနော်၊ သမီး သူ့ကို လက်မထပ်ဘူးလို့ ပြောပြီးပြီ''

''လက်မထပ်လို့မရဘူးလို့ မာမီကလည်း သမီးကို ပြောနေတယ်လေ''

''ဦးကမ္ဘာဆိုတဲ့ အဲဒီလူကြီးကို သမီးမုန်းတယ်''

''သမီးနော် မောင်ကမ္ဘာကို မြင်တောင် မမြင်ရသေးဘူး၊ ဘယ့်နှယ် မုန်းတယ် ပြောနေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဖူးဖူး မမြင်ဖူးဖူး သမီးတော့ သူ့ကို မုန်းတာက မုန်းတာပဲ မာမီ၊ သူ သူ သမီးကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ"

"ဒါကလည်း နှစ်ဖက်မိဘတွေ စီစဉ်တဲ့ကိစ္စကို မောင်ကမ္ဘာက သားလိမ္မာပီပီ မငြင်းတဲ့သဘောပဲ သမီး၊ တကယ်တမ်း မောင်ကမ္ဘာလို ရုပ်ချော၊ သဘောကောင်း၊ ပညာတတ်၊ ပစ္စည်းဥစ္စာဆိုတာကလည်း ဆယ်သက်စားမကုန် ပြောစရာမလိုတဲ့ သူ့အနားမှာ မောင်ကမ္ဘာကို လိုချင်တဲ့ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းမချော မိန်းမလှတွေ အများကြီးပဲကွဲ့၊ အဲဒီထဲကမှ သမီးကို မောင်ကမ္ဘာက မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး လက်ထပ်ဖို့ တောင်းယူတာ သမီးအတွက် ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလဲ"

"သူများတွေအတွက်တော့ အဲဒီစကားက ဟုတ်ချင် ဟုတ်မယ် မာမီ၊ သမီးအတွက်တော့ သူ သမီးကို လက်ထပ်တာဟာ သမီး ကံဆိုးတာပဲ"

ကျေးစကားကြောင့် ဒေါ်မာလာ မျက်စိမျက်နှာပျက်သွားရကာ...





"ကျေး သမီးနော်၊ မပြောကောင်းမဆိုကောင်းတာတွေ လျှောက်ပြောနေတာပဲ၊ ကိုယ့်အတွက် ကံကောင်းခြင်းတွေနဲ့ လာတဲ့ကိစ္စကို ကံကောင်းတယ်လို့ မှတ်စမ်းပါကွယ်"

"မှတ်နိုင်ဘူး မာမီ၊ သမီးတော့ ဦးကမ္ဘာကို လက်ထပ်ရမှာ ကံဆိုးတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးမှ သူ့ကို လက်မထပ်ချင်တာ"

"တော်ကွယ်၊ ဒီစကားကို သမီး ထပ်ထပ်ပြီး ပြောမနေနဲ့တော့၊ သမီး ဒက်ဒီ ဒီစကားကြားလည်း စိတ်ကောင်းမှာမဟုတ်ဘူး၊ သမီးဒက်ဒီနဲ့မာမီကို တကယ် စိတ်ချမ်းသာစေချင်တယ်ဆို၊ မောင်ကမ္ဘာကိုသာ သမီး လက်ထပ်ဖို့ စဉ်းစားပါ၊ ကဲ မာမီ သမီးဒက်ဒီဆီ သွားလိုက်ဦးမယ်"

မာမီသည် ထိုစကားကို ကျေးအား မျက်နှာတည်တည် တင်းတင်းဖြင့်ဆိုရင်းက အခန်းထဲမှ ထွက်သွားသည်။

ကျေးသည် မာမီကိုကြည့်ရင်း မျက်ရည်စများက မျက်ဝန်းအိမ်တွင် ခိုတွဲလာရပြန်၏။

ဒက်ဒီနှင့်မာမီသည် ရက်စက်လွန်းပါသည်။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသမီးဖြစ်တဲ့ သူမကို ယခုလို အိမ်ထောင်ချပေးမည်ဆိုတာက ရက်စက်လွန်းသည့် ဆုံးဖြတ်ချက်ပင်။

ကျေးသည် နိုင်ကမ္ဘာဆိုသည့် လူကြီးကိုလည်း စိတ်မှာ ပို၍ မုန်းတီးမိသည်။

သူသာ သူမကို လက်ထပ်ဖို့ သဘောတူ ခေါင်းမညိတ်ပါက။ ဒါမှမဟုတ် တခြားမိန်းကလေးတစ်ယောက်ကို ရွေးလိုက်ပါက ကျေး နိုင်ကမ္ဘာကို လက်ထပ်ဖို့ ဖြစ်လာလိမ့်မည်မဟုတ်။

သည်အသက်အရွယ်အထိ အိမ်ထောင်မပြုသေးသော နိုင်ကမ္ဘာဆိုသည့်လူကြောင့် ကျေး သူ့ကို မိဘနှစ်ပါး စိတ်မဆင်းရဲစေချင်တာ တစ်ခုတည်းနှင့် မဖြစ်မနေ လက်ထပ်ရတော့မည်။

ကျေးအတွက် လွတ်မြောက်ရာ ရွေးချယ်စရာလမ်းကလည်း သည်ထက်ပို၍ မရှိတော့။

သည့်အတွက် ကျေးသည် နိုင်ကမ္ဘာဆိုသည့်လူကို ချစ်သည်ဖြစ်စေ။ မုန်းသည်ဖြစ်စေ သူမ လက်ထပ်ကို လက်ထပ်ရတော့မည်။

ကျေး သူမအဖြစ်ကို သူမ ရင်နာရပါသည်။ အိမ်ထောင်





ရေးကို စိတ်မဝင်စား။ အချစ်ရေးနှင့် ကင်းရှင်းစွာနေပါသော သူမသည် မိဘများ၏ ဆန္ဒတစ်ခုတည်းနှင့် အိမ်ထောင်ရေးဆိုသည့် စည်းဘောင်ထဲကို ရောက်ရှိရတော့မည်ဖြစ်သည်။

ထိုအဖြစ်သည် ကျေးအတွက် ငရဲတွင်းထဲသို့ အရှင်လတ်လတ် ကျစေသည်နှင့် အတူတူပင်ဖြစ်သည်ကိုတော့ ကျေး သူမကိုယ်သူမသာ အသိဆုံးဖြစ်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကြီးကျယ်ခမ်းနားလွန်းသည့် ခန်းမဆောင်ကျယ်ကြီးတစ်ခု အတွင်း၀ယ် မင်္ဂလာပွဲတစ်ခုက ခမ်းနားစွာဖြင့် ကျင်းပနေသည်။

မင်္ဂလာပွဲကို တက်ရောက်လာကြသည့် ဂုဏ်သရေရှိ ဧည့်ပရိသတ်နှင့် နှစ်ဖက်မိဘဆွေမျိုးများကလည်း ခန်းမအတွင်း ၀င်လာသည့် လွန်စွာ လိုက်ဖက်လွန်းသည့် မင်္ဂလာသတို့သားနှင့် သမီးကိုကြည့်ပြီး မျက်တောင်ခတ်ဖို့ပင် သတိမေ့ချင်ချင်။

ထိုသို့ဖြစ်လောက်အောင်ကလည်း သတို့သားနှင့် သတို့ သမီး၏ နှစ်ဦးသား လိုက်ဖက်လွန်းသည့်အလှများ အားလုံး၏ စိတ်ကို ဖွဲ့ဆောင်ထားကြသည်။

နိုင်ငံခြားပြန် အင်ဂျင်နီယာတစ်ယောက်ဖြစ်သော နိုင်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရွှေစင်သွန်းလေးတမျှ လွန်စွာလှပလွန်းသည့် သတို့သမီးလေး ကျေး၏အလှက မင်္ဂလာပွဲကို လာသမျှ ဧည့်ပရိသတ်နှင့် နှစ်ဖက် မိဘဆွေမျိုး အသိုင်းအဝိုင်း၏ စိတ်အာရုံများကို များစွာ ဆွဲဆောင် ထားနိုင်သည်ကိုတော့ ဝန်ခံရပေမည်။

"ကြည့်စမ်းပါဦးဟယ်၊ သတို့သားနဲ့ သတို့သမီး ချောလိုက်လှလိုက်တာနော်၊ ကြည့်ရတာ မျက်စိထဲမှာ အရမ်းကြည့်လို့ ကောင်းတာပဲ"

"သတို့သားကလည်း ဖြူဖြူမြင့်မြင့်မားမားနဲ့ ယောကျ်ားပီသပြီး ချောလိုက်တာနော်"

"မင်းကလည်း သတို့သား ချောကြောင်းချည်းပဲ ပြောမနေနဲ့၊ သတို့သမီးလေးက ရွှေရုပ်လေးလို မှန်ညက်ဝင်းစက်လှနေတာကိုလည်း ပြောဦး"

"ဟုတ်ပါတယ်၊ ငါကလည်း သတို့သမီးလေး လှလွန်းချောလွန်းလို့ ပြောမလို့ပါပဲ၊ မင်းက ကြားဖြတ်ပြောလိုက်လို့ပါ"

"နေဦး သတို့သားနဲ့ သတို့သမီးကိုကြည့်ပြီး တစ်ခု သတိထားမိကြလား"





"ဘာလဲ၊ သတို့သားနဲ့ သတို့သမီး ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ကြည့်ပါဦး သတို့သားနဲ့ သတို့သမီး ချောလိုက်လှလိုက်တာကတော့ မှန်နေတာပဲ ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်လည်း မကြည့်ကြဘူးနော်၊ တကယ်ဆို ခုလိုချိန်မှာ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ကြည့်လို့မဝ ဖြစ်နေရမည့်အချိန်"

တည်တင်းနေသော မျက်နှာများဖြင့် တစ်ယောက်ကို တစ်ယောက် မကြည့်ဘဲ အပြုံးများ ပျောက်ကွယ်သလိုရှိနေသော သတို့သား သတို့သမီးကိုကြည့်ပြီး သူတို့နှစ်ဦး၏ အဖြစ်ကို သတိထားမိသည့် ဧည့်သည်များထဲမှ ထိုစကားသံများက ထွက်လာခြင်း ဖြစ်သည်။

"ဖြူပြာကလည်းဟယ်၊ နင်ပဲ ကြံကြံဖန်ဖန်ပဲ မြင်တတ်တယ်"

"ခုလိုအချိန်မှာတော့ တစ်ယောက်နဲ့တစ်ယောက် ကြည်ကြည်နူးနူးလေး ကြည့်သင့်တာပေါ့"

"ဖြူပြာ နင်တော့လေ သူများကိုဆို အစအဆုံး သေချာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်ပြီးတော့ သိလား၊ နင့်အလှည့်ကျမှ ဘယ်လိုဖြစ်မလဲ မသိဘူးနော်"

"ဟင့်အင်း ဖြူပြာတို့က ဘယ်လိုမှမဖြစ်ဘူးသိလား၊ ယောကျ်ားလည်း ယူဖို့ မစဉ်းစားသေးဘူး"

"အဲဒီလို အပြောကြီးတဲ့လူမျိုးတွေပဲ ပြောပြီး မကြာပါဘူး"

"ဘာဖြစ်လဲ"

"ဟယ် နင်တို့ကလဲဟယ်၊ အသာနေစမ်းပါ၊ သတို့သမီးနဲ့ သတို့သားအကြောင်းကို ငါ ကြားရသလောက်ကတော့ သူတို့နှစ်ဦးက တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ယူကြတာ မဟုတ်ဘူးတဲ့၊ သူတို့နှစ်ယောက်ကို လူကြီးတွေက ပေးစားတယ်လို့ ကြားတာပဲ"

"နင် ဘယ်ကကြားတာလဲ၊ ဟုတ်ကောဟုတ်ရဲ့လား ဟယ်"

"ဟုတ်ပါတယ်ဆို၊ ငါ့အသိတစ်ယောက်ဆီက သိရတာ၊ သတို့သမီးက သတို့သားကို မယူချင်လို့ သူ့ခမျာ မိဘတွေကို





ငြင်းတယ်ဆိုပဲ"

"နင်ပြောတာလည်း ဟုတ်ရင်ဟုတ်မယ်၊ ဒါကြောင့် သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာမရှိတာလား မသိဘူးနော်"

"ဟဲ့ ဟဲ့ နေဦး၊ ဟိုမှာကြည့်ပါဦး၊ သတို့သားက သတို့သမီးကို ပြုံးပြီး ဘာတွေပြောနေတာလဲ မသိဘူး၊ သတို့သမီး မျက်နှာကလည်း ပြုံးလို့ပါလား၊ ဖြူပြာ နင်ကြားတဲ့ သတင်းတော့ မှားပြီနဲ့တူတယ်၊ ခုတော့လည်း သူတို့နှစ်ယောက် ပြုံးလို့ရွှင်လို့ပါလား"

စောစောက တည်တင်းနေကြသော နိုင်ကမ္ဘာနှင့် ကျေးတို့ မျက်နှာများက အခုတော့လည်း သူတို့မဟုတ်တော့သည့်အတိုင်း မျက်နှာချောချော လှလှများထက်ဝယ် အပြုံးများနှင့် ဝေဆာစွာ ရှိနေသည်။

မဝေဆာလို့လည်း မရတော့ပါ။

မာနကိုယ်စီနှင့် တစ်ယောက်ကိုတစ်ယောက် ဘုနှင့်ဆောက် မတည့်ပါသည့် ဦးကမ္ဘာ ကျေး။ မင်္ဂလာခန်းမကို ဝင်ပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုကတည်းက ချောမောလှပကြသော သူတို့၏ မျက်နှာများကို မထောက် မျက်နှာများကို ကိုယ်စီ တင်းမာနေကြသည့် အဖြစ်ကိုကြည့်ပြီး ဘေးမှမနေနိုင်တော့ဘဲ ဒေါ်မာလာမှာ သတို့သားနှင့် သတို့သမီးနားသို့ မသိမသာ တိုးကပ်သွားပြီး နှစ်ဦးသား မျက်နှာထက် အပြုံးများရှိရန် သတိပေးစကား ပြောခဲ့ရသည်။

ထိုအခါမှ ဦးကမ္ဘာနှင့် ကျေးတို့နှစ်ဦးသည် သတို့၏ ကိုယ်စီ တင်းမာနေကြသည့် မျက်နှာများကိုပြင်ကာ မျက်နှာချောချောလှလှများထက် အပြုံးများဖြင့် ဂုဏ်သရေရှိ ဧည့်ပရိသတ် အလယ်တွင်တော့ သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် သိက္ခာအကျမခံတော့ဘဲ မာနနှင့်ဒေါသများကို ရင်မှာ မျိုသိပ်ကာ သူတို့နှစ်ဦး၏ တကယ့်အဖြစ်မှန်ကို ဘယ်သူမှမသိအောင် ဖုံးကွယ်ရင်းက ဟန်ဆောင်ပြုံးများနှင့် ရှိနေတော့သည်။

ဧည့်ပရိသတ်များကို လိုက်၍ ဧည့်ခံနေသော သတို့သားနှင့် သတို့သမီးကိုကြည့်ပြီး နှစ်ဖက်မိဘများက ကျေနပ်မဆုံး တပြုံးပြုံးနှင့်။

"နေနဲ့လ၊ ရွှေနဲ့မြဆိုတာ နိုင်ကမ္ဘာနဲ့ကျေးတို့ကို ပြောတာ





နေမှာနော်၊ ကြည့်ပါဦး သူတို့နှစ်ဦးကို ကြည့်ရတာ လိုက်ဖက်ညီလွန်းလို့ ကြည့်ရတဲ့လူ စိတ်ချမ်းသာလိုက်တာ၊ နှစ်ဖက်မိဘတွေကတော့ သူတို့နှစ်ဦးကိုကြည့်ပြီး ဘယ်လောက် စိတ်ချမ်းသာလိမ့်မယ် မသိဘူးနော်"

မင်္ဂလာပွဲကိုလာသည့် ဧည့်သည်တော်များထံမှ သူတို့နှစ်ဦးကိုကြည့်ပြီး ချီးမွမ်းအားကျသံများနှင့် ပြောလို့မဆုံး။

နိုင်ကမ္ဘာနှင့်ကျေးတို့မှာလည်း ခန်းမကျယ်ကြီးအတွင်း ဟိုစားပွဲမှ သည်စားပွဲ ကူးပြောင်း၍ လာသမျှ ဧည့်သည်တော်များကို လိုက်၍ ဧည့်ခံနေသည်မှာလည်း မမောနိုင်မပန်းနိုင်။

"ဧည့်သည်တွေကလည်း ခုချိန်ထိ လာနေတာ ခန်းမကျယ်ကြီးနဲ့ အပြည့်ပဲနော်"

"နှစ်ဖက်မိဘတွေကလည်း ထိတ်ထိတ်ကြဲ ဂုဏ်သရေရှိ လူကြီးတွေပဲ၊ သတို့သားကလည်း နိုင်ငံခြားပြန် အင်ဂျင်နီယာ၊ သူ့ကိုယ်ပိုင်ဆောက်လုပ်ရေးနဲ့ သူပိုင်ကုမ္ပဏီတွေက အများကြီးတဲ့"

"သူများတွေများ ကံကောင်းလိုက်တာနော်၊ ငါတို့နဲ့များ ကွာပါ့"



www.burmeseclassic.com

www.burmeseclassic.com



သတို့သား နိုင်ကမ္ဘာနှင့် သတို့သမီး ကျေးကိုကြည့်ကာ အားကျချီးမွမ်းသံ စကားများနှင့် ဆန့်ကျင်ဘက်ဖြစ်နေရသူမှာလည်း သတို့သား နိုင်ကမ္ဘာနှင့် သတို့သမီး ကျေးတို့ဖြစ်၏။

ဧည့်ခံပွဲတစ်လျှောက် ဧည့်ပရိသတ်များကို လက်ချင်းတွဲချိတ်၍ လိုက်ဧည့်ခံနေရသည့်ကြားက ကျေး တစ်ချက် တစ်ချက် လူလစ်လျှင် လစ်သလို သူ့လက်ကို တွဲချိတ်ထားသည့် သူမလက်လေးကို မသိမသာ ဖြုတ်နေသည့်အဖြစ်ကို နိုင်ကမ္ဘာ အသည်းတယားယားနှင့် သိနေရသောကြောင့်ဖြစ်သည်။

သူမ လုပ်နေပုံက သူ့မာနကို လာလာထိသည်။ နိုင်ကမ္ဘာ ကျေးလုပ်နေသမျှကို မသိဟန်ဆောင်လို့မရအောင် ဖြစ်လာရလေလေ သူ့ရင်ထဲ တင်းခနဲဖြစ်သွား၏။

နိုင်ကမ္ဘာသည် သူ့လက်ကို ကျေး သည်လောက် ဖြုတ်ချချင်ရပါ့မလားဆိုသည့် မချင့်မရဲ အတွေးစိတ်နှင့် ပြန်၍ အရွဲ့တိုက်ချင်လာသည်မို့ သူ့အား တွဲချိတ်ထားသည့် ကျေးလက်ကို သူ့လက်မောင်းကြီးနှင့် ဖိကပ်ကာ သူမလက်ကလေးအား ဖြုတ်ချ၍မရအောင် သူ့လက်နှင့် ခပ်တင်းတင်းဖိကပ်ထားလိုက်သည်။





"အို"

ကျေး သူမလက်ကို ဖြုတ်ချ၍မရအောင် သူ့လက်မောင်းကြီးနှင့် ဖိကပ်ထားသည့် ဦးကမ္ဘာကြောင့် ကျေး ဒေါသလေးများ ဖြစ်သွားသည်။

သည်လူ ဘာအချိုးချိုးနေသည် မသိပါ။

သူမလက်ကလေးကို သူ့လက်မောင်းနှင့် တင်းတင်းဖိကပ်ထားသည်မှာ သူမလက်သည် ဘယ်လိုမှ လှုပ်ယှက်လို့မရအောင် ဖြစ်နေသည်။

ထို့ကြောင့် ကျေးသည် လူများကြား သူမ ဒေါသစိတ်ကို သူမ တတ်နိုင်သလောက် မျိုသိပ်ထိန်းချုပ်ထားသည့်ကြားက လွန်ကဲလာရသည့်အခါမှာတော့

"အား"

ထိုအသံက နိုင်ကမ္ဘာထံမှ ခပ်ကျိတ်ကျိတ် ထွက်ပေါ်လာသော အသံဖြစ်သလို နိုင်ကမ္ဘာ၏ မျက်ဝန်းအစုံမှာလည်း ကျေး မျက်နှာလှလှလေးကို စိုက်ခနဲကြည့်မိသွားသည်။

သည်အကြည့်ကို ကျေး သိသလို ရှုတည်တည်နှင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် သူ့အကြည့်ကိုလည်း ကျေးမြင်သည်။

ကျေးကား ဂရုမစိုက်။

သူမစိတ်ထဲတွင် သူမလုပ်ချင်သည့် အလုပ်တစ်ခုကို လုပ်လိုက်ရပြီမို့ ကျေးစိတ်မှာ ကျေနပ်နေရသလောက် ကျေးနှင့် ဆန့်ကျင်ဘက် မကျေနပ်နိုင်သူက နိုင်ကမ္ဘာဖြစ်သည်။

နိုင်ကမ္ဘာမှာ ကျေးအား ဘယ်လိုမှ မကျေနပ်။ ကျေနပ်လို့လည်း သူ ရမည်မဟုတ်။

ကျေးသည် ဧည့်သည်များ လက်ချင်းချိတ်ကာ လိုက်၍ ဧည့်ခံနေသည့်ကြားက လူများအလစ် တစ်ချက်မှာတော့ သူမသည် သူ့လက်မောင်းအား သူမ လက်သည်းချွန်ချွန်လေးများနှင့် တအားဆွဲဆိတ်လိုက်သောကြောင့်ဖြစ်သည်။

နိုင်ကမ္ဘာမှာ သူမ သည်လိုလုပ်လိမ့်မည်ဟု မထင်ထား။ ယခုတော့ သူမ၏ ကလေးဆန်လွန်းသော အပြုအမူကြောင့် ရင်မှာ အခံရခက်ခက်နှင့် စိတ်တိုတိုကြီး ဖြစ်နေသည်။

သည်အဖြစ်ကို နိုင်ကမ္ဘာရော ကျေးပါ ဣန္ဒြေမပျက်ယှဉ်စေရန် ကိုယ့်ကိုယ်ကို ထိန်းထားကြရင်းက သူတို့နှစ်ဦးသိသည့်



အတွင်းကျိတ် ရန်ပွဲလေးဖြင့် မျက်နှာချောချောလှလှများက အပြုံးမပျက်။

နိုင်ကမ္ဘာရင်ထဲမှာတော့ ကျေးဆိုသည့် မိန်းမချော မိဆိုးလေးအပေါ် ဒေါသဖြစ်နေသည်။

သူတို့နှစ်ဦးကို အားကျချီးမွမ်း ငေးမောတဲ့အကြည့်များဖြင့် ကြည့်နေသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များကို အလေးထားစွာ နိုင်ကမ္ဘာ လူပုံအလယ် ရုပ်မဆိုးရလေအောင် သူ့ကိုယ်သူထိန်းထားလိုက်ရသည်။

အချိန်သည် တစ်စထက်တစ်စ မနည်းတော့သလို မင်္ဂလာဧည့်ခံပွဲမှာလည်း အချိန်ကုန်လာသည်နှင့်အမျှ ဧည့်သည် ပရိသတ်များ တဖြည်းဖြည်း စဲလာပြီဖြစ်သည်။

ဧည့်သည်တော်များကို လိုက်၍ နှုတ်ဆက်နေသော နိုင်ကမ္ဘာနှင့် ကျေးသည် ခန်းမအတွင်း ဧည့်သည်များ ကုန်သလောက်ရှိသည်နှင့် သူတို့နှစ်ဦးအတွက် နှစ်ဖက်မိဘများ လက်ဖွဲ့သည့် မင်္ဂလာတိုက်သစ်ကြီးဆီသို့ ပြန်ရန်ပြင်ကြသည်။

ကျေးမှာ ခန်းမအတွင်းက နေအိမ်သို့ပြန်ရန် ပြင်ဆင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် နိုင်ကမ္ဘာကို တွဲချိတ်ထားသည့် သူမလက်ကလေးကို သိသိသာသာ ဖြုတ်ချလိုက်၏။

ထိုအခါ နိုင်ကမ္ဘာ၏ အကြည့်စူးစူးတစ်ချက်က ကျေးထံသို့ စိုက်ခနဲ ရောက်ရှိသွား၏။

လူပုံအလယ်မှ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေပုံကို စိတ်ရှည်ရှည်ထားလျက် သည်းခံနေရသည်က သိပ်တော့မလွယ်။

အခြေအနေကလည်း သူ သည်လိုမှ သည်းမခံလျှင် မဖြစ်သည့် အခြေအနေမို့ နိုင်ကမ္ဘာ သူ့ဒေါသတွေကို ရင်မှာ မျိုသိပ်ထားရသည်။

နိုင်ကမ္ဘာဆိုတဲ့သူ့ကို သည်လိုလုပ်၍မရ။ သူမအား ကောင်းကောင်း ပညာပြရမည်။

မချင့်မရဲ ဒေါသစိတ်နှင့် နိုင်ကမ္ဘာသည် ကျေးနောက်ကျောပြည့်ပြည့် လှလှလေးကို တစ်ချက်စိုက်ကြည့်ပြီး ကားပေါ်သို့ သူ ခြေလှမ်းကျဲကျဲကြီးနှင့် တက်ခဲ့သည်။

မင်္ဂလာသတို့သား၊ သတို့သမီးကို ခေါ်ဆောင်လာတဲ့





ကားက သူတို့နှစ်ဦး နေထိုင်ရမည့် မင်္ဂလာတိုက်သစ်ကြီးဆီသို့ ရောက်သည်ဆိုရင်ပဲ သတို့သမီး အသစ်စက်စက်လေး ကျေးသည် သူ့ကို တစ်ချက်မကြည့်ဘဲ တည်တင်းနေသော မျက်နှာလှလှလေးနှင့် ကားပေါ်မှဆင်းသွားသည်။

သူမဆင်းပြီး နိုင်ကမ္ဘာ ကားပေါ်မှ ဆင်း၍ ခြေလှမ်းခပ်သွက်သွက်ဖြင့် သူမနောက်သို့ အမီလိုက်ခဲ့ရာ

"အမေ့"

"အို"

"ဟာ"

အဖြစ်များက မထင်မှတ်ဘဲ တိုက်ဆိုင်သွားသည်လို့ ဆိုရမည်။

မတည့်ပါဘူးဆိုကာမှ နှစ်ဦးသား ကြုံကြုံဖန်ဖန် ပြဿနာဖြစ်ရသည့်အဖြစ်။

ကျေးအား မီရန် ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လာသော နိုင်ကမ္ဘာမှာ သူ့၏စိတ်လောသွားရမှုကြောင့် ကျေး၏ မင်္ဂလာသတို့သမီးပဝါကြီးကို သူ့ခြေထောက်တစ်ဖက်က တက်နင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်သွားရသောကြောင့်ဖြစ်သည်။

"ဟင် ရှင်၊ ဒါ တမင်လုပ်တာပေါ့လေ"

"ဟော့ မင်းစကားက ဘယ်လိုလဲ၊ ကျုပ်က ဘာကြောင့် တမင်လုပ်ရမှာလဲ"

"အို ဒါတော့ ရှင့်ကိုယ်ရှင်သိမှာပေါ့"

"သိတယ်ကွ သိတယ်၊ ကျုပ် ဘာမှ မင်းကို တမင် လုပ်စရာအကြောင်းမရှိဘူး၊ မင်းသာ"

"ဘာဖြစ်လဲ ကျွန်မက"

ကျေးသည် ဒေါသမျက်နှာ ရဲရဲလှလှနှင့် နိုင်ကမ္ဘာ့ကို ကြည့်ရင်းက မေးလိုက်သည်။

"ဧည့်ခံပွဲတစ်လျှောက် မင်း ကျုပ်ကို ဘာတွေလုပ်ခဲ့လဲ ဆိုတာ မင်းကိုယ်မင်း သိမှာပေါ့"

"ဟင်"

အကြည့်စူးစူးနှင့် ခပ်စိုက်စိုက်ကြည့်ကာ ဆိုလာသည့် နိုင်ကမ္ဘာစကားကြောင့် ကျေး မျက်နှာလှလှလေး ပျက်သွားပေမယ့် ချက်ချင်းပင် ထိုပျက်သွားရသည့် မျက်နှာလေးကို ပြင်လိုက်





ပြီး

"ရှင်က အဲဒီအတွက် ကျွန်မကို ပြန်ပြီး ကလဲ့စားချေ တာပေါ့ ဟုတ်လား"

"မင်းအပြစ်ကို မင်း ဝန်ခံပြီပေါ့"

"ရှင်နော် ကျွန်မက ဘာအပြစ်ရှိလို့ ဝန်ခံရမှာလဲ"

"ဒီမှာ ကြည့်စမ်း"

ကြည့်စမ်းဆိုကာ နိုင်ကမ္ဘာ သူ့အင်္ကျီလက်ကိုပင့်ကာ သူ့လက်ကောက်ဝတ်နေရာကို ပြလိုက်၏။ ကျေး၏အကြည့်များက သူ့လက်ဆီသို့ ဖျတ်ခနဲရောက်ရှိသွားသည်။

"အို"

ကျေးရင်ဝယ် ထိုအသံလေးက တိုးတိုးထွက်ပေါ်သွား သည်။

ဖြူဖွေးနေသော သူ့အသားမှာ လက်သည်းချွန်ချွန်ဖြင့် ဆွဲဆိတ်ထားသည့် ကျေးလက်ချက်ကြောင့် လက်သည်းရာများ နှစ်ဝင်လျက် သွေးများပင် စို့နေသည်။

"ဒီဒဏ်ရာတွေက မင်း လုပ်တာမဟုတ်ဘူးလို့တော့



www.burmeseclassic.com

www.burmeseclassic.com



မငြင်းပါဘူးနော်”

ချည်ပြီးတုပ်ပြီးမေးလာသည့် သူ့စကားကို ကျေး ဘာမှ ပြန်မပြော။ အကြည့်များကိုလွှဲလျက် သူ့ရှေ့ကနေ တိုက်ထဲသို့ ဖြတ်ဝင်လာခဲ့သည်။

သူမ၏ ခြေလှမ်းများသည် အပေါ်ထပ် မင်္ဂလာအိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ နိုင်ကမ္ဘာလည်း ကျေးနောက်မှပါလာသည်။

ကျေးမှာ သူ ပါလာသည်ကိုမသိ။ ရင်ထဲမှာ နိုင်ကမ္ဘာအပေါ် ဒေါသဖြစ်တာရော စိတ်လှုပ်ရှားတာပါ ရောနေသည်မို့ သူမနောက်တွင် ပါလာသည်ကို သတိမထားမိ။ ကျေး စိတ်၏ အနေကျဉ်းကျပ်မှုကြောင့် ကိုယ်ပေါ်မှ မင်္ဂလာသတို့သမီးဝတ်စုံကို လဲရန်အတွက် ဗီရိုထဲမှ ပေါ့ပါးလွတ်လပ်သော ဝတ်စုံကို ထုတ်ပြီး နောက်သို့အလှည့်

“ဟင် ရှင်”

နိုင်ကမ္ဘာကို ရုတ်တရက် တွေ့လိုက်ရ၍ ရင်ဘတ်ပေါ် လက်လေးဖိတင်ကာ ထိတ်လန့်သွားသော ကျေးမှာ နိုင်ကမ္ဘာကို မျက်ဝန်းပြူးလေးနှင့် ကြည့်ရင်းက နှုတ်မှနေ တရှင်ရှင်နှင့် ဆိုလိုက်





ရှာသည်။

“ဘာလဲ ကျုပ်ကိုတွေ့လို့ လန့်သွားတာလား”

“ရှင် အသံမပေး ဘာမပေးနဲ့ အခန်းထဲ ဘာလို့ဝင်လာရတာလဲ”

“ကျုပ်က ဘာအသံပေးစရာလိုလဲ၊ ဒီအခန်းက မင်းတစ်ယောက်တည်း ပိုင်တဲ့အခန်းမဟုတ်ဘူး၊ မင်းရော ကျုပ်ပါ နှစ်ဦးစလုံးပိုင်တဲ့အခန်း၊ ဒီတော့ ကျုပ်ဝင်ချင်ဝင်မယ်၊ ထွက်ချင်ထွက်မယ်၊ ကျုပ်သဘောပါ”

နိုင်ကမ္ဘာ ထိုစကားကို မျက်နှာတည်တည်နှင့် ပြောရင်းက သူ့ကိုယ်ပေါ်မှ မင်္ဂလာသတို့သားဝတ်စုံကိုချွတ်ကာ အိမ်နေရင်း အဝတ်အစားများနှင့် လဲရန်ပြင်နေလိုက်သည်။

“ဒီမှာ ကျုပ်ဘာဝတ်ရမှာလဲ၊ ကျုပ်ကို အဝတ်အစား ထုတ်ပေးဦး”

ကိုယ်အထက်ပိုင်း အင်္ကျီဗလာနှင့် ဝင်းဝါရှင်းသန့်နေသော သူ့ရင်အုပ်ကျယ်ကျယ်ကြီးကို ကျေး မကြည့်ရဲ။ ရှက်ဝဲဝဲလေးဖြင့် အကြည့်လွှဲရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာပြောတာလဲ၊ လူကို ရှင်ဘာများမှတ်နေလဲ"

"ဟော့…မင်းစကားက ဘာလဲ၊ ကျုပ်က မင်းကို ဘာမှတ်ရမှာလဲ၊ ကျုပ်ပြောတာ ရှင်းရှင်းလေး၊ ကျုပ်အတွက် မင်းအဝတ်အစားထုတ်ပေးဖို့ ပြောနေတာ"

"အို…မထုတ်ပေးနိုင်ပါဘူး၊ ရှင့်မှာ ရှင့်လက်နဲ့ရှင်ပါတာပဲ၊ ကိုယ့်ဘာသာကိုယ် ထုတ်ဝတ်"

"ဟ…မင်းဘယ်လိုမိန်းမလဲ၊ အခု ကျုပ်က မင်းယောကျ်ား၊ ယောကျ်ားကိုပြုစုရမှာ မင်းတို့မိန်းမတွေရဲ့ တာဝန်ပဲဆိုတာ မင်းမသိဘူးလား"

ယောကျ်ား၊ မိန်းမနှင့် စကားချင်းထပ်အောင် ပြောနေသောနိုင်ကမ္ဘာစကားကြောင့် ကျေး မျက်နှာလေးထူပူနီမြန်းလျက် ဒေါသတွေဖြစ်ပြီးရင်း ပိုဖြစ်လာရကာ…

"ဒီမှာ…ရှင် လူကို မိန်းမ မိန်းမလို့ မပြောပါနဲ့၊ ပြီးတော့ရှင့်ကိုယ်ရှင်လည်း ယောကျ်ားလို့ ပြောစရာမလိုဘူး၊ ရှင့်ကို ကျွန်မယောကျ်ားအဖြစ်နဲ့လည်း ကျွန်မ အသိအမှတ်မပြုဘူး"

"ဘာကွ…မင်းဘာပြောတယ်"



ကျေးစကားများက ယောကျ်ားတစ်ယောက်ဖြစ်သည့်နိုင်ကမ္ဘာ မာနနှင့်သိက္ခာကို များစွာထိခိုက်သွားစေရသည်မို့ နိုင်ကမ္ဘာလူချောကြီးမှာ ဒေါသများ ထောင်းခနဲဖြစ်သွားရကာ…

"မင်းပြန်ပြောစမ်း၊ စောစောကစကားကို မင်းပြန်ပြောလိုက်စမ်း၊ ဘာတဲ့ ကျုပ်ကို မင်းယောကျ်ားအဖြစ် အသိအမှတ်မပြုဘူး ဟုတ်လား"

"ဟုတ်တယ်၊ ရှင့်ကို လက်ထပ်ခဲ့ရတာ မိဘတွေရဲ့ဆန္ဒကို မငြင်းဆန်နိုင်လို့ မဖြစ်မနေ လက်ထပ်ခဲ့ရတယ်ဆိုတာ ရှင်လည်းသိနေတာပဲ၊ ဒါကို သိသိကြီးနဲ့ ရှင်လည်း ကျွန်မကို လက်ထပ်ခဲ့တာမဟုတ်လား"

ကျေးကလည်း ခပ်တည်တည် နိုင်ကမ္ဘာကိုကြည့်ရင်းပြောလိုက်သည်။

"အဟွန်း…ဟွန်း မင်းဆိုလိုတဲ့သဘောက မင်းကိုလက်ထပ်ခဲ့တဲ့အတွက် ကျုပ်မှာအပြစ်ရှိတယ်လို့ ပြောချင်တာလား"

"ပြောချင်တာမဟုတ်ဘူး၊ ပြောကိုပြောနေတာ၊ ရှင်သာကျွန်မကို လက်ထပ်ဖို့ကိစ္စ ငြင်းခဲ့မယ်ဆိုရင် ရှင်နဲ့ကျွန်မ အခုလို

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုး ဖြစ်လာစရာ ဘာအကြောင်းမှ မရှိဘူး"

"ကျုပ်ကိုချည်း မင်း အပြစ်တွေလွှဲမချပါနဲ့လေ၊ ကျုပ်ဆိုတဲ့ ကျုပ်ကလည်း ပြောပြီးသားစကား၊ ပေးပြီးသားစကား၊ ပေးပြီးသားကတိကို ပြန်ပြင်တတ်တဲ့လူမျိုး မဟုတ်ဘူး၊ အဲဒါကြောင့်လည်း မင်းကို လက်ထပ်ဖို့ကိစ္စမှာ မိဘတွေကို ကတိပေးပြီးခဲ့တဲ့ ကျုပ်ဟာ ကတိမပျက်ချင်တာတစ်ခုတည်းနဲ့ မင်းကို လက်ထပ်ခဲ့ရတာပဲ၊ ဒါပေမဲ့ မင်းစိတ်ချပါ၊ ကျုပ် မင်းကို ချစ်နိုင်အောင် ကြိုးစားမှာပါ"

"ရှင်...ရှင်"

စကားကို အထက်စီးအကျောကြီးနှင့် ပြောလိုက်သော နိုင်ကမ္ဘာထံမှ မခံချင်စရာ သူ့စကားများကြောင့် ကျေး ခံပြင်းသွားသည်။

သူ့စကားတွေက မိန်းကလေးတစ်ယောက်အပေါ် အထက်စီးကြီးနှင့် အနိုင်ယူပြောလိုက်ပုံက ဘယ်လောက်များ မခံချင်စရာ ကောင်းလိုက်သလဲ။

ကျေးကို လက်ထပ်လိုက်ရသည့်အတွက် သူကပဲ ကျေးကို





ချစ်နိုင်အောင် ကြိုးစားမှာပါတဲ့။

သည်လူ သူ့ကိုယ်သူ ဘာများမှတ်နေသည်မသိပါ။ သူ့ကိုယ်သူ ပိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်မကလို့ ဘာပဲဖြစ်နေဖြစ်နေ ကျေးဆိုသည့် သူမကတော့ သူ့ကို နည်းနည်းလေးမှ ဂရုစိုက်လိမ့်မည်မဟုတ်ပါ။

သည်လို ဂရုမစိုက်ပါဘူးဆိုပါမှ ကျေးကို သူသည် မခံချင်စရာစကားကို အကျောကြီးနှင့် အထက်စီးက လာပြောသည်။ သိပ်ကို လွန်နေပြီဖြစ်သလို မုန်းချင်စရာလည်း ကောင်းသည်။

တွေးရင်းက ကျေး မကျေမချမ်း စိတ်တွေတိုလာရကာ

"ရှင်...ကျွန်မကို ဘာမှတ်နေသလဲဟင် ဦးနိုင်ကမ္ဘာ"

"ဒီမေးခွန်း မင်းမေးပြန်ပြီ၊ မင်းက မင်းပဲပေါ့ကွ၊ ကျုပ်က မင်းကို ဘာမှတ်ရဦးမှာလဲ"

"အို...ရှင်စကားမလွှဲနဲ့၊ ကျွန်မ ရှင့်ကို မေးတာ အဲဒါ မဟုတ်ဘူး"

"ဘာလဲ...ဒါဖြင့် ဘာမေးတာလဲ"

"ရှင်က ကျွန်မကို ချစ်နိုင်အောင် ကြိုးစားပါ့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောရအောင် ကျွန်မက ရှင့်ကို ချစ်ပါ၊ ကြိုက်ပါလို့ ပြောနေလို့လား''

''မင်းက ဒါကိုစိတ်ဆိုးနေတာလား''

''ဟုတ်တယ်…ဟုတ်တယ်''

ကျေးမျက်နှာလှလှလေးမှာ နိုင်ကမ္ဘာအပေါ် မကျေနပ်ရမှုကြောင့် တင်းမှုန်နေသည်။

နိုင်ကမ္ဘာမှာ ပန်းရောင်ရင့်ရင့် မျက်နှာလေးဖြင့် အလှကြီးလှနေသော ကျေးမျက်နှာ မှုန်တည်တည်လေးကို စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး…

''ကျုပ်ပြောတာ ဘာလွန်လို့လဲ၊ မင်း စဉ်းစားကြည့်ဦး၊ မင်းနဲ့ကျုပ်က ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ပြီးတော့မှ ဒီအိမ်ထောင်ရေးကို အကောင်းဆုံးဖြစ်အောင် အသာယာဆုံးဖြစ်အောင် ထူထောင်ရမှာ မင်းနဲ့ကျုပ် နှစ်ယောက်စလုံးမှာ တာဝန်ရှိတယ်၊ ပြီးတော့ ကျုပ်တို့အိမ်ထောင်ရေး သာယာအောင် မင်းဘက်ကလည်း ကြိုးစားရမယ်၊ ကျုပ်ဘက်ကလည်း ကြိုးစားရမယ်၊ ဒါကြောင့် ကျုပ်က ကျုပ်တို့အိမ်ထောင်ရေးကို





နိုင်မြဲဖို့အတွက် မင်းကိုချစ်နိုင်အောင် ကြိုးစားပါ့မယ်လို့ပြောတာ ကျုပ် လွန်လား''

''လွန်တယ်…လွန်တယ်၊ ရှင် ကျွန်မကို ဘယ်လိုပဲ ချစ်နိုင်အောင် ကြိုးစား ကြိုးစား ကျွန်မကတော့ ရှင့်ကို လုံးဝချစ်မှာမဟုတ်ဘူး၊ မချစ်တဲ့အပြင် ရှင့်ကို ကျွန်မ မုန်းတောင်မုန်းသေးတယ် သိလား''

ပန်းနုရောင်မင်္ဂလာဝတ်စုံလေးနှင့် အလှကြီးလှနေသော ကျေးသည် မင်္ဂလာဝတ်စုံကို ကိုယ်ပေါ်မှ မလဲရသေးပါ။

သူ့အား အမုန်းစကားဆိုနေသဖြင့် နိုင်ကမ္ဘာ စိတ်ဝယ် အလိုမကျမှုများဖြင့် မှုန်တည်တင်းမာသွားသည်။

သူများတွေအတွက်တော့ မင်္ဂလာဦးနေ့သည် ဘယ်လိုနေနေမည်မသိ။ နိုင်ကမ္ဘာအတွက်ကတော့ သူ၏မင်္ဂလာဦးနေ့သည် အမုန်းများနှင့် စနေ့ရပြီဖြစ်သည်။

သည်အဖြစ်က သူ့အတွက် ဘယ်လောက်များ စိတ်ပျက်ဖွယ် ကောင်းလိုက်သနည်း။

ဟူး။



www.burmeseclassic.com

www.burmeseclassic.com



သက်မတစ်ချက်ကို ခက်ခဲစွာ ရှိုက်ကာ ထုတ်ပစ်လိုက်သည်။

နိုင်ကမ္ဘာဆိုတာ သူ့အသိုင်းအဝိုင်းတွင် နာမည်တစ်လုံးနှင့် နေလာခဲ့သူ။ မိန်းကလေးများကို ဂရုမစိုက် အလေးမထားခဲ့သူက ယခုတော့ မင်္ဂလာဦးနေ့မှာပင် ကိုယ်လက်ထပ်ခဲ့သည့် သတို့သမီးအသစ်စက်စက်က သတို့သားဖြစ်တဲ့ သူ့အပေါ် မုန်းစကားဆိုလာသည်။ ရင်မှာ အခံရခက်ခက်နှင့်ပင် သည့်အကြောင်းသူ့ပတ်ဝန်းကျင် သူ့အသိုင်းအဝိုင်းကလူများ သိသွားမှာကိုလည်း သူ စိုးရိမ်သွားသည်။

မစိုးရိမ်လို့ကလည်း မရ။

တစ်သက်လုံး ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမှ အလေးမထား ဂရုမစိုက်ခဲ့သော နိုင်ကမ္ဘာသည် သူ့ပညာ၊ သူ့ဂုဏ်သိက္ခာနှင့် တည်ကြည်ခန့်ထည်စွာ အချစ်ဆိုသည့်အရာကို ဥပေက္ခာပြု လျစ်လျူရှုလာခဲ့သမျှ အခုလို သူ့အဖြစ်ကိုသိပါက သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းများက ဘယ်လောက်များ လှောင်ပြောင်ရယ်မောလိုက်ကြမည်မသိ။



နိုင်ကမ္ဘာဆိုတာ သည်အသက်အရွယ်အထိ ဘယ်သူမှ ဂရုမစိုက်လာခဲ့သမျှ အခုတော့ သူ့အဖြစ်က ဘယ်သူနဲ့မှမတူ။

နိုင်ကမ္ဘာ ယခု သူကြုံတွေ့နေရသည့်အဖြစ်ကို သူ ဘယ်သူ့ကိုမှ ဖွင့်မပြောချင်။ ဘယ်တော့မှလည်း ပြောလိမ့်မည်မဟုတ်။ သူ့အဖြစ်က သူမတူအောင် ထူးခြားဆန်းကြယ်သည့်အဖြစ်နှင့် ကြုံနေရသည်မို့ စိတ်မှာ အခံရခက်ခက်နှင့်ပင် ရင်မှာ မျိုသိပ်ထားရမည်ဆိုတာကိုလည်း သူ့ကိုယ်သူ သိနေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ဒေါက်...ဒေါက်''

''ဒေါက်...ဒေါက်''

''ကျေး...ဟိုက် ကျုပ်ပြန်လာပြီ၊ တံခါးဖွင့်ပေးပါဦး၊ ဒေါက်...ဒေါက်''

''ဟင်''

အပြင်မှနေ အခန်းတံခါးကို အဆက်မပြတ် ခေါက်ကာ သူမနာမည်အား ခေါ်နေသည့် သူ့ကြောင့် ကျေး တစ်နေကုန် ပင်ပန်းထားသမျှ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရာမှ ရုတ်ခြည်း လန့်နိုးသွားရသလို လူကလည်း အိပ်ရေထက် ထထိုင်မိလျက်သား ဖြစ်သွားသည်။

ဦး : မိုး : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ကျေး…ကျေး တံခါးဖွင့်လေကွာ၊ ဒီမှာ မင်းယောက်ျား ကျုပ်ပြန်လာပြီ၊ တံခါးဖွင့်ပါဦး"

ကြည့်စမ်း…

ညကြီးမိုးချုပ် ညဉ့်နက်မှာ ပြန်လာပြီး အရက်သောက်လာသည့်အသံနှင့် အာလေးလျှာလေးကြီး သူမနာမည်ကို ခေါ်နေသည်။

သည်လူနှင့် လက်ထပ်ခဲ့ရသည်က ရက်ပင်မကူးသေး။ ကျေး သူ့အပေါ် စိတ်ဆိုးဒေါသဖြစ်ရတာနှင့်ပင် မြန်မြန်အသက်တိုနိုင်သည်။

မဖြစ်သေးပါ။ သည်ပုံစံအတိုင်း သည်လူနှင့် ရှေ့ဆက်သွားဖို့ဆိုတာ ကျေး ဘယ်လိုမှ ဖြစ်လိမ့်မည်မဟုတ်ပါ။

ထိုစဉ်…

"ဟေး…ကျေး ကျုပ်ခေါ်နေတာ ကြားလား၊ ကြားရင် တံခါးဖွင့်ပါဦး၊ ကိုယ့်ယောက်ျားတစ်ယောက်လုံး ပြန်လာတာကိုတောင် မစောင့်ဘဲ အိပ်နေတဲ့မိန်းမ"

"အို"





သူ့အသံကျယ်ကြီးနဲ့ အော်နေတာ ဘေးတိုက်တွေကြားပါက ရှက်စရာကောင်းသည်။

ကျေး စိတ်ရှုပ်ထွေးစွာ အိပ်ရာပေါ်မှ အမြန်ဆင်းကာ အခန်းတံခါးကို သွားဖွင့်ပေးလိုက်သည်။

"ကျေး"

အခန်းတံခါးဖွင့်သံနှင့်အတူ အခန်းဝတွင် မားခနဲပေါ်လာရသည့် ကျေး၏ မှုန်တည်တင်းနေသော မျက်နှာလှလှလေးကိုကြည့်ပြီး နိုင်ကမ္ဘာ သူမနာမည်လေးကို ခေါ်လိုက်သည်။

"ရှင်…ဒါ ဘာပုံစံလဲ ဦးနိုင်ကမ္ဘာ"

"ဟင်…ဘာလဲ၊ မင်း ဘာကိုပြောတာလဲ ကျေး"

နိုင်ကမ္ဘာပြောရင်းက အခန်းဝတွင် ပိတ်ရပ်နေသည့် ကျေးကိုယ်လေးကို တွန်းတိုက်ကာ အခန်းထဲသို့ ဝင်လာသည်။

ကျေးမှာ သူ့အနားက ဖြတ်သွားသည့် ဦးနိုင်ကမ္ဘာထံမှ ထောင်းခနဲ ကျန်ခဲ့သည့် အရက်နံ့ကြောင့် နှာခေါင်းလေးရှုံ့သွားရကာ…

"ရှင် အရက်တွေသောက်လာတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဟုတ်တယ်လေဗျာ၊ ကျုပ်အဖြစ်ကို ကျုပ် သူငယ်ချင်း အပေါင်းအသင်းတွေ အလယ်မှာ ဖွင့်မပြောရဲလောက်တဲ့အဖြစ်မို့ ကျုပ် စိတ်ညစ်ညစ်နဲ့ အရက်သောက်လာမိတာ၊ ကျုပ်ကို မင်း အပြစ်ပြောဦးမလို့လား"

အရက်ရှိန်ကြောင့် သူ့မျက်ဝန်းအစုံမှာ ရီဝေဝေနှင့် နီရဲနေရကာ သူ့အဖြစ်ကို သူ စိတ်နာသလိုပြောနေသော သူ့ကြောင့် ကျေး စိတ်ပျက်သွားသည်။

"ဘာလဲ..ရှင် ကျွန်မကို လက်ထပ်လိုက်ရလို့ နောင်တရနေပြီလား၊ ကျွန်မပြောသားပဲ ရှင် ကျွန်မကို လက်ထပ်ခဲ့တဲ့အတွက် တစ်နေ့ ရှင် နောင်တရလိမ့်မယ်ဆိုတာ"

"မင်းကို လက်ထပ်ခဲ့တဲ့အတွက် ကျုပ် နောင်တရနေပြီလို့ မင်းထင်နေတယ်ပေါ့"

"ဘာလဲ…မဟုတ်ဘူးလို့ ရှင် ငြင်းချင်သေးလို့လား"

"ငြင်းချင်တာမဟုတ်ဘူး၊ မင်းစကားကို ကျုပ် ငြင်းကို ငြင်းနေတာ၊ ကျုပ်ဘဝမှာ နောင်တဆိုတာမရှိဘူး၊ ဘယ်ဝေ့ဘ်မှလည်း ရှိလာမှာမဟုတ်ဘူး"

စိုး၊မိုး၊စာပေ



"ရှင် အပြောမကြီးပါနဲ့ဦးလေ၊ ရှင့်အတွက် အချိန်တွေ အများကြီး ကျန်ပါသေးတယ်"

"အဟွန်း…ဟွန်း မင်းက ကျုပ်ကို စိန်ခေါ်နေတာလား ကျေး"

"ရှင့်အတွက် နောင်တဆိုတဲ့စကား ကျန်နေမှာစိုးလို့ ကျွန်မ ပြောတာ"

"ကျုပ်အတွက် ခုလိုသတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်ဆိုတဲ့ ကျုပ်ကလည်း ကိုယ့်ကို စိန်ခေါ်လာရင် နောက်မဆုတ်တတ်တဲ့ လူဆိုတာ မင်းမှတ်ထား"

ကိုယ်စီမာနအတွက် စိန်ခေါ်မှုများနှင့် တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေး အိမ်ထောင်ရေးကို လောင်းကြေးတစ်ခုလို သဘောထားကာ သွေးအေးစွာ ယှဉ်ပြိုင်နေကြသော သူတို့နှစ်ဦးမှာ မာနကိုယ်စီနှင့်။

"ကဲ…ကျုပ် အိပ်ချင်ပြီ၊ မင်းရဲ့စိန်ခေါ်မှုကို ကျုပ်မှတ်ထားပါ့မယ်၊ ဂွတ်နိုက်"

ပြောပြောဆိုဆို ကျေးအား စူးခနဲ တစ်ချက်စိုက်ကြည့်ရင်း

စိုး၊မိုး၊စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာခုတင်ကြီးထက်သို့ လျှောက်သွားတော့ ကျေးမှာ မျက်လုံးလေးပြူးကျယ်သွားရသလို စောစောက အိပ်ချင်မပြေ ဖြစ်နေရသောသူမစိတ်များသည်လည်း လွင့်ပြယ်သွားရကာ…

“ရှင်…နေဦး”

“ဘာလဲ၊ ပြောစရာရှိရင် မနက်မှဆက်ပြော၊ အခု ကျုပ်အရမ်းအိပ်ချင်နေပြီ”

“ဟင့်အင်း…ဒီစကားက မနက်ထိစောင့်ပြောလို့ ရတဲ့စကားမဟုတ်ဘူး၊ အခုပြောမှဖြစ်မှာ”

“ကျွတ်…မင်းကို ကျုပ် တောင်းပန်လို့မရဘူးလား၊ ကျုပ်အရမ်းအိပ်ချင်နေလို့ မင်းကိုတောင်းပန်နေတာ”

“ရှင် အိပ်ချင်သလို ကျွန်မလည်း အိပ်ချင်တာပဲ”

“အိပ်ချင်တာများ အိပ်ပေါ့ကွ၊ ဘာလဲ ကျုပ်ကိုစောင့်နေတာလား”

“အို”

အကြည့်တွေသာမက သူ့စကားကပါ အဓိပ္ပာယ် ဘာလိုလိုမို့ အပျိုစင် ကျေးခမျာ မျက်နှာလေးမထားတတ်အောင် ဖြစ်သွား

ဝိုး:မိုး:၁၁၄၈



သည်။

“ရှင်…ဘာစကားပြောတာလဲ၊ ရှင့်ကို ကျွန်မက ဘာကိစ္စ စောင့်နေရမှာလဲ”

“အဟွန်း…မသိဘူးလေဗျာ၊ မင်း အိပ်ချင်ရက်နဲ့ မအိပ်တော့ အိမ်ရှင်မကောင်းပီပီ ကျုပ်ကိုများ စောင့်နေတာလားလို့”

“ရှင့်ရဲ့ အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ကျွန်မ စိတ်မဝင်စားဘူး၊ ကျွန်မပြောချင်တာက ရှင်ဘယ်မှာ အိပ်မှာလဲဆိုတာ မေးမလို့ရှင့်”

ကျေးစကားကြောင့် နိုင်ကမ္ဘာ မျက်မှောင်ကြီး ခပ်ပြေပြေတွန့်သွားရကာ…

“ဘာလို့မေးတာလဲ၊ ဘာလဲ အမိက ကျုပ်အတွက်စိတ်ပူလို့လား”

“ဘာရှင့်၊ ကျွန်မက ဘာအတွက် ရှင့်ကိုစိတ်ပူရမှာလဲ”

“ဒါဆိုလည်း ဘာလို့မေးနေသေးလဲ၊ ကျုပ်ဘာသာဘယ်မှာအိပ်အိပ်ပေါ့”

သူကြားချင်သည့်စကားကို မကြားရ၍ စိတ်ဝယ် အလို

ဝိုး:မိုး:စ၁၃၀

www.burmeseclassic.com

www.burmeseclassic.com



မကျ မကျေနပ်သွားရသလိုမျိုး ရှုတည်တည်မျက်နှာထားကြီးနှင့် သူမအနားက ချာခနဲ လှည့်ထွက်ကာ မင်္ဂလာခုတင်ကြီးပေါ်သို့ လျှောက်သွားတော့…

“ရှင်…အဲဒီမှာအိပ်မှာလား”

“ဘာလဲကွာ…မေးပြန်ပြီ”

“ကျုပ် ဒီမှာအိပ်တော့ အမိ ဘာလုပ်မလို့လဲ”

“ရှင် ဒီအခန်းထဲမှာအိပ်ရင် ကျွန်မ တခြားနေရာမှာ သွားအိပ်မလို့ မေးနေတာရှင့်”

“ဘာလို့ တခြားနေရာမှာ သွားအိပ်မှာလဲ၊ မင်းလည်း ကျုပ်နဲ့အတူ ဒီမှာအိပ်”

“ဘာပြောတယ်”

“ရှင် လူကိုဘာမှတ်လို့ ဒီစကားပြောတာလဲ”

“မင်းနဲ့ကျုပ် အဲဒါတွေခက်တာပေါ့၊ မင်းကို ကျုပ်ပြောတာက မင်းနဲ့ကျုပ်က”

“အို…တော်…တော်၊ ရှင်ဘာမှမပြောနဲ့၊ ရှင်နဲ့စကားပြိုင်ပြောနေဖို့ အချိန်မဟုတ်ဘူး၊ ရှင်လည်း ရှင်ကြိုက်တဲ့နေရာမှာနေ၊





ကျွန်မလည်း ကျွန်မကြိုက်တဲ့နေရာမှာ နေမယ်၊ ဒါပဲ”

ကျေး မျက်နှာတည်တည်မှုန်မှုန်လေးနှင့် ပြောရင်းက မင်္ဂလာခုတင်ကြီးပေါ်မှ ခေါင်းအုံးနှင့် စောင်တစ်ထည်ကို ဆွဲယူကာ အခန်းထဲက လှည့်ထွက်မည်အလုပ်…

“နေဦး”

“အို”

“ရှင်”

အခန်းထဲက ထွက်ရန်ပြင်နေသော ကျေးလက်လေးတစ်ဖက်ကို နိုင်ကမ္ဘာ လှမ်းဆွဲထားလိုက်တာကြောင့် ကျေးကိုယ်လေးမှာ နိုင်ကမ္ဘာနောက်သို့ အရှိန်နှင့်ပါသွားရကာ သူမကိုယ်နွေးနွေးအိအိလေးမှာ နိုင်ကမ္ဘာရင်ခွင်ထဲသို့ လုံးလုံးလျားလျားကြီးရောက်ရှိသွားတော့၏။

ရုတ်တရက်မို့ နှစ်ဦးစလုံး မင်တက်သွားရကာ အတွေ့ထူးတွင် မူးမူးမေ့မေ့လေး ဖြစ်သွားကြသည်။

သို့သော် ထိုအဖြစ်က ခဏဆိုမှ ခဏလေးဖြစ်သည်။ ကျေးသည် အသိလေးဝင်လာရသည်နှင့် နိုင်ကမ္ဘာ ရင်ခွင်ကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲက ချက်ချင်း ဖွတ်တိုးရှန်းထွက်ပစ်လိုက်သည်။

''ဖယ်…လွှတ်၊ ရှင် ကျွန်မအသားကို မထိနဲ့''

ပြောရင်းက ကျေး သူ့ရင်ခွင်ထဲက ရှန်းထွက်လိုက်ပေမယ့် သူမကိုယ်လေးမှာ နိုင်ကမ္ဘာ ရင်ခွင်ထဲက မလွတ်။

ပို၍ပင် တင်းကြပ်သွားရပြီး…

''မင်းကိုပြောစရာရှိတယ်''

''ပြောစရာရှိရင် ပါးစပ်နဲ့ပြော၊ လူကို ထိလားကိုင်လား လုပ်စရာမလိုဘူးသိလား၊ ဖယ်…လွှတ်''

''အဟွန်း…မင်းက ဘာအားကိုးနဲ့ ပြောတာလဲ၊ မင်းက ကျုပ်လက်ထပ်ထားတဲ့ မိန်းမ၊ ကျုပ်မိန်းမကို ကျုပ် ထိချင်ထိမယ်၊ ကိုင်ချင်ကိုင်မယ်၊ ကျုပ်သဘောပါ''

''ရှင်…ဒါဘာစကားလဲ''

''အမှန်စကားတွေ ကျုပ်ပြောနေတာ''

''ကဲ…အဲဒါမှန်ဦး''

''ဖတ်''

''ကျုပ်ကို အဲလိုလုပ်လို့မရဘူး အမိ၊ ကျုပ်ဘဝမှာ ကျုပ်

ဝိုးမိုးစာ၁၆ပ



ပါးကို ဘယ်မိန်းမမှ ရိုက်ခွင့်မရှိဘူး၊ ခွင့်လည်း မပြုနိုင်ဘူး၊ နောက်တစ်ခါ မင်း ကျုပ်ကို ဒီလိုမျိုးဆက်ဆံဖို့ မကြိုးစားနဲ့''

လေမှာပျံ့ဝဲလာသည့် ကျေး လက်လေးတစ်ဖက်ကို နိုင်ကမ္ဘာ ခပ်တင်းတင်း ဆုပ်ကိုင်ရင်းက ထိုစကားများကို တလေးတနက် ဆိုလိုက်ခြင်းဖြစ်သည်။

''လွှတ်…ရှင် ကျွန်မကို လွှတ်ဆိုနော်''

''လွှတ်မယ်၊ ကျုပ်ပြောတာကို အေးအေးဆေးဆေး နားထောင်''

''ရှင် လူကိုလာပြီး အမိန့်မပေးပါနဲ့''

''အမိန့်ပေးတာ မဟုတ်ဘူးကွ၊ မင်းယောကျ်ားက မင်းကို ပြောနေတာ''

''ဘာယောကျ်ားလဲ၊ ရှင့်ကို ကျွန်မယောကျ်ားအဖြစ် အသိအမှတ်မပြုဘူးလို့ ပြောပြီးပြီမဟုတ်လား''

''မပြောနဲ့၊ အဲဒီစကား မင်းမပြောနဲ့၊ ကျုပ် မကြားချင်ဘူး၊ မင်းစကားက ကျုပ်ရဲ့ မာနနဲ့သိက္ခာကို ဘယ်လောက်လာထိတယ်ဆိုတာ မင်းသိလား''

ဝိုးမိုးစာ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ သိလည်းမသိချင်ဘူး၊ ကျွန်မသိတာ ရှင် ကျွန်မလက်ကို ခုလွှတ်"

"မလွှတ်ဘူးဆိုရင်ရော"

"အို"

သူ့အသားနှင့် ထိရမှာကိုပင် ကဲကဲဆတ်ဟန်လေးနှင့် ရှိလွန်းနေရသော ကျေးကို နိုင်ကမ္ဘာ စူးရှသောအကြည့်စူးစူးကြီး များဖြင့် စိုက်ကြည့်ရင်း ပြောလိုက်တော့ ကျေးမျက်နှာလေး ပျက်သွားသည်။

ထို့အတူ သူ့ထံမှ သူမ တစ်ခါမှ မမြင်မတွေ့ အကြည့် စူးစူးကြီးများနှင့်အတူ ညအချိန် တစ်ခန်းထဲမှာ သူနှင့်သူမ နှစ်ယောက်တည်းပါလားဆိုသော အသိကြောင့်လည်း ကျေး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ရှင်နော်…လွှတ်ဆို"

ကျေးအသံလေးမှာ စိတ်လှုပ်ရှားရလွန်းသောကြောင့် အသံ လေးများပင် သိသိသာသာ တုန်ခါလာသည်။

ဒါကို သတိထားမိသည့် နိုင်ကမ္ဘာမှာ သူထင်တာထက်

ခိုး၊မို့၊၀၁၆ပ



ပို၍ရိုးသားဖြူစင် အပြစ်ကင်းစင်လွန်းသည့် ကျေးကို ရီဝေသော မျက်ဝန်းများဖြင့် ခပ်စိုက်စိုက်ကြည့်ရင်းက သူမအဖြစ်ကို သဘော တကျနှင့် ရင်မှာ ကျိတ်ပြုံးလိုက်မိ၏။ အပြင်ပန်း သူ့ပုံစံ၊ သူ့မျက်နှာ ထားကတော့ မှုန်တည်တည် ခက်ထန်ထန်ရှိနေသည်။

သူ့ရင်ထဲမှာတော့ ကျေးမျက်နှာလှလှလေးကို ကြည့်ပြီး ရင်မှာ တစ်မျိုး ဘာလိုလိုကြီး ခံစားလာရသည်။

ဒါကလည်း အခုမှမဟုတ်ပါ။ ကျေးဆိုတဲ့သူမကို သူ မြင်မြင်ချင်းမှာပင် သူ ထိုသို့ ခံစားလိုက်ခဲ့ရတာဖြစ်သည်။

ဟင်း…။

နိုင်ကမ္ဘာ သက်မမောတစ်ချက်ကို ချလိုက်သည်။ ထို့နောက် သူမ မျက်နှာလှလှလေးထံ ရောက်ရှိနေရသည့် သူ့ အကြည့်စူးစူးကြီးများ လွှဲယူလိုက်ရင်းက…

"ကျေး"

ကျေး မထူးပါ။

သူ့ခေါ်သံကို မကြားသလို မျက်နှာလေးကို တခြား ကစ်ဖက်သို့ လွှဲနေတော့ နိုင်ကမ္ဘာ မချင့်မရဲဖြစ်သွားသည်။

ခိုး၊မို့၊၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



""ကျေး""

ထိုအချိန်ထိ ကျေး သူ့ခေါ်သံကို အသိအမှတ်မပြု။

လူဖြောင့်စိတ်တိုသမား စိတ်မရှည်တော့သလို ကျေးအား စိုက်ခနဲ တစ်ချက်ကြည့်ရင်းက

""ကျုပ် ခေါ်နေတာ မင်း မထူးဘူးနော်၊ မထူးရင် ထူးအောင် လုပ်ရမှာက ကျုပ် တာဝန်ပဲ၊ ပြီးမှ ကျုပ်ကို မင်း အဆိုးမပြောနဲ့""

""ရှင်နော်""

သူ့ခြိမ်းခြောက်စကားက ကျေးအတွက် ဘယ်လောက်များ အသုံးဝင်သွားရသည် မသိပါ။

ကျေးထံမှ 'ရှင်နော်' ဆိုသော အသံလေးနှင့်အတူ သူမ၏ မျက်ဝန်းနက်နက်နှင့် အကြည့်လေးများသည်လည်း သူ့ထံသို့ ဖျတ်ခနဲ ရောက်ရှိလာသည်။

""အဟွန်း ဟွန်း ဟွန်း""

နိုင်ကမ္ဘာ ကျေးအဖြစ်ကို ဘယ်လောက်ထိ သဘောကျ သွားရသည်မသိ။ ပါးချိုင့်ရာများ ထင်သည်အထိ ခပ်လွန့်လွန့်ရယ်





လိုက်သည်။

""ရှင် လူကို ဘာရယ်တာလဲ""

""သဘောကျလို့""

""ဖယ် ကျွန်မလက်ကို လွှတ်""

""လွှတ် ကျုပ်ပြောတာ နားထောင်""

""ဘာလဲ ဘာပြောမှာလဲ၊ ပြောစရာရှိတာ မြန်မြန်ပြော""

""ကျွန်မ တစ်နေကုန် ပင်ပန်းထားတာ၊ နားချင်ပြီ""

အကြည့်ဆတ်ခနဲလွှဲကာ ပြောလိုက်သည့် ကျေးကြောင့် နိုင်ကမ္ဘာ အခံရခက်သွားရပေမယ့် ရှိစေတော့ဆိုသည့်စိတ်နှင့် အလျှော့ပေးကာ သူ့စကားကို ဆက်လိုက်သည်။

""မင်းနဲ့ကျုပ် အကြောင်းကို လူကြီးတွေမသိပါစေနဲ့၊ ကျုပ်တို့ကြောင့် လူကြီးတွေ စိတ်ဆင်းရဲမှာကို ကျုပ်မလိုလားဘူး၊ ဒီတော့ လူကြီးတွေ့ရှေ့မှာ မင်း ကျုပ်ကို အဆင်ပြေပြေ ဆက်ဆံပါ၊ ကျုပ်တို့နှစ်ယောက်ရဲ့ အဖြစ်မှန်ကို လူကြီးတွေမသိအောင် မင်း အထူး ဂရုစိုက် ပြောဆိုဆက်ဆံပါ""

""ရှင်ပြောချင်တာ ဒါပဲမို့လား၊ ဒါဆို ဖယ် လွှတ်""



www.burmeseclassic.com

www.burmeseclassic.com



ကျေး သူ့စကားကို ကောင်းသည်လည်းမပြော၊ ဆိုးသည်လည်းမပြော။ သူ့စကားဆုံးသည်နှင့် သူ့လက်ထဲက သူမ လက်ကလေးကို ရုန်းထွက်ယူကာ နေရာကထွက်ရန် ပြင်နေသည့် ကျေးမျက်နှာလှလှလေးကို ခပ်တွေတွေကြီး တစ်ချက်စိုက်ကြည့်ရင်းက

"နေဦး ပြောစရာ ကျန်သေးတယ်"

"ရှင့်စကားတွေက ဒီနေ့ ပြီးမှပြီးပါဦးမလား"

"ဟုတ်တယ်၊ မင်းနဲ့ကျုပ်အကြောင်းက ပြောရင်တော့ ပြောလို့ကုန်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကျုပ်ကိုယ်တိုင်ကလည်း မင်းလိုပဲ နားချင်နေတဲ့လူဆိုတော့ လိုရင်းပဲ ကျုပ်ပြောတော့မယ်၊ မင်း ဒီအခန်းထဲမှာ အိပ်ပါ"

"ရှင်နော်"

နိုင်ကမ္ဘာစကားကြောင့် အပျိုစင် ကျေးခမျာ မျက်နှာလေး တွတ်တွတ်ရဲသွားသည်။

"ကျုပ်စကားကို ဆုံးအောင်နားထောင်ဦးလေ၊ ကျုပ်ပြောတာက မင်း တခြားအခန်းမှာ သွားအိပ်ရင် မတော်လို့ အိမ်ကခိုင်းတဲ့ ကောင်မလေးတွေ တစ်ယောက်ယောက်ကမြင်ရင် ကျုပ်

စိုးမိုး ၀၁၄ပ



တို့အကြောင်း လူကြီးတွေနား ရောက်သွားမှာစိုးလို့ ပြောနေရတာ"

"ဟင်"

ကျေးမျက်နှာလှလှလေးထက် စဉ်းစားချင့်ချိန်မှု အရိပ်အယောင်များ ပြေးသွားသည်။

သူပြောတာလည်း ဟုတ်တော့ဟုတ်ပါသည်။ သို့သော် သူ့စကားကို ကျေး လက်မခံချင်။ လက်မခံချင်၍လည်း မရ။

သူတို့နှစ်ဦး၏အဖြစ်မှန်ကို လူကြီးများ သိသွားပါက နှစ်ဖက်မိဘများအားလုံး စိတ်ဆင်းရဲမည်က အမှန်ဖြစ်သည်။

ထိုအဖြစ်ကိုတော့ နှစ်ယောက်စလုံး အဖြစ်မခံနိုင်ကြပါ။

မိဘများ စိတ်ချမ်းသာမှုကို ဦးစားပေးကာ တစ်ယောက်နှင့်တစ်ယောက် မချစ်မနှစ်သက်ပါဘဲ လက်ထပ်ခဲ့ပြီးမှတော့ ဘာပဲဖြစ်ဖြစ် သူတို့ကြောင့် မိဘများ စိတ်ချမ်းသာမှုကိုသာ လိုလားပါသည်။

ထို့ကြောင့်လည်း ကံကိုသာ ပုံချရင်း သူတို့နှစ်ဦး၏အကြောင်းကို လူကြီးများမသိစေရန် အထူးသိုသိပ်ထားရမည်ကို နှစ်ဦးသား ကိုယ်စီ နားလည်လိုက်သည်။

□ □ □

စိုးမိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အိမ်ထောင်သက်လေးမှာ ဘာလိုလိုနှင့် ရက်လေးများ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလို့ လသို့ပင် တိုင်ခဲ့ပြီဖြစ်သည်။

ထိုရက်များအတွင်း ကျေးနှင့် ဦးနိုင်ကမ္ဘာတို့၏ ဆက်ဆံရေးအခြေအနေမှာလည်း တစ်ယောက်နှင့်တစ်ယောက် တင်းတင်းမာမာကြီးမဟုတ်တောင် ပြေပြေလည်လည်လည်း မရှိခဲ့ကြပေ။

တွေကစတည်းက နှစ်ဦးသား ဘုနှင့်ဘောက် ဖြစ်ခဲ့ရသော ဦးနိုင်ကမ္ဘာနှင့် ကျေးသည် တစ်မိုးအောက်မှာ အတူနေရက်လေးများ ကြာခဲ့ရပေမယ့် တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ဆိုင်၍မရခဲ့ပါ။

နှစ်ဦးသား မဆုံလိုက်နှင့်။ ဆုံလိုက်တာနှင့် ဦးနိုင်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျေးသည် အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးနှင့်ပတ်သက်ကာ ဘုဘောက်ဖြစ်နေရဆဲဖြစ်သည်။

ယခုလည်းကြည့်။

မင်္ဂလာဆောင်ပြီးကတည်းက အကြောင်းအမျိုးမျိုးကြောင့် မင်္ဂလာဟန်းနီးမွန်းခရီး မသွားရသေးသော ဦးနိုင်ကမ္ဘာနှင့် ကျေးကို နှစ်ဖက်မိဘများက ဟန်းနီးမွန်းထွက်ရန် ဆိုလာသောအခါ မိဘများ စကားကို မငြင်းဆန်နိုင်တော့ဘဲ ဟန်းနီးမွန်းသွားမည့်ကိစ္စကို မိဘများအား ကတိပေးလိုက်ရလေသည်။

မိဘများကို ကတိသာပေးလိုက်ရပေမယ့် ဘယ်နေရာ ဟန်းနီးမွန်းခရီး သွားမည်ဆိုတာကတော့ သူ ကျေးနှင့် မတိုင်ပင်ရသေးပါ။

သူ့အနေဖြင့်ကတော့ ယခုကိစ္စတွင် ကျေးဆန္ဒကိုသာ ဦးစားပေးချင်သည်မို့ ဟန်းနီးမွန်းနှင့်ပတ်သက်ကာ ကျေး ဘယ်သွားချင်သည်ဆိုတာကို မေးရန်အတွက် ကျေးရှိရာ တစ်ဖက်အခန်းဆီသို့ ကူးလာခဲ့လိုက်သည်။

ဖြစ်ချင်တော့ အကြောင်းတိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရ





ပေမည်။

တစ်ဖက်အခန်းမှ ထွက်လာသော ကျေးနှင့် ဦးနိုင်ကမ္ဘာသည် မမျှော်လင့်ပဲ အခန်းထောင့်တစ်နေရာတွင် မျက်နှာချင်းဆိုင် ရင်ချင်းအပ် ဆုံမိသွားသည်။

"အမေ့"

"အင့်"

"အို"

ဦးနိုင်ကမ္ဘာမှာ သူနှင့် တိုက်မိသဖြင့် ယိုင်ခနဲဖြစ်သွားရသော ကျေးကိုယ်လေးကို သူ့လက်အစုံနှင့် တင်းတင်းကြီး ထွေးပွေ့လိုက်ရသည်မို့ ကျေး တစ်ကိုယ်လုံးမှာ သူ့ရင်ခွင်ထဲတွင် ပိုင်ပိုင်ကြီးကျရောက်သွားသည်။

"လူတစ်ယောက်လုံး ထွက်လာတာကိုတောင် မမြင်ဘူးလား"

"မင်း ကျုပ်ကိုတော့ အပြစ်ပြောတယ်၊ မင်းကရော ကျုပ်လာတာ မမြင်ဘူးလား"

"အို မြင်မလား၊ လူက ဘယ်ချောင်က ထွက်လာတယ်



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲနဲ့၊ လူကို ရှင်က အပြစ်ပြန်ပြောရသေးတယ်"

ကျေး၏အနှောင့်မလွတ် အသွားမလွတ်သည့် စကားကြောင့် ဦးနိုင်ကမ္ဘာ မျက်မှောင်ကြီး တွန့်ခနဲဖြစ်သွားရကာ

"မင်း စကားပြောတာ ကြည့်ပြောနော်၊ ကျုပ်က ဘယ်ချောင်က ထွက်လာရမှာလဲ"

သူ့ကို ချောင်က ထွက်လာသည်ဟု ပြောရမလားဆိုကာ ရှူးရှူးရှားရှား ဖြစ်သွားရသော သူ့ကို ကျေးသည် မျက်စောင်းလေး ဝင့်ကြည့်ရင်းက…

"ဒါတော့ ရှင့်ကိုယ်ရှင် သိမှာပေါ့"

ကျေး၏ ထေ့စကားကြောင့် နိုင်ကမ္ဘာမှာ အခံရခက်ခက်ကြီးဖြစ်သွားရကာ

"မင်း ကျုပ်ကို စောစောစီးစီး ပြဿနာရှာနေတာလား"

"ကျွန်မက ရှင့်ကို ပြဿရှာတယ် ဟုတ်လား၊ စဉ်းစားလည်း ပြောပါဦးရှင်၊ ပြဿနာရှာတာက ရှင်လား ကျွန်မလားဆိုတာ"

သူ့အား ခပ်ရွဲ့ရွဲ့လေးပြောနေသော ကျေး၏ မှုန်ညက်ဝင်းစက်နေရသော ဝင်းပနုထွေးသည့် မျက်နှာလုလုလေးကို နိုင်ကမ္ဘာ မျက်ခုံးတွန့်လျက် စိုက်ကြည့်လိုက်သည်။

ကြည့်ရင်းက ရင်ထဲ ရင်ခုန်သံများ မြန်ဆန်လာသည်။

ကျေးနှင့် အကြည့်ချင်းဆုံလိုက်တိုင်းမှာ သူ့ရင်ထဲ ထိုကဲ့သို့ ထူးခြားသည့် ခံစားမှုများ အမြဲလို ခံစားရသည်က ဘာကြောင့်မှန်း သူကိုယ်သူမသိ။

သေချာတာ တစ်ခုကတော့ သူသည် ကျေးဆိုသည့် မိန်းမချောလေးကြောင့် ရင်ခုန်တတ်နေပြီဖြစ်သည်။

ယခုလည်း သူသည် တဒိတ်ဒိတ်ခုန်နေသည့် ရင်ခုန်သံများကို ထိန်းချုပ်ရင်းက ကျေး မျက်နှာလေးကို သူသည် ဘာမှမဖြစ်သလို တည်တည်စူးစူးကြည့်ရင်း…

"ကျုပ်လာတာ မင်းကို ပြဿနာရှာဖို့ မဟုတ်ဘူးကွ၊ မင်းကို မေးမလို့လာတာကွ"

"ဘာမေးမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်၊ ဖယ် ကျွန်မကို လွှတ်"

စကားသံနှင့်အတူ ကျေး သူ့ရင်ခွင်ထဲက သူမကိုယ်လေး





www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ဆတ်ဆတ် ရုန်းထွက်လိုက်သည်။

"ကျုပ်ကလည်း လွှတ်မလို့ပါပဲ"

"အမေ့"

"ရှင် ဘယ်လို လုပ်လိုက်တာလဲ"

လွှတ်မယ့်လွှတ်တော့လည်း ကျေးကိုယ်လေးကို ရင်ခွင်ထဲက ဆောင့်ခနဲ ဖြေလွှတ်လိုက်သူကြောင့် ကျေးကိုယ်လေးမှာ အထိန်းအချုပ်မရှိ ယိုင်ခနဲ ဖြစ်သွား၏။

"ရှင် သိပ်ရိုင်းတဲ့လူ၊ ကဲ ကဲ အဲဒါ ရိုင်းဦး၊ လူကို အနိုင့်ကျင့်ဦး၊ ဗိုလ်ကျဦး"

"ဗုန်း"

"ဗုန်း"

"ဘုတ်"

ကျေးမှာ လူဖြောင့်စိတ်တိုသမား နိုင်ကမ္ဘာကို သူမအပေါ် အနိုင်ယူရက်သူအဖြစ် ရက်ဒေါသလေးများ ဆတ်ဆတ်ခါလျက် နိုင်ကမ္ဘာရင်ဘတ်နှင့် လက်မောင်းကြီးများကို သူမလက်အစုံနှင့် တဖျတ်ဖျတ် ထုရိုက်ပစ်သည်။





"ရှင့်ကိုယ်ရှင် ဘာမှတ်နေလဲဟင်၊ ကျွန်မကို ရှင် ဒီလို မျိုး အနိုင်ကျင့်လို့ရမယ် ထင်နေလား၊ ရှင် အနိုင်ကျင့်တာကိုတော့ မခံဘူး၊ ရှင့်ကိုသာ ဟော့ဒီလို ဟော့ဒီလို အသေသတ်ပစ်မယ် သိလား၊ ကဲ ကဲ"

"ဗုန်း"

"ဘုတ်"

"ဘုတ်"

ပါးစပ်ကတင် ပြောရုံနှင့်အားမရ။ သူမလက်လေးအစုံကလည်း အားလေးထည့်ကာ သူ့ကိုယ်ကြီးကို အဆက်မပြတ် ထုရိုက်နေသည်မို့ ဦးနိုင်ကမ္ဘာမှာ ကြာတော့ စိတ်မရှည်နိုင်အောင် ဖြစ်လာရကာ

"မင်း တော်နော်"

"အို မတော်ဘူး၊ မတော်ဘူး၊ မတော်တော့ ရှင် ဘာလုပ်ချင်လဲ၊ ကဲ ကဲ"

ကျေး ဦးနိုင်ကမ္ဘာအပေါ် ဒေါသစိတ်များ လွှမ်းကဲနေရသည်မို့ မျက်စိထဲ ဘာမှမမြင်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသာ ကျေး ဒေါသတကြီးနှင့် တွန်းထိုးထုရိုက် ကုတ်ဆွဲနေသည်မှာ စိတ်ရှိလက်ရှိဖြစ်သည်။

"မင်းကို ကျူပ် တော်လို့ပြောနေတယ်"

"ရှင် ကျွန်မကို အော်စရာမလိုဘူး၊ မတော်တော့ ရှင် ဘာလုပ်ချင်လဲ၊ ကဲ"

သူမကိုယ်သူမ တကယ့် သူရဲကောင်းမလေး တစ်ယောက် သဖွယ် မျက်နှာလှလှလေးကိုပင် မော့ကာ ရင်လေးချီ စိန်ခေါ်နေ သော ကျေးကြောင့် နိုင်ကမ္ဘာ စိတ်တိုသွားရကာ ကျေးကို ပြောလို့ မရသည့်အတူတူ ဒေါသလည်း ဖြစ်လာရသည်နှင့် လုပ်မိလုပ်ရာ ရုတ်ခြည်းဆိုသလို ကျေးကိုယ်လေးကို သူနှင့် ရင်ချင်းဆွဲကပ်ပစ် လိုက်ပြီးနောက် တစ်ဆက်တည်းဆိုသလို သူ့အနမ်းများ ကျေးမျက် နှာလှလှလေးထပ်သို့ သဲသဲမဲမဲ ရွာချပစ်လိုက်သည်။

"အို"

"ရှင် ဘာလုပ်"

"ရှင်နော်"

"အို အို"





ကျေးတစ်ယောက် သည်ထက်ပို၍လည်း စကားမဆိုနိုင် တော့။

တင်းကျပ်လွန်းသည့် သူ့ရင်ခွင်ထဲ အပွေ့အဖက် အနမ်း အရှိုက်များကြားတွင် ကျေး အသက်ရှူများ မွန်းကျပ်မှားယွင်းသွား ရသောကြောင့်ဖြစ်သည်။

သူမကိုယ်လေးကို အားရှိသလောက် ရုန်းထွက်ပါသော် လည်း အချစ်မှိုင်းမိသွားရသော နိုင်ကမ္ဘာ ရင်ခွင်ထဲက ကျေး ရုန်းကန်နေမှုများသည် အချည်းနှီးဖြစ်သည်။

သူမက ရုန်းလေလေ သူမကို ပွေ့ဖက်ထားသည့် သူ့ အပွေ့အဖက်များက ပို၍ တင်းကျပ်လာလေလေမို့ ကျေး အသက်ရှူ များ မဝတော့။

"ရှင် လွှတ်ဆိုတာ၊ ကျွန်မ အသက်ရှူမဝတော့ဘူး သိလား၊ လွှတ်"

ကျေး ဘယ်လောက် ရုန်းကန်ဖယ်ရှားပြောနေပါစေ၊ သူမ ပြောစကားများ ကြားသည်လား။ မကြားသည်လား။ ဒါမှမဟုတ် ကြားရက်နှင့်ပင် တမင် မကြားချင်ယောင် ဆောင်နေသည်လား



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

ပါးပြင်ချင်း ပွတ်အတိုက်တွင် စိုလူးလာရသော မျက်ရည်စများကြောင့် ကျေးထံမှ မျက်ရည်များကို သတိထားမိသွားရကာ

''ကျေး''

''အဟင့် ဟင့် ဟင့်၊ ရှင် ကျွန်မကိုမခေါ်နဲ့၊ ဖယ်လွှတ်၊ ရှင့်ကို မုန်းတယ်၊ အဟင့် ဟင့်''

''ကျေးရယ်''

ပါးပြင်ထက်ဝယ် ရွှဲရွှဲစိုနေရသော မျက်ရည်စများဖြင့် သူ့ရင်ခွင်ထဲက ကိုယ်လေး လွန့်လူးရုန်းထွက်၍ သူ့အား အမုန်းစကား တွင်တွင်ဆိုနေသော ကျေးကြောင့် လွန်သွားရသည့် သူ့အဖြစ်ကို သူ သတိထားမိသွားရကာ

''ကိုယ် မင်းကို ဘယ်လို တောင်းပန်ရမလဲ၊ ကိုယ် မင်းအပေါ်မှာ သိပ်လွန်သွားမိပြီ၊ ကိုယ့်ကို ခွင့်လွှတ်ပါ''

အငိုမျက်နှာလှလှလေးကိုကြည့်ကာ သူ့အမှားများအတွက် သူ စိတ်မကောင်းခြင်းများစွာနှင့် တောင်းပန်စကားဆိုလိုက်သည်။

''ရှင် သွား၊ ရှင့်အသံကို မကြားချင်ဘူး၊ လူကို သိပ်





အနိုင်ကျင့်တဲ့လူ၊ သွား သွား၊ အဟင့် ဟင့်''

ကျေးမှာ နိုင်ကမ္ဘာ နမ်းရှိုက်သွားသည့် ပါးပြင်နှင့် နဖူးနုတ်ခမ်းလေးများကို လက်လေးနှင့် ပွတ်သုပ်ရင်းက မျက်ရည်စများ ပိုးပိုးပေါက်ပေါက်ကျလျက် ငိုရှိုက်ကာဆိုလိုက်သည်။

''သွားလေ၊ ရှင် ဘာလုပ်နေတာလဲ''

''ကျုပ်က ဘယ်ကိုသွားရမှာလဲ''

''မသိဘူး၊ ရှင် သွားချင်တဲ့နေရာသွား၊ ရှင့်မျက်နှာကို မမြင်ရရင်ပြီးရော''

''ကျုပ် သွားလို့မဖြစ်သေးဘူး၊ မင်းကို ကျုပ် ပြောစရာရှိသေးတယ်''

''မကြားချင်ဘူး၊ ရှင် ကျွန်မကို ဘာမှလာမပြောနဲ့၊ ရှင်မသွားရင် ကျွန်မသွားမယ်''

ပြောပြောဆိုဆို ကျေး ငိုရှိုက်ရင်းက သူ့ကိုယ်ကြီးကို သူမကိုယ်လေးနှင့် တွန်းတိုက်ကာ နေရာမှ ထွက်ရန်အလုပ်

''ဟိတ် နေဦး''

''အို ဖယ်''



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကမ္ဘာမှာ ကျေး သူ့အနားက ထွက်သွားမှာကိုစိုးရိမ်ကာ အကျင့်ပါနေသော သူ့လက်တစ်ဖက်က ကျေးလက်လေးကို ဖျတ်ခနဲ လှမ်းဆွဲလိုက်၏။ ကျေးသည် သူ့လက်ထဲက သူမလက်ကလေးကို ရုန်းဖယ်ပစ်လိုက်ပြီး

"ပြောစရာရှိရင် ပါးစပ်နဲ့ပြော၊ လူကို လက်ပါစရာမလိုဘူး"

"အဟွန်း ဟွန်း"

ကျေး ပြောလည်းပြောစရာ။ တဆိတ်ရှိ ကျေးလက်ကလေးကိုသာ သွား သွားဆွဲနေတတ်သည့် သူ့အကျင့်ကြောင့် သူ့အဖြစ်ကို သဘောကျကာ ကျေး မျက်နှာလေးကို ငေးစိုက်ကြည့်ရင်းက ခပ်လွန့်လွန့်ရယ်လိုက်ပြီး

"ဆောရီး၊ ကျုပ်က မင်းထွက်သွားမှာစိုးရိမ်ပြီး တားလိုက်တာပါ"

"အို ကျွန်မဘာသာ ဘယ်ထွက်သွားသွားပေါ့၊ ရှင့်အလုပ်လား"

"အရင်တုန်းက ကျုပ်အလုပ် မဟုတ်ပေမယ့် အခုတော့





ကျုပ်အလုပ်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကျုပ်ဇနီးဖြစ်နေလို့"

"ဟင် ရှင် ပြောပြန်ပြီလား ဒီစကား၊ ဘာရှင့်ဇနီးလဲ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး"

ကျေးမှာ ထိုစကားကို နီရဲတောက်ပနေသည့် ရှက်မျက်နှာလှလှလေးနှင့် အကြောက်အကန်လေး ငြင်းဆိုလိုက်သည်။

သူမက သည်လိုငြင်းလေလေ၊ နိုင်ကမ္ဘာ ပို၍ မခံချင်လေဖြစ်ရကာ

"ဘာဖြစ်လို့ အဖြစ်မှန်ကို မင်း ငြင်းနေတာလဲ"

"မင်းနဲ့ကျုပ်က တရားဝင်ဇနီးမောင်နှံဆိုတာ မင်း ဘယ်လိုမှ ငြင်းလို့မရဘူး၊ ငြင်းဖို့လည်း မကြိုးစားနဲ့"

နိုင်ကမ္ဘာသည် ကျေးအား အကြည့်စူးစူးလေးများဖြင့် စူးစိုက်ကြည့်ရင်းက ထိုစကားများကို တစ်လုံးချင်း တည်ငြိမ်စွာ ဆိုလိုက်သည်။

"ရှင် ငြင်းလို့မရပေမယ့် ကျွန်မ ငြင်းမယ်၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ အဲဒါဟာ အခုရော နောင်ရောပဲ"

"ကျုပ် မင်းစကား နားထောင်နေတာ အကောင်းမှတ်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့၊ မင်း ဘယ်လောက်ငြင်းငြင်း မင်းဟာ ကျုပ်ဇနီး''

''မင်းဟာ နိုင်ကမ္ဘာရဲ့ ဇနီးမယားအဖြစ် ကျုပ်ဘေးမှာ တစ်သက်လုံး ရှိနေရမယ်၊ အဲဒီအဖြစ်ဟာ ခုရောနောင့်ရော မင်းနဲ့ ကျုပ်ကြားမှာ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဘူး''

အဖြစ်မှန်ကို ငြင်းဆန်ရပါ့မလားဆိုသည့်စိတ်နှင့် ကျေး အား မချင့်မရဲ သူ ဆိုလိုက်သလို ကျေးသည်လည်း မှန်နေတာကို သိပေမယ့်လည်း သူမ၏ ပင်ကိုယ်စိတ်ခံလေးအတိုင်း သူ့ကို အရှုံးမပေးချင်ရသည်မို့

''ရှင် ဒါတွေပြောနေစရာ မလိုဘူး''

''ဖယ်''

လှပသော မျက်နှာနီနီလေးနှင့် ကျေး စိတ်ဆိုးဒေါသဖြစ်စွာ နိုင်ကမ္ဘာကို သူမရှေ့ ဖယ်ခိုင်းလိုက်သည်။

သို့သော်

နိုင်ကမ္ဘာက နေရာမှ နည်းနည်းလေးမျှ မရွှေ့။ ကျေး၏ မှုန်ညက်ဝင်းစက်နေသော မျက်နှာလှလှလေးကို တည်ငြိမ်အေးစက်သော အကြည့်များနှင့်ကြည့်ရင်း





''ကျုပ်တို့နှစ်ယောက်ကို လူကြီးတွေက ဟန်းနီးမွန်းထွက်ဖို့ ပြောနေတယ်''

''ကျွန်မ ဘယ်မှမသွားချင်ဘူး''

ကျေး သူ့အားမကြည့်ဘဲ အကြည့်များလွှဲထားရင်းက ဆိုလိုက်သည်။

''မင်းလိုပဲ ကျုပ်လည်း ဘယ်မှ မသွားချင်ဘူး၊ မသွားချင်လို့လည်း လူကြီးတွေကို ကျုပ် အတန်တန်ငြင်းပြီးပြီ၊ ဒါပေမဲ့ မင်းမိဘရော ကျုပ်မိဘကပါ ဟန်းနီးမွန်းခရီးကို မသွားမဖြစ် သွားရမယ်လို့ ပြောလာလို့ ကျုပ်က မင်း ဘယ်များသွားချင်လဲလို့ လာမေးတာ''

''ရှင်နဲ့ဆို ကျွန်မ ဘယ်ကိုမှမသွားဘူး''

ကျေးစကားကြောင့် နိုင်ကမ္ဘာရင်မှာ အောင့်သက်သက်ကြီးဖြစ်သွားသော်လည်း သူ့မျက်နှာကိုတော့ တစ်ချက်မှ အပျက်မခံပါ။ ဘာမှမဖြစ်သည့်ဟန်နှင့်

''ပြောသာ ပြောရတာပါ၊ ဒီနေရာမှာ ကိုယ့်ချစ်သူနဲ့ အတူသွားရမယ်ဆိုရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မလဲ မသိဘူး"

ကျေးကို ပြောတာမဟုတ်သလို အကြည့်များကို အဝေး တစ်နေရာသို့ပို့ရင်းက ချစ်သူကို တမ်းတသလို ဆိုနေသည့် သူ့ကို ကျေး မခံချင်။

"ရှင့်ချစ်သူကို အဲလောက် တမ်းနေမယ့်အစား ဟန်းနီး မွန်းမှာ ရှင့်ချစ်သူကို ခေါ်သွားပါလား"

"မင်းပြောသလောက်လွယ်ရင် ကျုပ် မင်းကိုတောင် လက်ထပ်ဖြစ်မှာမဟုတ်"

နိုင်ကမ္ဘာစကားကြောင့် ကျေးသည် နားမလည်သလို မျက်ခုံးလှလှလေးကို အတွန့်ချိုးလိုက်ရင်းက

"ရှင် ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ"

"ဟင်"

"မင်းစဉ်းစားရမှာက ကျုပ်နဲ့အတူ ဟန်းနီးမွန်းခရီးကို မင်း ဘယ်သွားချင်လဲဆိုတာ စဉ်းစားထားဖို့ပဲ၊ မသွားဘူးလို့တော့ မငြင်းနဲ့နော်၊ ကျုပ် လူကြီးတွေကို သွားမယ့်အကြောင်း





ကတိပေးထားပြီးပြီ၊ ဒါကြောင့် ဒီရက်အတွင်းမှာ သွားဖို့ပြင်ဆင် ထားပါ"

"ရှင့်ဘာသာ လူကြီးတွေကို ကတိပေးထားတာတော့ ကျွန်မလည်း မတတ်နိုင်ဘူး၊ ကျွန်မကတော့ ဘယ်ဟန်းနီးမွန်းကို မှ မသွားဘူး"

"ရမယ်ထင်ရင် မင်း လုပ်ကြည့်ပေါ့၊ ကျုပ်က စကားကို ရှည်ရှည်ဝေးဝေး ပြောတတ်တဲ့လူ မဟုတ်ဘူး၊ ဒီတော့ ကျုပ် ဘာလုပ်မလဲဆိုတာ အဲဒီအချိန် မင်း စောင့်ကြည့်"

"ကျွန်မ ရှင်ခြိမ်းခြောက်တာကို ကြောက်မယ်လို့များ ရှင်ထင်နေလား"

"ကောင်းပြီ"

"အဲဒီအချိန်ကျရင်သာ ကျုပ်ကို မင်း ကြောက်ပါပြီလို့ မပြောမိစေနဲ့"

မခံချင်စိတ်နှင့် စကားကို အနိုင်လုပြောလိုက်ရပေမယ့် ကြည်တင်းလွန်းသော မျက်နှာနှင့် သူ့စကားကြောင့် ကျေး သူ့ကို ရင်မှာ လန့်သလို ရှိနေရသည်ကား အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သိအောင်လည်းမပြောပါ။

စိတ်မထင်လျှင် မထင်သလို တဖွတ်ထိုးလုပ်တတ်သော သူ့အကြောင်းကို သိသင့်သလောက် သိထားရသော ကျေးမှာ တစ်ခုခုကို ဆုံးဖြတ်ထားသည့်နှယ် ရှိနေသော နိုင်ကမ္ဘာ မျက်နှာကြီးနှင့် သူ့ပုံစံကိုကြည့်ပြီး သူသည် ပြောရင်ပြောသလို လုပ်တော့မည်ဆိုတာကိုလည်း စိတ်မှာ သိနေသည်။

ကျေး သူ့ကို အရှုံးမပေးချင်။

ထို့ကြောင့် သူမမျက်နှာလှလှလေးကို ဆတ်ခနဲပင့်လိုက်ပြီး

"စိတ်ချ၊ ကျေးဘဝမှာ ကြောက်နေမယ့်သူဆိုတာ မရှိသေးဘူး"

"ကောင်းပြီလေ၊ မင်းဘက်က ဒီလောက် သေချာနေမှတော့ မင်းစကားကိုမင်း မမေ့ပါနဲ့၊ ကျုပ်ကတော့ ပြောရင်ပြောသလို လုပ်တတ်တဲ့သူမို့ နောက်မှ မင်း နောင်တမရဖို့ပဲ အရေးကြီးတယ်"

နိုင်ကမ္ဘာမှာ ကျေး၏ ထူးကဲလွန်းသော အလှများကို စူးရှသော အကြည့်များဖြင့် ခပ်စိုက်စိုက် တစ်ချက်ကြည့်ပြီး သူမ





နားမှ ကိုယ်ဟန်မတ်မတ်ဖြင့် လှည့်ထွက်သွားသည်။

မသွားခင် ကျေးကိုကြည့်သွားတဲ့ သူ့အကြည့်ထဲ ကျေးနားမလည်နိုင်သည့် အကြည့်များနှင့် အဓိပ္ပါယ်တစ်မျိုးဆောင်သွားသည်ကို ကျေး စိတ်မှာ အလိုလိုနားလည်လိုက်ရသည်က ဘာကြောင့်မှန်းမသိ။

မသွားချင်ပါ။ မလိုက်ချင်ပါဟု ဘယ်လိုပင် အကြောက်အကန် ငြင်းပါသော်လည်း နောက်ဆုံးမှာတော့ လူကြီးများ၏ တိုက်တွန်းမှုကြောင့် သူတို့နှစ်ဦး၏ မင်္ဂလာဟန်နီးမွန်းကို ငပလီအဖြစ် ရွေးချယ်ခဲ့ရ၏။ ထိုခရီးစဉ်ကို မဖြစ်မနေ သွားရမည့်ခရီးစဉ်အဖြစ် သတ်မှတ်ကာ စိတ်လက်မကြည်သာစွာနှင့်ပင် နိုင်ကမ္ဘာနှင့်အတူသွားရန် ပြင်ဆင်ခဲ့ရပါပြီ။

ကျေးမှာ ယခုခရီးစဉ်ကို သွားသာသွားရမည်။ စိတ်ကတော့ဖြင့် နည်းနည်းလေးမှ မပါသည်မို့ မျက်နှာလှလှလေးမှာ မှုန်မှုန်တင်းမာလျက် နှုတ်ခမ်းလေး တစူစူရှိနေရသည်။

သူမ မသွားချင်သည့်နေရာကို သူမ မုန်းလှပါသည်ဆိုသည့်လူနှင့် အတူသွားရမည်ဆိုသောအခါ စိတ်မှာ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်သာနိုင်။

သည်ခရီးစဉ်ကို သူနှင့်အတူ လိုက်ပါလာရခြင်းသည် သူ့ကို အရှုံးပေးလိုက်ရတာနှင့် အတူတူပင်။

သူကတော့ သူ့စကားအတိုင်း ကျေးကို သူနှင့်အတူ လိုက်ပါအောင် ခေါ်နိုင်ခဲ့ပြီမို့ အောင်နိုင်သူတစ်ယောက်ဖြစ်သည်။

"ဟွန့် သူကတော့ သူပြောတဲ့အတိုင်း ငါ့ကို မရအရ ခေါ်နိုင်ခဲ့ပြီမို့ သူ့ကိုယ်သူ သိပ်ကျေနပ်နေမှာပဲ၊ ပြောရင် ပြောသလို လုပ်တတ်တယ်ဆိုတဲ့ သူ့စကားအရတော့ သူပြောတဲ့အတိုင်း ဖြစ်နေရပြီ၊ ငါမှာ သူ့ကို လက်မထပ်ချင်ဘဲနဲ့လည်း လက်ထပ်ခဲ့ရ တယ်၊ ခု သူနဲ့လည်း ဒီခရီးစဉ်ကို မသွားချင်ပါဘူးဆိုရက်နဲ့ သွားရဦးမယ်"

"မုန်းတယ်၊ သိပ်မုန်းတယ် သိလား"

ခရီးသွားရန် အချိန်နီးကပ်နေပြီဖြစ်ပေမယ့် ကျေး ဘာမှ မပြင်ဆင်နိုင်သေး။

လှပသော မျက်နှာလေးကို ခပ်ရှင်းရှင်း ခပ်ပြောင်ပြောင် လေးထားလျက် မှန်တင်ခုံရှေ့တွင် ငူငူငိုင်ငိုင်လေး ထိုင်နေမိသည်။





သူနှင့်အတူ ဘယ်လိုမှ မသွားချင်။

သွားရ၍လည်း ပျော်စရာကောင်းမည်မဟုတ်။ မင်္ဂလာ ဟန်းနီးမွန်းခရီးဆိုတာက သူချစ်ကိုယ်ချစ် နှစ်ဦးကြည်ဖြူသည့် အချစ်များဖြင့် တစ်ဦးနှင့်တစ်ဦး ပျော်ပျော်ရွှင်ရွှင် သွားရသည့် ခရီးစဉ်မျိုးဖြစ်သည်။

ယခု သူနှင့်သူမကြားမှာ ထိုအပျော်တွေက ဘယ်မှာလာ ပြီး ရှိမှာတဲ့လဲ။ ပြဿနာဖြစ်ရသည်ကလည်း သူနှင့်သူမကြား အကြိမ်ကြိမ်ပင်။

ထိုသို့ ပြဿနာဖြစ်လို့ရယ်ဆိုပြီး သူနှင့် မတွေ့ရန် ရှောင် နေဖို့ဆိုတာကလည်း မဖြစ်ပြန်။

တစ်မိုးအောက်မှ အတူနေရသည့် သူနှင့်သူမသည် အကြောင်းအမျိုးမျိုးကြောင့် မပြောဖြစ်သည့် ကိစ္စများမှာ မျက်နှာ ချင်း ရှောင်လွှဲလို့မရ။ စကားကတော့ဖြင့် ပြောနေရသေးသည်။

တကယ်တော့ ကျေး သူနှင့် မျက်နှာချင်းမဆိုင်ချင်။ ဒါကို သူကလည်း ရိပ်မိပါသည်။

ခက်တာက သူမ သူ့ကို စကားပြောချင်သည်ဖြစ်စေ။



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်သည်ဖြစ်စေ သူ ပြောချင်သည့် ကိစ္စကိုတော့ ကျေးနှင့် မျက်နှာချင်းဆိုင်ကာ ပြောတတ်သည်။ ကျေး သူ့ကိုဘယ်လိုမှ ရှောင်လွှဲမရ။

ယခု သူနှင့်အတူ ငပလီကို ဟန်းနီးမွန်းအဖြစ် သွားရဦးမည်။ ကျေးမှ စိတ်မညစ်လျှင် ဘယ်သူ လာညစ်မှာတဲ့လဲ။

"ဟူး စိတ်ရှုပ်လိုက်တာနော်၊ သေသာသေပစ်ချင်တော့ တာပဲ"

ကျေးတစ်ယောက် စိတ်လက်မကြည်လင်သော အတွေးများဖြင့် သက်မတွေ ချနေသလောက် အောက်ထပ်တွင်ရှိနေသော နိုင်ကမ္ဘာမှာတော့ လက်ကနာရီကို တကြည့်ကြည့်နှင့်။ ယခုထက်တိုင် အပေါ်ထပ်မှ ဆင်းမလာသေးသော ကျေးကို စောင့်နေသည်။

ခရီးသွားရမည့် အချိန်ကလည်း လွန်စွာ နီးကပ်နေပြီ။

အခုချိန်ထိ ကျေး၏ အရိပ်အယောင်ကို မမြင်ရသေး။ သူ့မျက်နှာချောချောမှာ စိတ်အလိုမကျမှုတို့ဖြင့် မှုန်တည်တင်းမာလာသည်။

ခရီးသွားမည်ဆိုတာကို သိသိကြီးနှင့် ယခုထက်တိုင်





အပေါ်ထပ်မှ ဆင်းမလာသေး။

လက်ကနာရီကို တစ်ချက်ထပ်ကြည့်လိုက်သည်။

သည်အတိုင်း အချိန်ကုန်ခံနေ၍မဖြစ်။

သူ၏ အကြည့်များကလည်း အပေါ်ထပ် လှေကားဆီသို့ ရောက်သွားသည်။

မနေ့ကတည်းက သူမကို သေချာပြောထားသည်။ သည်နေ့မနက် ခရီးသွားရမည်မို့ လိုအပ်တာတွေအားလုံး ပြင်ဆင်ထားရန်ပြောခဲ့သည်။

သူ့မှာသာ ခရီးသွားရန် အားလုံး အသင့်ပြင်ဆင်ပြီး ဧည့်ခန်းထဲတွင်ထိုင်လျက် အပေါ်ထပ်မှ ကျေး ဆင်းအလာကို တမျှော်မျှော်နှင့် စောင့်နေသည်။ ကျေးက ဆင်းမလာသောအခါ နိုင်ကမ္ဘာ သည်းခံနိုင်မှု အတိုင်းအတာ ကုန်ဆုံးသွားသည်။

ထို့ကြောင့် နိုင်ကမ္ဘာသည် မျက်မှောင်ကြီး စုံတွန့်ရင်းက

"ပုမ ပုမ"

"ရှင်"

မီးဖိုခန်းထဲမှ ပုမ၏ ရှင်ဆိုသော အသံလေးက ခပ်စာ



www.burmeseclassic.com

www.burmeseclassic.com



စာလေး ထွက်ပေါ်လာရသည်။

"ရှင်ဆိုတာ နောက်ထားစမ်း"

"ရှင် ဟုတ်ကဲ့"

"ဟုတ်ကဲ့"

ပုမဆိုတဲ့ နာမည်နှင့်လိုက်အောင် ပုပုမည်းမည်း။ ပုမ နိုင်ကမ္ဘာရှေ့သို့ ခပ်ယို့ယို့လေး ရောက်ရှိလာသည်။

"အစ်ကိုလေး ကျွန်မကို ဘာခိုင်းမလို့လဲ"

"အပေါ်က နင့်မမလေးကို သွားပြောစမ်း၊ ခရီးသွားဖို့ အချိန်နီးနေပြီ၊ အမြန်ဆင်းခဲ့ပါလို့"

"ဟုတ်ကဲ့ အစ်ကိုလေး"

ပုမသည် သူ့ရှေ့က ခေါင်းလေးငုံ့ကာ အပေါ်ထပ်သို့ တက်သွားလေသည်။

"ဒေါက် ဒေါက်"

"မမလေး မမလေး"

"ဘာလဲ"

ကျေးက မှန်တင်ခုံရှေ့တွင် ယခုထက်တိုင် ပုံ့ပုံ့လေးထိုင်





နေဆဲ"

"မမလေး ပုမပါ"

"ဝင်ခဲ့၊ တံခါးဖွင့်ထားတယ်"

ပုမသည် အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်လာသည်။

"အစ်ကိုလေးက မှာလိုက်တယ် မမလေး၊ ခရီးသွားဖို့ အချိန်နီးနေလို့ မမလေးပြီးရင် ဆင်းခဲ့ပါတဲ့"

"နင့်အစ်ကိုလေးကို ပြောလိုက်၊ မမလေး ဘာမှမပြင် ဆင်ရသေးဘူးလို့၊ အဲဒါ စောင့်နိုင်ရင်လည်း စောင့်၊ မစောင့်နိုင်ရင် လည်း တစ်ယောက်တည်းသာ သွားတော့လို့"

"ဟုတ်ကဲ့"

ပုမက ကျေးပြောသည့် စကားကို သေချာမှတ်ပြီး အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

အမှန်တော့ ကျေးသည် သူမကိုယ်သူမကလွဲပြီး ခရီးသွား ရန်အတွက် ကျန်တာအားလုံး ပြင်ဆင်ထားပြီးပါပြီ။

နိုင်ကမ္ဘာကို တမင် စိတ်ကသိကအောက်ဖြစ်ရန် ထိုစကား များကို ပုမအား တမင်ပြောခိုင်းလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင်တော့ ပုမသည် ကျေး ပြောခိုင်းလိုက်သည့် စကားများကို နိုင်ကမ္ဘာအား တစ်ခွန်းမကျန် ပြန်၍ပြောလိုက်ရာ နိုင်ကမ္ဘာ ဒေါသများ ထောင်းခနဲဖြစ်သွားရပြီး ခြေလှမ်းကျဲကြီးများ တလွှားလွှားဖြင့် ကျေးရှိရာ အပေါ်ထပ်သို့ တက်သွားလိုက်ပြီး

“ကျေး”

“ဟင်”

“ရှင်”

ကျေးမှာ သူမအခန်းထဲသို့ မျက်နှာထားတည်တင်းခက်ထန်စွာ ရောက်ရှိလာသည့် နိုင်ကမ္ဘာကို တွေ့လိုက်ရသောကြောင့် သူမကိုယ်လေးသည်လည်း ထိုင်ရာမှ အလိုလိုထရပ်မိလျက်သား ဖြစ်သွားသည်။

“ရှင် ဘာဖြစ်လို့ ကျွန်မအခန်းထဲ ခွင့်မတောင်းဘဲ ဝင်လာရတာလဲ”

“ဒီမှာ အချိန်ကြည့်စမ်း အမိ၊ ခရီးသွားဖို့ အချိန်ဘယ်လောက်နီးနေပြီလဲ၊ မင်း ဒါဘာလုပ်နေတာလဲ”





နိုင်ကမ္ဘာ ကျေးမေးတာကို မဖြေ။ မျက်ခုံးထူထူကြီးနှစ်ဖက်ကို တွန့်ကြုတ်ထားရင်းက သူ့လက်မှ နာရီကို ကျေးရှေ့သို့ ထိုးပြရင်း ဒေါသဖြစ်စွာပြောလိုက်သည်။

ကျေးကလည်း နိုင်ကမ္ဘာကို မျက်နှာခပ်တည်တည်လေး ပြန်ကြည့်ရင်း

“ဘယ်အချိန်ရှိရှိ၊ ရှင့်ဘာသာရှင် သွား၊ ကျွန်မမလိုက်ဘူး”

“ဘာကွ”

“ရှင်နော် လူကို အော်စရာမလိုဘူး”

“ကျေး မင်း ကျုပ်ကို ဒေါသဖြစ်အောင် လုပ်နေတာလား”

“အို ရှင့်ကို ဘယ်သူက ဒေါသဖြစ်အောင်လုပ်နေလို့လဲ၊ ဒီခရီးကို ကျွန်မ မလိုက်ချင်လို့ မလိုက်ချင်တဲ့အကြောင်းပြောတာ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲကွ၊ ခု အားလုံးသွားဖို့ လာဖို့ စီစဉ်ပြီးလို့ သွားရမယ့်အချိန်တောင်နီးနေပြီ၊ ကျုပ် မင်းကို စောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာပြီလဲ၊ ဒီမှာ မင်းကို ကျုပ် ဘာမှ ရှည်ရှည်ဝေး ဝေး ပြောမနေချင်ဘူး"

"မင်းပစ္စည်းတွေ ကျုပ် အောက်ထပ်ယူသွားမယ်၊ ခဏနေ ပြင်ဆင်ပြီး မင်း ဆင်းလာခဲ့"

ပြောရင်းက နိုင်ကမ္ဘာသည် ကျေးအား တည်တည်စူးစူး တစ်ချက်စိုက်ကြည့်ကာ သူမ၏ ခရီးဆောင် အဝတ်အိတ်ကြီးကို ဆွဲယူလျက် အောက်ထပ်သို့ဆင်းသွားသည်။

ကျေးမှာ လူကို အမိန့်ပေးသလို လာပြောသွားသော နိုင်ကမ္ဘာအား မကျေနပ်။

"မပြင်ဘူး၊ မပြင်ဘူး၊ ရှင်နဲ့လည်း ဘယ်ကိုမှ မလိုက်ဘူး"

"ရှင့်ဘာသာရှင် တစ်ယောက်တည်းသွား"

စိတ်ထဲမှ ကျိတ်၍ ရန်တွေ့လိုက်သည်။

နိုင်ကမ္ဘာမှာ အောက်ထပ်တွင် အချိန်အတန်ကြာ ကျေးကို စောင့်နေပေမယ့် ကျေး ပေါ်မလာသည့်အခါ သူသည် တက် တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်း ကျေးအခန်းဆီသို့ နောက်





တစ်ကြိမ် ရောက်ရှိလာသည်။

သည်တစ်ခါတော့ နိုင်ကမ္ဘာ ဒေါသများသည် စောစော တုန်းကနှင့်မတူတော့။

သူ့ရင်ထဲ အရှိန်ပြင်းပြင်းနှင့် ပေါက်ကွဲတော့မည့် မီးတောင် ကြီးတစ်ခုလို ဒေါသတွေ အလုံးအရင်းနှင့် မျက်နှာမှာ နီမြန်းနေ သည်။

"ကြည့်စမ်း မင်းကို ကျုပ် ပြောခဲ့တာ အခုထိ မင်း ဘာမှမလုပ်သေးဘူး ဟုတ်လား"

"ကျွန်မ ရှင့်နောက် မလိုက်ဘူး"

"မင်း ကျုပ်ကို ဘာလို့ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာလဲ"

"ကျွန်မလုပ်တာ မဟုတ်ဘူး၊ ရှင် ကျွန်မကိုလုပ်နေတာ"

"တော်စမ်း၊ မင်းရဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေ ကျုပ် နားထောင်ဖို့လာတာမဟုတ်ဘူး"

"သွားပါလား ရှင့်ဘာသာရှင်"

"မင်းကို ကောင်းကောင်းပြောလို့ရရင် ရ၊ မရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့နည်းနဲ့ ကျုပ် မင်းကို ပွေ့ချီခေါ်သွားရလိမ့်မယ်"

"ရှင်နော်"

သည်လိုဆိုပြန်တော့လည်း ကျေးမှာ ထိတ်လန့်စိုးရိမ်စိတ်များ ဝိုင်းနေသော မျက်ဝန်းနက်ကြီးများနှင့် ကြည့်လာရင်းက သူမခြေလှမ်းလေးများက နောက်သို့ မသိမသာ ဆုတ်သွားသည်။

"ကဲ ဘယ်လိုလဲ၊ မင်းဘာသာမင်း လိုက်မှာလား၊ ကျုပ်ပွေ့ချီခေါ်သွားရမှာလား၊ အဲဒီနှစ်ခုတည်းက မင်းကြိုက်တာရွေး"

"ဟွန်း"

ကျေးမှာ သူ့စကားကြောင့် စိတ်ဝယ်ခံပြင်းမှုများနှင့် သူ့အားဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"မင်းကို ကျုပ် အချိန်ဆယ်မိနစ်ပေးမယ်"

"အဲဒီအချိန်အတွင်းမှာပြီးရင် မင်း ကျုပ် ပွေ့ချီတာခံချင်လို့ တမင်အချိန်ဆွဲတာလို့ မှတ်လိုက်မယ်"

"အို"

စကားလည်းအဆုံး လူကလည်း နေရာမှ ချာခနဲလှည့်ထွက်သွားသော နိုင်ကမ္ဘာ နောက်ကျောကြီးကို သူမ စိတ်ရှိ





သလောက် ထုရိုက်ပစ်လိုက်ချင်သည့် စိတ်ကို အတင်းမျိုသိပ်ထားလိုက်ရသည်။

သူမကို ပြောသွားလိုက်တာများ ပိုင်စိုးပိုင်နင်း လူကိုမှတပည့်လက်အောက်ငယ်သား တစ်ယောက်လို့များ မှတ်နေသည်လားမသိပါ။

စကားကို အကျောကြီးနှင့် ပြောသွားပုံက မုန်းစရာ။

ကျေးမှာ စိတ်ဝယ် အခံရခက်ခက်နှင့် မကျေနပ်ရပေမယ့် ထိုအတွေးက သူမကိုယ်ထဲ ကြာကြာကြီးတော့ဖြင့် ရှိမနေပါ။

နိုင်ကမ္ဘာ၏ ပြောရင်ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်သူမို့ အားမတန် မာန်လျှော့ရတော့ကား သူနှင့်အတူ သည်ခရီးကို လိုက်ပါဖို့အရေး အချိန်ဆယ်မိနစ်နှင့်ပြီးအောင် သူမကိုယ်သူမမှ အထူးတလည်ကြီး ပြင်ဆင်မနေတော့။ ရှည်လျားနက်မှောင်လှို့ ဆံနွယ်ရှည်ကြီးများကို သည်အတိုင်းဖြန့်ချကာ ကြည်ပြာနုလွှင် အသားပျော့ပျော့ဝတ်စုံ လက်ပြတ်ကိုယ်ကပ် ဝတ်စုံလေးထက်အောက်ဆင်တူ ဝတ်ဆင်လိုက်ပြီးနောက် မျက်နှာပြောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလေးကိုတော့ သည်အတိုင်းပဲထားကာ နှုတ်ခမ်းဖူးဖူးလေးကို လိမ္မော်ရောင် နှုတ်ခမ်းဆိုးဆေးလေး တင်လိုက်တာနှင့် ကျေးအလှက သူမတူအောင် ထူးထူးကဲကဲ လှပသွားသည်။

မှန်ထဲတွင် မြင်နေရသည့် သူမမျက်နှာလေးကို နောက်ဆုံးတစ်ချက်ကြည့်လိုက်ပြီး အခန်းထဲမှအထွက် နိုင်ကမ္ဘာသည်လည်း သူပြောသည့်အချိန် ဆယ်မိနစ် ပြည့်သွားသည်မို့ ကျေးအား ခေါ်ရန် အခန်းထဲသို့အဝင် အခန်းဝတွင် နှစ်ဦးသား မျက်နှာချင်းဆိုင်မိသွားသည်။

"ပြီးပြီလား"

"သိဘူး"

"အဟွန်း"

သူရယ်လိုက်သည်။

"သွားမယ်"

"ဟွန်း"

သူ့စကားကို ကျေး ဂရုမစိုက်။ မျက်စောင်းလှလှလေး ရွယ်ရင်းက သူ့ရှေ့ကနေ ထွက်လာခဲ့သည်။





ကျေးသည် သူ့အား စကားတစ်ခွန်းမှမဆို။ ထိုပုံစံနှင့်ပင် ကျေးသည် နိုင်ကမ္ဘာနှင့်အတူ ငပလီကို ရောက်ရှိခဲ့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သာယာလှိုက်မောဖွယ်ကောင်းသော ငပလီ၏ သဘာဝ အလှရှုခင်းသည် ရှင်ကို ကြည်လင်အေးမြစေမှုနှင့်အတူ ကမ်းစပ်သို့ ရိုက်ခတ်လာသည့် လှိုင်းပုတ်သံများကလည်း နားထောင်လို့ကောင်းသည့် သံစဉ်တစ်ခုလို ကြားရသူ နားဝမှာ ငြိမ့်ညောင်း သာယာစွာရှိနေသည်။

ငပလီကို ရောက်နေသည်မှာ အချိန် သုံးလေးရက်ပင် ရှိခဲ့ပြီဖြစ်သည်။

ထိုရက်များမှာ ကျော့ နိုင်ကမ္ဘာကို စကားတစ်ခွန်းမှ မဆိုဖြစ်ပါ။

ရန်ကုန်ကထွက်လာပါပြီဆိုကတည်းက နိုင်ကမ္ဘာအပေါ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးဒေါသ ဖြစ်ရလွန်းသောကြောင့် စကားမဆိုခဲ့သည်မှာ ငပလီကို ရောက်သည်အထိဖြစ်သည်။

တစ်ခန်းထဲမှာ နှစ်ယောက်အတူနေသည်ဆိုပေမယ့် ကိုယ့်ခုတင်နှင့်ကိုယ်မို့ အိပ်ရသည်မှာ ပြဿနာမရှိပေမယ့် ပြဿနာဖြစ်ရသည်က နိုင်ကမ္ဘာဖြစ်သည်။

နိုင်ကမ္ဘာ ငပလီရောက်ကတည်းက သူ့အား စကားတစ်ခွန်းမှမဆို။ မျက်နှာတည်တည် မှုန်မှုန်လေးဖြင့် သူမဘာသာ သူမ နေတတ်လွန်းသော ကျေးကြောင့် စိတ်မှာ မချင့်မရဲဖြစ်ရကာ သူ့ဘက်က သူမအား စကားမရှိ စကားရှာကာ ကြံဖန်လိုက်ပြောပေမယ့် ကျေးဆိုသည့် သူ၏ ချစ်ဇနီးချောလေးကတော့ သူ့အား ဘာဆိုဘာမှ စကားခွန်းတုံ့မပြန်သလို သူ့စကားများကိုလည်း မသိသလို မျက်နှာလေးနှင့် မကြားသလို မျက်နှာလေး လွှဲသွားတတ်သည်။

နိုင်ကမ္ဘာရင်မှာ ချစ်အသည်းယားစွာ အခံရခက်ဖြစ်သွားရပေမယ့် သူ ကျေးကို စိတ်မဆိုးရက်။

သူနှင့်အတူ သူမ မလိုက်ချင်သည့် ငပလီ သည်ခရီးစဉ်ကို သူမ လိုက်လာသည်ကိုပဲ သူမကို ကျေးဇူးတင်နေရသည်။





ကျေးသည် သူနှင့်အတူ ငပလီကို ရောက်ခဲ့ပေမယ့် ကျေးကို ရေထဲသို့ဆင်းရန် သူ တစ်ခါမှ ခေါ်လို့မရခဲ့ပါ။

သူ ဘယ်လောက်ခေါ်ခေါ် ကျေး သူနှင့်အတူ ရေထဲသို့ ဆင်းသည်ဆိုတာမရှိခဲ့။ သူ မရအရ ဇွတ်ခေါ်လွန်းလို့ သူနှင့် ရေစပ်ကို ဆင်းခဲ့သော်လည်း ရေထဲကိုတော့ဖြင့် မဆင်းပါ။ ကမ်းစပ်မှနေ သူ ရေကူးနေသည်ကိုသာ ထိုင်ကြည့်ရင်း တခြားလူများ ရေဆော့နေသည်ကိုသာ ငေးကြည့်နေတတ်သည်။

နိုင်ကမ္ဘာမှာ ချစ်ဇနီးချောကြောင့် သူ့ရင်မှာ ခံစားနေရသည်။

ငပလီကို ဇနီးမောင်နှံ အတူလာလို့မှ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးမနေရ။

ကျေးက သူ့အပေါ် သူစိမ်းဆန်ဆန်ရှိလွန်းသည်။ လင်ရယ်မယားရယ်လို့မှ တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ နွေးနွေးထွေးထွေးလည်းမရှိ။

စိမ်းလှဲ့သော မျက်ဝန်းလေးများဖြင့် သူ့အား ရန်သူကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို မျက်စောင်းလေး တချွယ်ချွယ်နှင့် ကြည့်တတ်သော ချစ်ဇနီးမိန်းမချောကို နိုင်ကမ္ဘာ ဘယ်လိုချဉ်းကပ်ရမှန်းပင် မသိ။

ကျေးကြောင့် သူ့ရင်မှာ မောခဲ့ရသည့်အဖြစ်က မနည်းတော့သလို ပင့်သက်များကို ကျိတ်ချခဲ့ရသည်ကလည်း အခါခါ။

သည်ပုံစံအတိုင်းဆိုပါက သူနှင့်ကျေးအခြေအနေသည် တိုးတက်လာဖွယ်မရှိ။ အခြေအနေက သည်ထက်ပို၍ ဆိုးဖွယ်ရာသာ ရှိတော့သည်။ နိုင်ကမ္ဘာ သူမနှင့် ပိုမိုနီးစပ်ရန် ကြံရတော့သည်။

သူ့အကြံအတိုင်း သည်နေ့တော့ဖြင့် သူ ရေထဲဆင်းသည့်အခါ ကျေးအား မရအံရခေါ်ရန် စိတ်မှာ တေးထားလိုက်သည်။

"ကျေး"

"ကျေး"

သူ ဘယ်လိုခေါ်ခေါ် သူ့ခေါ်သံကိုကြားပေမယ့် ကျေးသည် မထူး။ ပင်လယ်ပြင်ကို မျက်နှာမူထားသည့် ဘန်ဂလို၏ ဝရန်တာကိုမှီရပ်ရင်းက အဆုံးအစမရှိသော ရေပြင်ကျယ်ကျယ်နှင့်





ပင်လယ်ကြီးကိုသာ ငေးမောကြည့်နေသည်။ အနားတွင် သူရှိနေသည်လို့ပင် သူမ ထင်မှတ်ပုံမရ။

နိုင်ကမ္ဘာ ကျေး၏ ဥပေက္ခာပြုနိုင်မှုကြောင့် နှလုံးသားများ ဆစ်ခနဲ နာကျင်သွားသည်။ ရှိစေတော့ဆိုသည့် အတွေးစိတ်ဖြင့် နာကျင်မှုကို ရင်မှာ ကြိတ်မှိတ်မျိုသိပ်လိုက်၏။ ကျေး၏ အခြယ်အသ ကင်းစင်နေသော ဝင်းဖန့်နုထွေး ကြည်စင်နေသော မျက်နှာလှလှလေးကို စိုက်ခနဲကြည့်လိုက်ရင်းက

"ကျေး"

"ဘာလို့ လူကို ခဏခဏ ခေါ်နေရတာလဲ"

"နာမည်ကို ခေါ်မှတော့ ပြန်ထူးစေချင်လို့ပေါ့"

"ကျွန်မ ရှင်နဲ့ ဘာစကားမှမပြောချင်ဘူး"

"ကျုပ်က ပြောချင်တယ်"

"ကျေးနဲ့ကျုပ် ဒီငပလီကိုရောက်နေတာ ဘယ်နှရက်ရှိနေပြီလဲ"

"ဘာလဲ၊ အဲဒါပြောမလို့ ကျွန်မနာမည်ကိုခေါ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောချင်တာက ကျုပ်နဲ့အတူ ငပလီကို ရောက်နေပေမယ့် ဘာလို့ ကျုပ်နဲ့အတူ ရေထဲ မဆင်းတာလဲဆိုတာ ကျုပ်သိချင်လို့"

"ဒါများ မေးနေရသေးလား၊ မဆင်းမှတော့ မဆင်းချင်လို့ပေါ့"

"အဟွန်း ဟွန်း၊ အဖြေကတော့ ရှင်းပါ့ဗျာ၊ ဟိုမှာကြည့်စမ်းပါဦး၊ သူများတွေ ငပလီကိုလာပြီး ပျော်ပျော်ပါးပါး ရေဆင်းဆော့ကြတယ်၊ ကျုပ်မှာတော့ မင်းပါရက်နဲ့ တစ်ယောက်တည်း ရေထဲဆင်းရတယ်"

သူ့အဖြစ်ကို မချိသလိုမျိုး ပြောလိုက်သည့် နိုင်ကမ္ဘာစကားကို ကျေး မသိဟန်ဆောင်လိုက်သည်။

သူပြောသလို ညနေခင်း နေကျချိန်မို့ ရေထဲတွင် ဆော့ကစားနေသူ ရေကူးနေသူများက သူ့အုပ်စု သူ့အဖွဲ့နှင့်ရှိနေသည်မှာ မြင်နေရတာနှင့်ပင် ပျော်စရာဖြစ်သည်။

သူနှင့်အတူ ငပလီရောက်နေတာ သုံးလေးရက်ရှိပြီဖြစ်ပေမယ့် ရေထဲကို သူမ တစ်ခါမှ မဆင်းသေးပါ။ သူ ခေါ်ပြန်





ရင်လည်း အကြောင်းပြကာ ကျေး ဘန်ဂလိုမှာပင် ကျန်နေရစ်ခဲ့သူဖြစ်၏။

ဟန်းနီးမွန်းအဖြစ် ငပလီကို နှစ်ယောက်အတူလာပြီးမှ သူများနည်းတူ နှစ်ယောက်အတူ ပျော်ပျော်ပါးပါး လွတ်လပ်စွာနေချင်ပုံရသည်။

တကယ်တော့ ကျေးသည် သူ့နည်းတူ ရေမြင်တာနှင့် ဖျတ်ဖျတ်လူး ရေကစားချင်နေသူဖြစ်သည်။

ကျေးဆိုတာက ရေအလွန်ကြိုက်တဲ့ ရေသူမလေးဆိုတာ သူ သိပုံမရ။

သူ သိအောင်လည်း ကျေး ထုတ်ပြောလိမ့်မည်မဟုတ်။

သူ့အား မုန်းမုန်းနှင့် အမြင်ကတ်လှသည်မို့ တမင်ပင် သူ ဖြစ်စေချင်သည့် ဆန္ဒများကို ဂျစ်ကျကာ သူ့အား စိတ်အနှောင့်အယှက်ဖြစ်အောင် ဝာမင် အရွဲ့တိုက်နေချင်သူဖြစ်သည်။

သူ ယခုလို ပြောလာပြန်တော့လည်း ကျေး စိတ်ထဲ တစ်မျိုးတော့ဖြစ်သွားသည်။

သူ့ခမျာ ဇနီးသည် သူနှင့်အတူ လာပါလျက် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အထီးကျန်ဆန်ဆန် ရှိနေရခြင်းအဖြစ်က တွေးမိရင် စိတ်တော့ မကောင်းချင်စရာ။

ဒါပါပဲလေ။ မိခင်ဆန်သော မိန်းမသားတွေရဲ့စိတ်ဟာ နူးညံ့သိမ်မွေ့လွန်းသည်ဆိုတာ ကျေးလို စိတ်မာတတ်မျိုးကိုများ ပြောသည်လား မသိပါ။

"ကျေး ကျုပ်ပြောတာ ကြားလား"

"ရှင် ဘာပြောတာလဲ"

"အဟွန်း ဟွန်း၊ မင်း ကျုပ်စကားကို နည်းနည်းလေးမှ စိတ်မဝင်စားပါလား"

ကျေး မဖြေ။

ညို့မှိုင်းသွားရသော နိုင်ကမ္ဘာ၏ ယောကျ်ားပီသ ခန့်ထည် လွန်းသော မျက်နှာချောချောကိုကြည့်ပြီး ကျေး ငြိမ်နေလိုက်သည်။

တကယ်တော့ သူ ကျေးကို လက်ထပ်ရပ့ါမလားဆိုသည့် ကလေးဆန်သော အတွေးနှင့် သူမဘက်က တစ်ဖက်သတ် မုန်းတီး နေရပေမယ့် နိုင်ကမ္ဘာဆိုသည့် သူသည် အများအထင်ကြီး လေးစား ရသော ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်။





သည်လိုလူမျိုးကို ကျေး မထီမဲ့မြင် နာကြည်းမုန်းတီးရ သောစိတ်နှင့် အရွဲ့တိုက်ကာ ဂရုမပြု အလေးမထားလျစ်လျူရှုသည့် ပုံနှင့် ဆက်ဆံနေရပေမယ့် တစ်ချက်တစ်ချက်တော့လည်း ကျေး သူ၏ မြင့်မားလှသည့် ဂုဏ်အရှိန်ဝါ အဆင့်အတန်းကြောင့် စိတ်မှာ တစ်မျိုးတော့ဖြစ်သည်။

ယခုလည်း အတွေးများလွန်နေရသော ကျေးသည် သူ ဘာပြောသည်ကို ရုတ်တရက် မကြားလိုက်ပါ။

"ဒီနေ့တော့ ကျုပ်နဲ့အတူ ရေထဲဆင်းပါလား"

"ဟင့်အင်း ကျွန်မ ရေထဲမဆင်းချင်ဘူး"

ကျေးထံမှ ငြင်းဆန်လိုက်သံကြောင့် သူ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရေထဲ မဆင်းချင်လည်း ကျုပ်နဲ့အတူလိုက်လာပြီး ကမ်းစပ်မှာ မင်းစောင့်နေလေ၊ ရေကစားနေတဲ့ လူတွေကိုကြည့်ပြီး မင်း စိတ်ပြောင်းချင် ပြောင်းလာမလားလို့"

သူမကို တစ်နည်းမဟုတ် တစ်နည်းနှင့် ရအောင်ခေါ် နေသော သူ့ကြောင့် ကျေး သူ့ဆန္ဒကို မငြင်းချင်တော့ပါ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တ့ရားဝင်လက်ထပ်ထားသည့် ခင်ပွန်းသည်တစ်ယောက်၏ဆန္ဒကို ဇနီးသည်တစ်ယောက်အနေဖြင့် သည်လောက်တော့ ဖြည့်ဆည်းသင့်သည်ဟု ကျေး ထင်ပါသည်။

ထို့ကြောင့်လည်း ကျေး သူ့ဆန္ဒကို မငြင်းဆန်တော့ဘဲ

"ကောင်းပြီလေ၊ ကျွန်မ ရှင်နဲ့အတူ ကမ်းစပ်ကိုလိုက်ခဲ့မယ်"

ကျေးထံမှ အဖြေစကားကြောင့် ဝင်းပကြည်လင်သွားရသော နိုင်ကမ္ဘာမျက်နှာကိုကြည့်ပြီး ကျေး ရင်မှာ တစ်မျိုးကြီးဖြစ်သွားသည်။

ကျေးနှင့်သူ ပင်လယ်ကမ်းစပ်သို့ရောက်သည်။

"ကျေး"

"ရှင်"

"အဟွန်း"

ကျေး၏ထူးသံကို နိုင်ကမ္ဘာ သဘောကျသွားရသလိုမျိုး အပြုံးခပ်လွန့်လွန့်နှင့် ကျေးမျက်နှာလေးကို ကြည့်လိုက်သည်။

"ကျုပ် ရေထဲ ဆင်းလိုက်ဦးမယ်၊ ကျေး ဒီနားမှာ နေခဲ့မှာလား"

"အင်း"

သူမအားက သူ မြန်မြန်ထွက်သွားလျှင် ပြီးရောသဘောနှင့် သူ့စကားကို ခပ်မြန်မြန် ခေါင်းညိတ်ပြလိုက်တော့ နိုင်ကမ္ဘာ ကျေနပ်သွားသည်။

သူ ရေထဲသို့ဆင်းသွားတော့ ကျေးသည်လည်း ပင်လယ်ကမ်းစပ်တွင် ရေကစားနေသူများကိုကြည့်ကာ ရေထဲ လိုက်ဆင်းချင်စိတ်ကို အမြန်ပင် ဘရိတ်အုပ်ထားလိုက်ရသည်။

နိုင်ကမ္ဘာ ရေထဲတွင် ခေါက်တုံ့ခေါက်ပြန် ရေကူးနေရင်းက ကျေး အခြေအနေကို အကဲခတ်သလို လှမ်း၍ကြည့်နေသည်။

ရေသူမလေး ကျေးတစ်ယောက် ရေထဲကိုဆင်းချင်နေရပေမယ့် သူမကို အကဲခတ်သလိုကြည့်နေသော နိုင်ကမ္ဘာကြောင့် ကိုယ့်စိတ်ကို ကိုယ် ပြန်၍ ချုပ်ထိန်းကာ ရေကစားနေသူများကို ဥပေက္ခာပြုသလို အကြည့်လေးလွှဲလျက်က ကမ်းစပ်တလျှောက် ခရုလေးများကို ကောက်နေလိုက်သည်။

နိုင်ကမ္ဘာမှာ လူက ရေထဲဆင်းကာ ရေကူးနေရသော်



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အကြည့်များကတော့ ပင်လယ်ကမ်းစပ်တွင် ခရုလေးများ ကောက်နေသည့် ကျေးထံကိုသာ ရောက်ရှိနေသည်။

ညနေ နေရီရီအချိန်တွင် ရှည်လျားသော ဆံနွယ်ရှည်ကြီးများ လေမှာ တလွင့်လွင့်နှင့် ခရုလေးများကောက်နေသော မိန်းမချောသည် သူ၏ဇနီးသည်တဲ့လား။

သည်အသိက သူ့ရင်ထဲဝင်လာတော့ နိုင်ကမ္ဘာရင်ထဲ နွေးသွားသည်။ လှုပ်ရှားသွားသည်။

လှိုက်ခုန်ပူနွေးလာရသော ရင်ခုန်သံများကြောင့်လည်း နိုင်ကမ္ဘာ ရေထဲမှနေ သူမရှိရာ ကမ်းစပ်ဆီသို့ လျှောက်လာကာ

"ကျေး"

"ဟင်"

"အမေ့"

"အို ရှင်နော် ဘာလုပ်တာလဲ၊ ဖယ် ဖယ်၊ လွှတ် လွှတ်ပါ"

ခရုကောက်နေသော ကျေးကိုယ်လေးကို ရုတ်တရက် ကလေးတစ်ယောက်လို တင်းတင်းလေး ပွေ့ချီယူကာ ရေထဲသို့





ခေါ်ဆောင်ဆင်းလာသော နိုင်ကမ္ဘာကြောင့် ကျေး မျက်လုံးလေးများ ပြူးကျယ်ဝိုင်းစက်သွားရတဲ့အထိ ထိတ်လန့်သွားရကာ သူ့ရင်ခွင်ထဲမှ သူမကိုယ်လေးကို ဖွတ်အတင်းရုန်းပစ်လိုက်သည်။

ကျေး ဘယ်လိုပင် ရုန်းပါသော်လည်း နိုင်ကမ္ဘာ သူမ ငြင်းဆန်မှုကို မကြားသလို သူမကိုယ်လေးကိုသာ မလွတ်တမ်း တင်းတင်းပွေ့ဖက်လျက် ရေထဲသို့ တစ်စတစ်စ ဆင်းလာသည် မှာ သူ့အရပ်ကြီးနှင့် ခါးအလယ်ကျော်ပါမှ ကျေးကိုယ်လေးကို ရေထဲသို့ ချပေးလိုက်၏။

ဖြစ်ချင်တော့ ကျေးကိုယ်လေးကို ရေထဲသို့ အချနှင့် လှိုင်းကတက်အလာ ဆုံသွားတာကြောင့် ကျေးမှာ လှိုင်းနှင့်အတူ မျောပါသွားမတတ်ရှိနေရာ နိုင်ကမ္ဘာမှာ ကျေးကိုယ်လေးကို ရေပဲမှာပင် အမိအရဖမ်းဆွဲလျက် သူမတစ်ကိုယ်လုံးကို သူနှင့် တစ်သားတည်းကျမတတ် တင်းတင်းကြီး ပွေ့ဖက်ထားလိုက်တော့သည်။

"အို ဖရူး ဂူး"

လှိုင်း၏ရိုက်ခတ်မှုကြောင့် ဟန်ချက်ပျက်ကာ ရေများ မွန်းသွားရသည့် ကျေးမှာ သူမမျက်နှာပေါ်မှ ရေစက် ရေပေါက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များကို လက်နှင့် အမြန်သပ်ရင်းက သူမကိုယ်လေးကို နိုင်ကမ္ဘာ ရင်ခွင်မှ ရုန်းထွက်လိုက်သည်။

"ဖယ် လွှတ်၊ ကျွန်မ ကမ်းပေါ်တက်တော့မယ်"

"နေပါဦးကွာ၊ ရေထဲရောက်ပြီးမှတော့"

"ဟင့်အင်း၊ ရှင် ဘာလို့ ကျွန်မကို ရေထဲခေါ်လာရတာလဲ၊ ကျွန်မ ရေထဲမဆင်းချင်ဘူးလို့ ပြောထားရက်နဲ့"

ဝင်းဝါရှင်းသန့်နေသော မွေးညှင်းစိမ်းလေးများထနေသည့် နိုင်ကမ္ဘာ၏ ကိုယ်အထက်ပိုင်း ရင်အုပ်ကျယ်ကျယ်ကြီးကို ကျေး မကြည့်ရဲသလို အကြည့်လေးများ လွှဲရင်းက ရေထဲမှာပင် သူ့အား ရန်တွေ့နေလိုက်သည်။

"ငပလီရောက်ပြီးမှတော့ ရေထဲမဆင်းရင် ဘာလုပ်ရမှာလဲ၊ ကျုပ်က ပင်လယ်ရေအေးအေးလေးနဲ့ မင်းကိုထိစေချင်လို့၊ ဒါမှ မင်းစိတ်တွေ လန်းသွားမှာပေါ့"

"အို ကျွန်မဘာသာ စိတ်လန်းလန်း မလန်းလန်း ရှင့် အပူမဟုတ်ပါဘူး၊ ရေထဲကို တမင် မဆင်းချင်းလို့ မဆင်းတာရှင့်"

"ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ၊ ရှင့်ကြောင့်ပေါ့"

"ကျုပ်ကြောင့် ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့်လဲ"

"ရှင့်ကိုမုန်းလို့"

"ဘာ"

"ရှင့်ကို မုန်းတယ်လို့ပြောတာ"

လှိုင်း၏အရှိန်နှင့် ရိုက်ခတ်မှုကြောင့် ကျေးထံမှ မသဲမကွဲ ကြားလိုက်ရသည့် စကားကို နိုင်ကမ္ဘာသည် နားမလည်သလို ထပ်မေးတော့ ကျေး သူမအသံကို စောစောကထက် ပိုမြှင့်ကာပြော လိုက်သည်။

မေးတုန်းကတော့ သူပဲမေးပြီး ကြားလိုက်ရပြန်တော့လည်း နိုင်ကမ္ဘာ အသည်းမှာ နာကျင်သွားသည်။ ကျေးကို မချင့်မရဲစိတ် နှင့် ခပ်တင်းတင်း ဖျစ်ညှစ်လိုက်ပြီး

"မင်း ကျုပ်ကို မုန်းတယ်လို့မပြောနဲ့"

"မုန်းလို့ မုန်းတယ်ဖြော်ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလောက် မုန်းနေရင်လည်း မုန်းလက်စနဲ့ တစ်ခါတည်း"

"အို"

ကျေး အားလေးရှိသလောက် သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်ပြီး သူ့အနမ်းများကို ခေါင်းလေးရှောင်လွှဲကာ ရှောင်လိုက်ပေမယ့် သူ့အနမ်းများက မလွတ်ပါ။

တစ်ချက်မှာတော့ ကျေးသည် နိုင်ကမ္ဘာထံမှ အနမ်းများ လွတ်သွားရသည်နှင့်…

"ရှင်…လွှတ်၊ လူတွေ ရှေ့မှာ ကျွန်မကို ရှင် မရှက်ဘူးလား"

ဘေးပတ်ဝန်းကျင်ကို အကြည့်လေးများ မဝံ့မရဲကြည့်ရင်းက မလုံမလဲ မျက်နှာရဲရဲလေးနှင့် ရှက်သွေးဖြာနေရသော ချစ်ဇနီးချောကြောင့် နိုင်ကမ္ဘာရင်မှာ အချစ်များတိုးသွားကာ…

"ဒီနေရာမှာ ဘယ်သူမှ မလာပါဘူးဗျာ၊ ကျုပ်တို့ကို ကြည့်ရင်းကြည့် ယောဟိုက ကျောက်ဆောင်တွေပဲ ကြည့်နေမှာပါ"

"အို"





မျက်နှာချင်း ပူးအပ်သွားသည်။ နိုင်ကမ္ဘာကြောင့် ကျေးသည် နှုတ်မှ တအိုအိုနှင့်သာ ရှိနေရတော့သည်။

စောစောတုန်းက ခရုလေးများကောက်ရင်း ကောက်ရင်းနှင့် လူရှင်းကာ ကျောက်ဆောင်အကွယ်နားသို့ ရောက်ရှိလာသော ကျေးကို နိုင်ကမ္ဘာက ထိုနေရာမှာပင် ရေထဲသို့ ခေါ်လာခဲ့သည်မို့ သူမတို့နှစ်ဦးကို တော်ရုံလူဖြင့် မမြင်နိုင်ခြင်းဖြစ်သည်။

ကျေးမှာ ဘာမှပြောခွင့်မရ။ စိတ်မြန်ကိုယ်မြန် အချစ်လူကြမ်းကြီး နိုင်ကမ္ဘာကြောင့် သူ့မျက်နှာချောချောကို မကြည့်ရဲအောင် အရှက်သည်းနေရတော့သည်။

"ကျေး"

"မခေါ်နဲ့"

"ဖယ်…လွှတ်၊ ရှင့်အသံကို မကြားချင်ဘူး"

"မောင့်ကို စိတ်ဆိုးသွားပြီလား"

"အို"

ဘာတွေဘယ်လို ဖြစ်ကုန်တာပါလိမ့်။

သူမ နားကြားလွဲတာတော့ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကမ္ဘာက သူ့ကိုယ်သူ မောင်လို့ ပြောနေသည်။

ကျေး မျက်နှာရဲရဲလေးနှင့် မယုံသလို သူ့မျက်နှာချောချော ကို ဖျတ်ခနဲ မော့ကြည့်လိုက်တော့…

“အို”

ကျေးရင်တွေ ဒိတ်ခနဲ ဆောင့်ခုန်သွားသည်။

သူ ကျေးကို ဘယ်လိုကြီး စိုက်ကြည့်နေသနည်း။ ကျေး သူ့ထံက သည်လိုအကြည့်မျိုးကို မလိုချင်ပါ။

လှုပ်ရှားတုန်ယင်ရသော ရင်ခုန်သံ ခံစားမှုများဖြင့် ကျေး သူနှင့် အကြည့်ချင်းဆုံရာမှ အကြည့်များကို အမြန်လွှဲလိုက်သည်။

“ကျေး…မောင် သိပ်ချစ်တယ်”

“သိပ်ချစ်တယ် ကျေးရယ်”

“ချစ်တယ်”

“အို”

သူ ကျေးကို ချစ်တယ်ဆိုပါလား။ သူ့ထံမှ ယခုကဲ့သို့ ချစ်စကားများ ကြားရလိမ့်မည်လို့ ကျေး ထင်မထားခဲ့ပါ။ အခု မမျှော်လင့်ဘဲ သူ့ထံက ဖွင့်ဟလာသည့် ချစ်စကားများကို





ကြားလိုက်ရတော့ ကျေးမှာ အံ့သြမှုနှင့်အတူ ရင်ခုန်သံတွေ ဝုန်းဒိုင်း ကျဲမတတ် ဖြစ်သွားသည်။

စတွေ့ကတည်းကိုက တစ်ယောက်နှင့်တစ်ယောက် မျက်နှာကြော တည့်လှသည်မဟုတ်။ လက်ထပ်ပြီးလို့ တစ်မိုး အောက်မှာ နှစ်ယောက်အတူ နေပြန်တော့လည်း အကြောင်းအမျိုး မျိုးနှင့် ပြဿနာဖြစ်ခဲ့သည်။ အခုတော့ သူက ကျေးကို ချစ်သည် ဆိုပါလား။

သူ၏ချစ်စကားသည် ရင်ကို တုန်လှုပ်သွားရပေမယ့် သူ့မ ထံမှ အချစ်များကို သူ့အား တုံ့ပြန်ဖို့တော့ ကျေး မစဉ်းစားမိပါ။

သူ့အား ကျေး မုန်းသောကြောင့်ဖြစ်၏။

“ကျေး…မောင့်ကိုပြန်ချစ်ပါ”

“မောင်…မင်းကိုသိပ်ချစ်တယ်၊ မင်းအချစ်ကို မောင် မရလို့မဖြစ်ဘူး၊ မင်းအချစ်ကို မောင် ရမှဖြစ်မယ်၊ မင်းကိုချစ်တယ်၊ ချစ်တယ် ကျေးရယ်”

“ရှင်နော်”

“ဟင့်အင်းဆို…အို”



www.burmeseclassic.com

www.burmeseclassic.com



တိုးရှုလိုက်မောသော သူ့ထံမှ အချစ်စကားများနှင့်အတူ ပျိုက်ဖြာမွတ်သိပ်လွန်းသော သူ့အနမ်းများက ကျေးမျက်နှာလေး ထက် အဆက်မပြတ် ကျရောက်လာသည်။

ဟင့်အင်း..ဟင့်အင်း ကျေး သူ့ထံမှ ထိုအပြုအမူနှင့် အနမ်းများကို မလိုချင်ပါ။ ကျေးကို ရှင် လွှတ်ပါဟု ရင်မှာ အကြောက်အကန် ငြင်းနေရပေမယ့် နှုတ်ကတော့ ထိုစကားများကို ပြောခွင့်မရ။

သူ့ထံမှ ချစ်စကားများ တွင်တွင်ဆိုရင်း သူ့အနမ်းများက သည်းသည်းထန်ထန် ရောက်ရှိနေ၍ဖြစ်သည်။

"ရှင်...လွှတ်ဆိုနော်"

"မောင့်ကိုချစ်လား"

ကျေးနှင့် ပါးချင်းပွတ်တိုက်ရင်း မချင့်မရဲ အားမလိုအားမရ မေးလိုက်သည်။

"ရှင်နော်...ဘာတွေမေးနေတာလဲ၊ လွှတ်စမ်းပါ၊ ကျွန်မ ချမ်းလှပြီ"

"ချစ် ချမ်းနေရင် မချမ်းအောင် မောင် ဟောဒီလို





ဖက်ထားမှာပေါ့"

"အမေ့"

ပါးစပ်ကတင် ပြောသည်မဟုတ်ပါ။ သန်မာမြဲမြံလှသော လက်အစုံကလည်း ကျေးကိုယ်လေးကို မလှုပ်သာအောင် ပွေ့ဖက် လာသောအခါ ကျေးမှာ အသက်ရှူမှားသွားရပြန်ပါသည်။

"ချစ်တယ် ကျေးရယ်"

အေးစက်နေရသည့် ပါးမို့မို့လေးပေါ် အနမ်းနွေးနွေးက ဖျတ်ခနဲဆိုသလို ကျရောက်ရှိလာတော့ ကျေး သူ့ကိုယ်ကြီးကို သူမလက်လေးများနှင့် တွန်းဖယ်ရင်း...

"ဖယ်စမ်းပါ၊ ရှင် လူကိုသေအောင်သတ်နေတာလား"

"ကြံကြံဖန်ဖန်ဗျာ၊ မောင်ချစ်တဲ့ကျေးကို မောင်က သတ် ရက်ပါ့မလား၊ ဟောဒီလိုပဲ ချစ်ပစ်လိုက်မယ်၊ လာခဲ့"

"အို...ရှင်"

ကျေး သူ့အနမ်းများကို ခေါင်းလေးငုံ့ကာအရှောင် လှိုင်းလုံး သည် သူတို့နှစ်ဦးကို ဖုံးအုပ်သွားသည်။

"ဂူး...အဟွတ်...ဟွတ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…ဟွန်း…ဟွန်း"

နိုင်ကမ္ဘာမှာ ကျေးအဖြစ်ကိုကြည့်ပြီး သဘောကျလို့မဆုံး သွားစွယ်ဖွေးဖွေးလေးများ ပေါ်အောင်ပင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်မိသည်။

ကျေးသည် သူ့ကို ရန်တွေ့ချိန်မရ။ လှိုင်းလုံးက သူတို့နှစ်ဦးကို ဖုံးအုပ်အသွား ဆုံသွားရသောအခါ ပင်လယ်ရေများက ကျေးပါးစပ်ထဲသို့ အလိုလိုဝင်သွားသည်။

ကျေးမှာ ပင်လယ်ရေများကြောင့် သီးသွားရသည်မှာ မျက်ရည်လေးများ ဝဲသွားရတဲ့အထိပင် ဖြစ်သည်။

သူမအဖြစ်ကိုကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်မောနေသော သူ့ကို မျက်ရည်လေးများဝဲအောင် သီးနေသည့်ကြားက မျက်စောင်းလေးရွယ်လိုက်တော့ နိုင်ကမ္ဘာမှာ သူမ၏ ကလေးဆန်မှုကို ပို၍သဘောကျ မြတ်နိုးသွားရလေသည်။

ချစ်လိုက်ရတဲ့ မောင့်ရဲ့ကျေးရယ်။ ကျေးရဲ့ ဖြူစင်ရိုးသားတဲ့ ဟန်အမူအရာလေးကတော့ မောင့်ရင်ကို နက်နက်ရှိုင်းရှိုင်း စူးဝင်နေရပါပြီဗျာ။ အဲဒီအတွက် မင်းဆီက အချစ်ကို မောင်





ရမှဖြစ်မယ် ကျေး။ ဟုတ်တယ် မင်းလေးအချစ်ကို မောင် ရမှဖြစ်မယ်။ မောင် မင်းကိုသိပ်ချစ်မိနေပြီ။ မောင့်အချစ်ကို မင်းနားလည်ပါတော့။

ရင်မှာ ပေါက်ကွဲလာရသော အချစ်စိတ်၏ ပေါက်ကွဲမှုကြောင့် ရင်တွင်းစကားများကို ကျိတ်ဆိုရင်းက ခိုက်ခိုက်တုန်အောင် ချမ်းနေသည့် ကျေးကိုယ်လေးကို ရေထဲမှ ကလေးတစ်ယောက်လို ပြန်လည်ပွေ့ချီယူကာ ဘန်ဂလိုဆီသို့ ခေါ်လာခဲ့သည်။

ဘန်ဂလိုသို့ ရောက်သည်ဆိုရင်ပဲ ကျေးကိုယ်လေးကို အောက်သို့ အသာအယာ ချပေးလိုက်ကာ…

"ရေမြန်မြန်ချိုးပြီး အဝတ်အစားလဲလိုက်နော် ချစ်"

ချစ်ခြင်းဖြင့် သူ့အသံက နူးညံ့သိမ်မွေ့နေရသည်ကို နိုင်ကမ္ဘာ သူ့ကိုယ်သူလည်း သတိထားမိပါသည်။

ကျေးမှာ ကိုယ်ပေါ်တွင် စိုကပ်နေရသော အဝတ်အစားများဖြင့် သူ့စကားကို မကြားသလို နေရာမှာတင် ပေကပ်ကပ်လေး ရပ်နေသည်။

"ရေထဲမှာ နည်းနည်းကြာသွားတယ်၊ အအေးမိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိ…မိ၊ အအေးမိလို့ပဲ သေသေ၊ ရှင့်အလုပ် မဟုတ်ဘူး"

"ကျေး"

"ကျွန်မ အဲဒီလိုဖြစ်အောင် ရှင်ပဲလုပ်တာမဟုတ်လား"

သူ့ကြောင့် ရေထဲမှာ ကြာခဲ့ရသည့်အဖြစ်ကို နှုတ်ခမ်းလေး တစူစူ မျက်စောင်းလေး တရွယ်ရွယ်နှင့် မကျေမနပ်ဟန် ကလေးဆိုးတစ်ယောက်လို ပြောနေသော ကျေး၏ ဂျစ်ကျကျ ပေဆိုးဆိုးပုံစံကြောင့် နိုင်ကမ္ဘာ နှလုံးသားများ လှိုက်ခနဲ တုန်ခွေး သွားရကာ…

"မောင့်ကို စိတ်ဆိုးနေတာလား"

"ရှင့်ကိုယ်ရှင် မောင်လို့ထည့်မပြောစမ်းပါနဲ့"

"မောင်လို့ မခေါ်ချင်လို့လား"

ကျေး မဖြေ။

"အဟွန်း…ဟွန်း…ဟွန်း"

သူရယ်လိုက်သည်။

အပြစ်ကင်းစင်လွန်းသည့် ကျေးအပေါ် အချစ်များ ပိုတိုး





လို့သွား၏။

"မောင့်ကို စိတ်ဆိုးချင်လည်း နောက်မှ ဆက်ပြီးစိတ်ဆိုးဟုတ်လား၊ အခုတော့ ရေချိုးပြီး အဝတ်အစားတွေ အမြန်သွားလဲလိုက်ပါဗျာ၊ မောင်က ချစ် ဖျားမှာစိုးလို့ ပြောနေတာ"

"ဖျားပလေ့စေ"

"ချော့ပြောလို့မရရင် ကြမ်းပြမှထင်တယ်"

"ရှင်နော်"

ကျေးကိုယ်လေးကို စောစောက ပုံစံအတိုင်း ဆတ်ခနဲ ပွေ့ယူချီခဲ့လိုက်သည်။

"လွှတ်"

"မလွှတ်ဘူး"

"ရှင်နဲ့ဘာဆိုင်လဲ"

"ကျုပ်မိန်းမ…မင်း"

"အို"

သူ့စကားသည် ခြိမ်းခြောက်စကား မဟုတ်တာကို ကျေး သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရူးနေပြီသိလား"

"ကျုပ် ရူးနေတယ်ဆိုလည်း အဲဒါ မင်းကိုသိပ်ချစ်လွန်းလို့ပဲ"

"ကျေးကို မောင်သိပ်ချစ်တယ်"

သူ့ရင်ခွင်ထဲမှာ ကျေးတစ်ကိုယ်လုံး နွေးသွားသည်။

"ကျေးက မောင့်ရဲ့အချစ်ဆုံး မိန်းကလေး၊ မောင့်နှလုံးသားထဲက"

"အို…တော်ပါတော့"

"မောင့်စေတနာကို မင်း နားလည်နော်၊ မောင် ရေချိုးခန်းအပြင်က စောင့်နေမယ်"

သူ့စကား ဟုတ်သည်လား၊ မဟုတ်သည်လားတော့ ကျေးမသိပါ။ ရေချိုးခန်းထဲသို့ ဝင်ကာ ရေကို အမြန်ချိုးလိုက်သည်။

ကျေး ရေချိုးသည်မှာ သူပြောတဲ့ဆယ်မိနစ်ဆိုတဲ့ အချိန်ပင်မပြည့်လိုက်ရပါ။

ရေချိုးခန်းတံခါးကို ဖွင့်လိုက်သည်နှင့် သူပြောသည့်အတိုင်း တကယ်ပင် ရေချိုးခန်းအဝမှာ စောင့်နေသည့် နိုင်ကမ္ဘာကို





တွေ့လိုက်ရသည်။

"ကျေး အဝတ်အစား အမြန်လဲလိုက်၊ ဟြော် နေဦး ကျေးခေါင်းက ဆံပင်တွေလည်း ခြောက်အောင်သုတ်နော်"

"မောင်လည်း ရေချိုးလိုက်ဦးမယ်"

သူဘာပြောပြော ကျေး သူ့ကို ဘာစကားမှ ပြန်မပြောနိုင်တော့ပါ။ သူမကိုယ်ပေါ်က အဝတ်စိုများကို အမြန်လဲကာ နွေးထွေးလုံခြုံသည့် ဝတ်စုံနွေးနွေးကို အမြန်ဝတ်လိုက်ရသည်။

သည်နောက် ကော်ဖီပူပူနွေးနွေးတစ်ခွက်ကို အမြန်သောက်လိုက်တော့မှ ရင်ထဲ နွေးသွားရသည်။ အချမ်းဒဏ်က အနည်းငယ်သက်သာသွားသလို ရှိသွားသည်။

ရေချိုးရင်း ခေါင်းပါ တစ်ခါတည်းလျှော်လိုက်သည်မို့ ရှည်လျားနက်မှောင်သည့် ဆံနွယ်ကြီးများကို တဘက်နှင့် ခပ်ဖွဖွသုတ်နေပေမယ့် ကျေး အားသိပ်မပါတော့ပါ။

ပင်လယ်ရေနှင့် ထိတွေ့ထားရသည်မှာ အချိန်ကြာမြင့်မှုနှင့်အတူ မျက်ဝန်းထဲ ပင်လယ်ရေများ ဝင်ထားရသည်ကလည်းရှိသည်မို့ ကျေးတစ်ယောက် မျက်ဝန်းလေးများ တဖြည်းဖြည်း



www.burmeseclassic.com

လေးလံကျဆင်းလာကာ နောက်ဆုံး ခုတင်ပေါ်တွင် စောင်လေးခြုံလျက် အိပ်ပျော်သွားသည်။

"ဟင်"

ရေချိုးခန်းထဲမှ ထွက်လာသော နိုင်ကမ္ဘာမှာ ခုတင်ပေါ်တွင် ကွေးကွေးလေး အိပ်ပျော်နေသော ကျေးကိုကြည့်ပြီး အံ့သြသွားသည်။

သူရေချိုးနေသည့် အချိန်အတွင်းမှာ ခဏလေးနှင့် ချက်ချင်းအိပ်ပျော်သွားရသည်တဲ့လား။

သည်လောက်မြန်မြန် သူမ အိပ်ပျော်သွားရလောက်အောင် ပင်လယ်လှိုင်း၏ ရိုက်ပုတ်မှုဒဏ်က သူမကို ဘယ်လောက်များ ပင်ပန်းနွမ်းနယ်သွားစေရသည် မသိပါ။

အိမ်နေသည်မှာ ကလေးတစ်ယောက်လို တကယ့်ကို အပြစ်ကင်းစင်သည့် ကျေး၏ ဖူးသစ်နုငယ်နေရသည့် ဝင်းဝင်းပပနှင့် အိစက်နုထွေးသော မျက်နှာလှလှလေးကို ငေးခနဲ စိုက်ကြည့်မိသွားသည်။

လှပါသည်။ ရင်ထဲ သိမ့်ခနဲ နွေးသွားသည်။





ဖူးဖူးစင်စင် နုနုထွေးထွေး အပြစ်ဆိုရက်စရာမရှိအောင် လှရက်သူကို မြတ်နိုးစွာ ချစ်မိပါပြီ။

သည်မျက်နှာလှလှလေးကို မြင်မြင်ချင်းပင် သူ့ရင်မှာ အတိုင်းအဆမရှိ လိုက်ခုန်သွားရသော ရင်ခုန်သံခံစားမှုများဖြင့် ရင်မှာ နက်ရှိုင်းစူးရှစွာ ချစ်မိသွားရသည့် အဖြစ်ကလည်း သူ့ဘဝတစ်သက်တာတွင် သည်တစ်ကြိမ်သာရှိပါသည်။

ချစ်လိုက်တာဆိုသည့် စကားနှင့် မလုံလောက်အောင်ပင် ချစ်ဇနီးချောကို ရင်မှာ မြတ်နိုးစွာ ချစ်မိခဲ့ရသည်မို့လည်း ချစ်သူထံမှ ကြည်ဖြူစွာ တုံ့ပြန်လာမည့် အချစ်ကို သူလိုလားတောင့်တပါသည်။

ချစ်သူကဖြင့် သူ့အချစ်ကို အသိအမှတ်ပြု တုံ့ပြန်ဖို့ဝေးလို့ ရင်မှာ ပထမဦးဆုံး ဖူးပွင့်လာရသည့် သူ့အချစ်များကို မယုံကြည် လက်မခံသလို အကြည့်စမ်းစိမ်း။ ဥပေက္ခာပြုလာပေမယ့် သူ့ရင်ထဲမှာ ထူးပြီး မနာကျင်မိတော့ပါ။

ကျေး ဘာလုပ်လုပ်၊ ဘာပြောပြော သူ့အတွက် ရင်မှာ ချစ်ခြင်း၊ မြတ်နိုးခြင်းတို့ဖြင့် ပြည့်သိပ်နေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် . . ကျေးရယ်။

ကျေးမျက်နှာလှလှလေးကို မြတ်နိုးချစ်မဝနိုင်စွာ စိုက်ငေးကြည့်ရင်း သူ့အတွေးများက ကျေးနှင့်ဆုံရသည့် အဖြစ်များသို့ ပြန်လည်ရောက်ရှိသွားသည်။

□ □ □



## အခန်း (၆)

နိုင်ကမ္ဘာတစ်ယောက် မြန်မာပြည်ကို လူကပြန်မရောက်သေးပေမယ့် ကျေးဆိုသည့် နာမည်နှင့်တော့ ရင်းရင်းနှီးနှီး ရှိနေခဲ့ရပြီဖြစ်သည်။

ထိုသို့ရှိအောင်လည်း မာမီက သူ့ထံဖုန်းဆက်တိုင်း ကျေးအကြောင်း အမြဲထည့်ထည့်ပြောတတ်သည်။ နိုင်ကမ္ဘာ မမြင်ဖူးသော်လည်း ကျေးက အလိုလို နွေးထွေးရင်းနှီးခဲ့သည်။

ကျေးမှာ ဒက်ဒီမိတ်ဆွေ အန်ကယ်ဦးမောင်လတ်၏သမီးဆိုတာကလွဲပြီး ကျေးအကြောင်း သူ ဘာမှမသိသော်လည်း မာမီက သူ မြန်မာပြည်ကို ပြန်ရောက်သည်နှင့် ကျေးနှင့်လက်ထပ်ပေးမဲ့ မင်္ဂလာကိစ္စများ စီစဉ်နေပြီဆိုသောအခါ နိုင်ကမ္ဘာ ရင်မောသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

မာမီသည် သားဖြစ်တဲ့သူ၏ဆန္ဒကို ဘယ်လိုရှိသည်ဆိုတာကို မတောင်းခံတော့ဘဲ သူ့ဘဝတစ်ခုလုံးကို မာမီ့သဘော၊ မာမီ့ဆန္ဒတစ်ခုတည်းနှင့် စိတ်ကြိုက် စီစဉ်နေသည်။ နိုင်ကမ္ဘာ မာမီကို အရှုံးပေးရတော့မည်။

ပြောမယ့်သာပြောရသည်။ တကယ်တမ်း နိုင်ကမ္ဘာဆိုတဲ့သူကလည်း အစစအရာရာ ဘယ်ကိစ္စမဆို ကိစ္စတိုင်းမှာ သူ့ဆန္ဒထက် မာမီ့ဆန္ဒကို ပို၍ဦးစားပေးခဲ့သည်ကို မာမီ သိနေ၍လည်း ယခုကိစ္စကို သူ့အား ဘာမှမတိုင်ပင်တော့ဘဲ စီစဉ်လိုက်ခြင်း ဖြစ်ပေမည်။

ရှိစေတော့။ ဘယ်လိုပဲဖြစ်ပါစေ သည်အသက်အရွယ်ထိ ချစ်သူရည်းစား မရှိခဲ့သောသူသည် မာမီ၏ ချည်ပြီးတုပ်ပြီးဆိုလာသည့် မင်္ဂလာကိစ္စမို့ သူ့ဘက်က ဘယ်လိုမှ မငြင်းနိုင်တော့သည်မို့ မာမီ့အစီအစဉ်ကို ခေါင်းညိတ်လက်ခံရုံသာ ရှိတော့သည်။

ဆုံးဖြတ်ခဲ့သည့်အတိုင်းလည်း မာမီ့စကားကို ခေါင်းညိတ်သဘောတူခဲ့ပါသည်။

စိုး:မိုး:ဓ၁၆၀



ကိုယ်နှင့်လက်ထပ်ရမည့် သတို့သမီးသည် ဖြူသလား၊ ညိုသလား၊ ချောသလား၊ လှသလားဆိုတာ သူမသိခဲ့။

သို့ပါလျက် ကျေးနှင့် မင်္ဂလာကိစ္စကို ခေါင်းညိတ်လက်ခံခဲ့ခြင်းက မာမီ့ကို သူ့ကြောင့် စိတ်ချမ်းသာစေချင်တာ တစ်ခုတည်းနှင့်ဖြစ်သည်။

သူ နိုင်ငံခြားက ပြန်ရောက်ရောက်ချင်းမှာပင် မာမီသည် သူ့အား ကျေးထံ သွားတွေ့ရန် ပြောပေမယ့် သူ သွားမတွေ့နိုင်ပါ။

လုပ်ငန်းများစွာ ပိုင်ဆိုင်ထားသော နိုင်ငံခြားပြန် အင်ဂျင်နီယာ နိုင်ကမ္ဘာသည် သူ၏ များပြားလှစွာသော လုပ်ငန်းများနှင့်အတူ သူကိုယ်တိုင် မရှိမဖြစ် လုပ်ရမည့် အလုပ်ကိစ္စများစွာကြောင့် မြန်မာပြည်ကို ပြန်ရောက်ပြီဆိုကတည်းက အလုပ်များ မအားနိုင်အောင် ရှိနေ၍ဖြစ်သည်။

ထို့ကြောင့်လည်း ကျေးထံ သူ သွားမတွေ့နိုင်ခြင်းဖြစ်သည်။

တစ်ရက်မှာတော့ မာမီ၏ မဖြစ်မနေ တိုက်တွန်းမှုကြောင့် အလုပ်များဖြင့် မအားလပ်သည့်ကြားက ကျေးရှိရာသို့ သွားရောက်

စိုး:မိုး:ဓ၁၆၀

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခဲ့သည်။

မတွေ့ဆုံလို့ကလည်း မဖြစ်တော့။

နှစ်ဖက်မိဘများ စီစဉ်ထားသည့် သူနှင့်ကျေး မင်္ဂလာကိစ္စသည် တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက် ပိုမိုနီးကပ်လာရသည်မှာ မနက်ဖြန်ပင် မင်္ဂလာပွဲ ကျင်းပတော့မည်ဖြစ်သည်။

သတို့သားနှင့် သတို့သမီးသည် တစ်ယောက်နှင့်တစ်ယောက် ယခုထက်တိုင် မမြင်ဖူး၊ မတွေ့ဖူးသည်ဆိုက ကြားရသူအဖို့ ဘယ်သူမှ ယုံမည်မဟုတ်ပါ။

သည်နေ့တော့ဖြင့် ကျေးရှိရာသို့ ထွက်လာခဲ့သည်။

မာမီ့ထံမှ သိခဲ့ရသည့် လိပ်စာအတိုင်း ကျေးရှိရာသို့ ရောက်ရှိခဲ့ပါသည်။

သူတွေ့ချင်သည့် ကျေးကိုလည်း တွေ့ခဲ့ရသည်။ သို့သော် တွေ့ပုံတွေ့နည်းကဖြင့် ရိုးရိုးတော့ဖြင့်မဟုတ်။

ကျေး ရှိပါသည်ဆို၍ တိုက်ထဲသို့ ဝင်လာသော နိုင်ကမ္ဘာ တစ်ယောက် တိုက်ထဲသို့ ရောက်သည်ဆိုလျှင်ပဲ . . .

"ဗွမ်း"





"အမလေးဗျာ"

"အို"

"ရှင် . . . ရှင်"

အဖြစ်များက ဆန်းကြယ်လွန်းသည်လို့ပဲ ပြောရမလား၊ ကံကြံဖန်ဖန် အကြောင်းတိုက်ဆိုင်သည်လို့ပင် ဆိုရမလား မသိတော့ပါ။

တိုက်ထဲမှနေ လှမ်းပက်လိုက်သည့် ရေကြောင့် သူတစ်ကိုယ်လုံး ရေများ စိုရွှဲသွားရသည်မှာ မြင်လို့မကောင်းတော့ပါ။

ရုတ်တရက်တော့ နိုင်ကမ္ဘာ အံ့သြမှုဖြင့် ဒေါသထောင်းခနဲ ဖြစ်သွားရပေမယ့် တိုက်ထဲမှ ထွက်လာသော အရိပ်ကလေးကို မြင်လိုက်ရတော့ သူ့ဒေါသများ ဘယ်ရောက်သွားရသည် မသိပါ။

သူ့ရှေ့ရောက်လာသော မိန်းကလေးသည် ငယ်ရွယ်နုငယ်သော မျက်နှာလေးနှင့် မှန်ညက်ဝင်းစက်လွန်းသည့် အလှများကို ပိုင်ဆိုင်ထားပုံက နတ်မိမယ်လေးတမျှ လှပနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်စင်ရွှန်းလက်သော မျက်နက်ဝန်းတောက်တောက်ကြီးနှင့် သူ့အား အံ့သြသလိုကြည့်နေပုံကို သူ ငေးခနဲ ကြည့်ဖြစ်သွား၏။ သူ့ရှေ့ကို မိန်းမချောလေး လာရပ်သည်။

"ကျုပ်ကို စောစောက ရေပက်လိုက်တာ မင်းပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ရှင်က ဘယ်သူလဲ"

"ကျုပ်မေးတာကို အရင်ဖြေဦးလေ"

"ဘာရှင့်၊ သူများအိမ်ထဲကိုလည်း ပိုင်ရှင်မသိအော(င်) ဝင်လာသေးတယ်၊ လူကိုလည်း မာရေကြောရေနဲ့၊ ရှင် သူများအိ(မ်) ထဲ ဝင်လာတာ ရိုးမှရိုးရဲ့လား"

"ဘာကွ"

"ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ယဉ်ယဉ်ကျေးကျေ(း) မဆက်ဆံတဲ့အပြင် ရေနဲ့ပါ ပက်လွှတ်တာ ဘယ်လောက်ရိုင်း(း)(လဲ) ဆိုတာ မင်းသိလား"

တစ်ကိုယ်လုံး စိုရွှဲနေသည့် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ရ(င်း)





ကိုယ့်အိမ်လာသည့် ဧည့်သည်ကို ရေနဲ့ပက်လွှတ်ရပါ့မလားဆိုကာ စိတ်ဆိုးမာန်ဆိုး ရှုတည်တည်မျက်နှာထားကြီးနှင့် ပြောလိုက်သည်။

"ဧည့်သည်ဆိုလည်း ဧည့်သည်လို လာမှပေါ့ရှင့်"

"ကျုပ်က ဧည့်သည်လိုမလာလို့ ဘယ်လိုလာနေလို့လဲ"

"အိုး...ဒါတော့ ရှင့်ကိုယ်ရှင် သိမှာပေါ့၊ သူများအိမ်ကို ဝင်လာတယ်ဆိုတာ အသံလေးဘာလေးပေးပြီးမှ ဝင်လာရတယ် ရှင့်"

"ဒါနဲ့ပဲ မင်းက ကျုပ်ကို ရေနဲ့လှမ်းပက်လိုက်တာပေါ့ လေ ဟုတ်လား"

"ရှင်ရောက်နေတာ ကျွန်မ မသိဘူး၊ ဒီမှာ အိမ်သန့်ရှင်းရေးလုပ်ရင်းက အပြင်ကို ရေလှမ်းပက်လိုက်တာ ရှင်က အသံမပေး ဘာမပေး ရောက်လာတော့ ရှင့်ကို ပက်မိကုန်တာပေါ့"

"ကျုပ်အပြစ်ပဲထားပါ၊ ဒါနဲ့ မင်းက ဒီအိမ်ကလား"

ကျေး၏ ဖူးဖူးစင်စင် နုနုထွေးထွေးမျက်နှာလှလှလေးကို နှိုင်ကံမှာ ရူးခနဲ စိုက်ကြည့်ရင်းက မေးလိုက်သည်။

"ဟုတ်တယ်၊ ရှင်. ဘယ်သူနဲ့တွေ့ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ ကျေးရှိလား"

"ဟင်"

သူမနာမည်ကို မေးနေတာမို့ ကျေး အံ့သြသွားသည်။ သူဘယ်သူပါလိမ့်။

ကျေးမိတ်ဆွေများထဲတွင် သည်လိုလူမရှိ။ ထို့အတူ ကျေးသည် သူ့ကို သိလည်းမသိ၊ မြင်လည်းမမြင်ဘူးပါ။

ဘာကြောင့် ကျေးနာမည်ကို သူမေးနေရတာလဲ။ ကျေး၏ မျက်ဝန်းနက်လေးများက သူမရှေ့ကလူကို အကဲခတ်သလို ကြည့်ရင်း တွေးနေသည်။

"ဟိတ်…ဒီမှာ"

"အမေ့…ရှင်"

သူ့ထံမှ ဟိတ်ဆိုသောအသံကြီးကြောင့် ကျေး အယောင်ယောင် အမှားမှားနှင့် ရင်ဘတ်ပေါ် လက်လေးဖိတင်လိုက်ပြီး

"ရှင် လူကို အရမ်းအော်ရလားရှင့်"

"ကျုပ်မေးတာ ဖြေဦး"

"ဘာဖြေရမှာလဲ"





"ကျေး ရှိလား"

"နေပါဦး၊ ရှင်က ဘာကိစ္စ ကျေးနဲ့တွေ့ချင်ရတာလဲ"

သူ့အား ရန်တွေ့ရင်းက ကျေးသည် သူမအား ဘာကြောင့် တွေ့ချင်ရသည်ဆိုတာပါ တစ်ဆက်တည်း မေးလိုက်သည်။

"ကျုပ် ဘာကြောင့် ကျေးနဲ့တွေ့ချင်ရတယ်ဆိုတာ သူနဲ့ တွေ့မှ ပြောလို့ဖြစ်မယ်၊ ဒါနဲ့ မင်းက ကျေးတော့ မဟုတ်ပါဘူး နော်"

"အို"

ရွှန်းလဲ့စူးရှတောက်ပနေသော မျက်ဝန်းများဖြင့် သူမအား စေ့စေ့စူးစူး စိုက်ကြည့်ကာ မေးလိုက်သည့် သူ့ကြောင့် ကျေး မျက်နှာရဲရဲလေးဖြင့် မလုံမလဲလေး ဖြစ်သွားသည်။

ဒါကို အကဲခတ်မိလိုက်သည့် နိုင်ကမ္ဘာမှာ ကျေးမျက်နှာ လှလှလေးကို စိုက်ကြည့်နေရာမှ…

"မင်းက ကျေးလား"

"ဟင်"

ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မလိမ်ညာခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



ကျေးသည် သူမကိုယ်သူမ ကျေး မဟုတ်ပါလို့ မငြင်းသလို ဝန်မခံဘဲလည်း ရှိနေသည်။

"ဘယ်လိုလဲကွ၊ မင်းကိုယ်မင်း ကျေး ဟုတ်မဟုတ် ဖြေရမှာကို ဒီလောက်ပဲ စဉ်းစားတွေဝေနေရလား၊ ဘာလဲ မင်း ကျုပ်ကို ညာဖို့စဉ်းစားနေတာလား"

"ဘာရှင့်"

တစ်ဖက်လူ၏ စကားက ကျေး၏ မာနစိတ်ကို နှိုးဆွလိုက်သလို မခံချင်ဖြစ်သွားရသည်မို့…

"ရှင့်ကို ဘာကိစ္စ ကျွန်မက ညာရမှာလဲ၊ ရှင်တွေ့ချင်တဲ့ ကျေးက ကျွန်မပဲ၊ ကဲ ကျွန်မနဲ့တွေ့ချင်ရတဲ့ ရှင့်ကိစ္စက ဘာလဲ၊ ရှင်ကရော ဘယ်သူလဲ"

"မေးခွန်းတွေကလည်း များလိုက်တာ၊ စောစောကတည်းက ကျွန်မ ကျေးဆိုလည်း ပြီးနေတာပဲ"

"အို…ကျွန်မက လူတိုင်းကို ကျေးဆိုတာ ကျွန်မပါလို့ လိုက်ပြောနေရမှာလား"

"ကျုပ်ပြောတာ အဲဒီသဘောမျိုး မဟုတ်ဘူး၊ ကိုယ့်အိမ်

စိုး : မိုး : ၈၇၆ ပ



လာတဲ့ ဧည့်သည် မေးတာလောက်တော့ မင်း ဖြေသင့်တာပေါ့"

"ရှင် ဘယ်သူလဲ"

"ကျွန်မမေးတာသာ ရှင်ဖြေပါ"

စူးရှသော သူ့အကြည့်များကို ရှောင်လွှဲရင်းက ကျေး မျက်နှာတည်တည်လှလှလေးနှင့် မေးလိုက်သည်၊

"နိုင်ကမ္ဘာကိုတော့ မင်းသိမှာပေါ့"

"ဟင်"

"ရှင်က"

"ကျုပ်က နိုင်ကမ္ဘာပဲ"

"အို"

သည်တစ်ခါ ကျေး မျက်နှာပျက်သွားသည်မှာ တော်တော်နှင့် ပြန်ပြင်၍မရပါ။

နိုင်ကမ္ဘာဆိုသည့် နာမည်သည် ကျေးဘဝတစ်ခုလုံးကို ချုပ်ကိုင်စိုးမိုးမည့် လူတစ်ယောက်ရဲ့နာမည် ဖြစ်နေသောကြောင့် ဖြစ်သည်။

ဦးနိုင်ကမ္ဘာ။

စိုး : မိုး : ၁၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com



သူ နိုင်ကမ္ဘာဆိုပါလား။ ဒါ သူ ကျေးကို လာတွေ့တာ ပေါ့။

အတွေးနှင့် ကျေးသည် သူမရှေ့က နိုင်ကမ္ဘာဆိုသူ၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်လေရာ…

"အို"

သူမအား ဘယ်အချိန်ကတည်းက ကြည့်နေမှန်းမသိသော နိုင်ကမ္ဘာ၏ စူးရှတောက်ပလွန်းသော အကြည့်များနှင့် အကြည့်ချင်း၊ မျက်ဝန်းချင်း ဆုံသွားသည်။ ကျေး ရင်ခုန်သံတွေ မြန်သွားရကာ အကြည့်များ အမြန်လွှဲပစ်လိုက်သည်။

သည်လူ ဘယ်လိုလူလဲ။ တော်တော်လည်း အကြည့်ရဲတဲ့လူပါလား။

ကျေးမှာ မကျေနပ်စိတ်နှင့်အတူ သူ့ကြောင့် မြန်ဆန်သွားရသည့် သူမရင်ခုန်သံများကို သူမ ပြန်ထိန်းရင်းက…

"ဒက်ဒီနဲ့မာမီ အိမ်မှာမရှိဘူး၊ ရှင်တွေ့ချင်ရင် နောက်မှ မှ လာခဲ့ပါ"

စိတ်လှုပ်ရှားမှုကို ပြန်ထိန်းရင်း အတည်ငြိမ်ဆုံး ဟန်အမူ





အရာလေးနှင့် ပြောလိုက်သည်။

"ကျုပ် ဒီကိုလာတာ အန်ကယ်နဲ့ အန်တီကို တွေ့ဖို့လာတာမဟုတ်ဘူး၊ ကျုပ်နဲ့လက်ထပ်မယ့် သတို့သမီးလောင်းကို လာတွေ့တာ"

"ရှင်"

"ရှင်"ဆိုသော အသံလေးနှင့်အတူ ကျေးမျက်နှာလှလှလေးမှာ ရဲပသွားသည်။

ဒါလား ကိုယ်နဲ့လက်ထပ်မယ့် သတို့သမီးလောင်းကို လာတွေ့တဲ့လူလား။ မျက်ခုံးထူထူကြီး စုံတွဲ့ကာ တစ်လောကလုံး သူ့လုပ်ကျွေးထားရသလို ရှုတည်တည် မှုန်တင်းတင်းမျက်နှာနှင့် လူကို သူ့လက်အောက် တပည့်ငယ်သားတစ်ယောက်လို အပေါ်စီးမှာ ကြည့်နေပုံက ဘယ်လောက် အသည်းယားအမြင်ကတ်ဖို့ကောင်းလိုက်သည်လဲ။

သူ့ပုံစံက ကိုယ်နှင့်လက်ထပ်ရမည့် သတို့သမီးတစ်ယောက်အပေါ်မှာရယ်လို့ နူးနူးညံ့ညံ့နှင့် ညင်သာမှုရှိမနေပါ။

သည်လိုလူကို ကျေး လက်ထပ်ရမည်တဲ့လား။ ဟင့်အင်း



www.burmeseclassic.com

www.burmeseclassic.com



ကျေး လက်မထပ်လိုပါ။

ဖြစ်နိုင်လျှင် ကျေး သူမရှေ့က လူကို လက်မထပ်နိုင်ပါ။ ကျွန်မရှေ့က ရှင် အမြန်ထွက်သွားဟု ပြောပစ်လိုက်ချင်သည့်စိတ်ကို မျိုသိပ်ထားလိုက်သည်။

"မင်းနာမည်ကိုတော့ ကျုပ် ရင်းရင်းနှီးနှီး ကြားဖူးနေတာကြာပြီ၊ လူကိုတော့ ခုမှပဲ မြင်ဖူးတော့တယ်"

"ကျွန်မကတော့ ရှင့်နာမည်နဲ့ ရင်းနှီးနေတဲ့သူ မဟုတ်ဘူး"

"ယုံပါတယ်ဗျာ၊ ယုံပါတယ်၊ မင်းလို မိန်းကလေးက ယောကျ်ားတစ်ယောက်ရဲ့နာမည်ကို အလွယ်တကူ မှတ်ထားမယ့် မိန်းကလေးမဟုတ်ဘူးဆိုတာ မင်းပုံစံ၊ မင်းမျက်နှာကို ကြည့်တာနဲ့ သိပါတယ်၊ ပြီးတော့ ကျုပ် ရောက်ရောက်ချင်း မင်းကို လာမတွေ့နိုင်တဲ့အတွက်လည်း ကျုပ် တောင်းပန်ပါတယ်"

"မလိုပါဘူး၊ ရှင် ကျွန်မကို လာတွေ့တွေ့မတွေ့တွေ့ အဲဒီကိစ္စ ကျွန်မ စိတ်မဝင်စားဘူး"

ကျေးစကားကြောင့် နိုင်ကမ္ဘာ မျက်ခုံးရောင်ရောင်တွန့်သွား





ကာ...

"မင်းစကားက ဘာကိုဆိုလိုတာလဲ ကျေး၊ မင်းနဲ့ကျုပ် လက်ထပ်ဖို့ကိစ္စကို မင်းက စိတ်မဝင်စားဘူးလို့ ပြောလိုက်တာလား"

"ရှင့်အတွေးက ရှင်ပြောတဲ့စကားနဲ့ နီးစပ်ပါတယ်"

"ဒါဆို မင်း ဘာလို့ ကျုပ်နဲ့လက်ထပ်ဖို့ကိစ္စကို ခေါင်းညိတ်ခဲ့တာလဲ"

"အဲဒါ ကျွန်မဆန္ဒမဟုတ်ဘူး၊ ကျွန်မ မိဘတွေဆန္ဒ"

ကျေးစကားကြောင့် နိုင်ကမ္ဘာမျက်နှာ တစ်မျိုးဖြစ်သွားသည်။

သူမအဖြစ်က သူနဲ့အတူတူပါပဲလား။

ကြုံဖန်တိုက်ဆိုင်နေသောအဖြစ်ကို သူ သဘောပေါက်စွာ ခေါင်းညိတ်လိုက်သည်။

"အဟွန်း...ဟွန်း...ဟွန်း"

"ကျုပ်ကို လက်မထပ်ချင်ဘဲနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရတဲ့ မင်းဟာ ကျုပ်ဘဝအတွက် သိပ်ကိုကောင်းတဲ့ ဘဝအဖော်



www.burmeseclassic.com

www.burmeseclassic.com



မွန် ဖြစ်နေပါလား"

သူ့အသံက မခံချင်စိတ်၊ နာကြည်းစိတ်များ မပါ။

ဘာကြောင့် ကျေး ဒီလိုဖြစ်နေတာလဲဆိုတာကို ကိုယ်ချင်းစာနာမိ၍ဖြစ်သည်။

သို့သော် သူ့လို အစစအရာရာပြည့်စုံသော ဂုဏ်သရေရှိ ယောက်ျားတစ်ယောက်ကို လက်မထပ်နိုင်ပါ။ မိဘတွေရဲ့ ဆန္ဒအရသာ လက်ထပ်ရမှာပါဟု ဆိုသော ကျေးကိုတော့ အထူးစိတ်ဝင်စားသွားသည်။

သူလိုချင်တာ ဒီပုံစံမျိုးဖြစ်သည်။

"မင်း ဒီကိစ္စကို ဘာလို့ ကျုပ်ကို စောစောက မပြောရတာလဲ၊ ကျုပ်ဆိုတဲ့ ကျုပ်ကလည်း ကိုယ့်ကို အလိုမရှိ လက်မထပ်ချင်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ စိတ်ဝင်စားတဲ့လူမဟုတ်ဘူး"

"ဒါဖြင့် မင်္ဂလာပွဲကို ရှင့်ဘက်က ဖျက်တယ်ပေါ့"

"ကျုပ်စိတ်နဲ့သာဆို ဒီမင်္ဂလာပွဲကို ကျုပ် ခုချက်ချင်း ဖျက်သိမ်းပစ်လိုက်ပြီ၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက်မှာ ထောက်





ထားရမယ့် နှစ်ဖက်မိဘတွေရဲ့ မျက်နှာက ရှိသေးတယ်"

သူ သည်လိုဆိုလာပြန်တော့ ကျေးမျက်နှာလေးမှာ ငေးငေးလေး တွေဝေသွားသည်။

သူပြောတာ မှန်တော့ မှန်ပါသည်။ သို့သော်လည်း ကျုပ်စိတ်နဲ့ဆို သည်မင်္ဂလာပွဲကို ချက်ချင်းဖျက်လိုက်ပြီဆိုသော နိုင်ကမ္ဘာ၏ စကားက ကျေးမာနကို ထိပါးစေရသည်မို့ ကျေး မခံချင်ဖြစ်သွားသည်။

"ရှင်…ယောက်ျားပဲ၊ ပြီးတော့ ရှင်က လူကြီးတစ်ယောက်၊ ဒီကိစ္စ ရှင်ငြင်းရင် ဘာမှမဖြစ်လောက်ပါဘူး"

"ယောက်ျားလည်း လူပဲကွ၊ မိဘတွေစီစဉ်ထားတဲ့ကိစ္စကို ငါယောက်ျား၊ ငါ လူကြီးပဲဆိုပြီး ဖျက်ရင် ကျုပ် ဘာဖြစ်သွားမလဲ"

"ဒါဆို ဒီမင်္ဂလာပွဲကို ရှင် ရှေ့ဆက်မယ်ပေါ့"

"ဒါပဲရှိတော့တာပေါ့"

"ကျွန်မနဲ့လက်ထပ်လို့ ရှင် စိတ်ချမ်းသာမယ်လို့ ထင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စိတ်ချမ်းသာဖို့ထက် မိဘတွေ စိတ်ချမ်းသာဖို့က ကျုပ်အတွက် အဓိကပါ"

သူ့ကိုယ်သူ သားလိမ္မာတစ်ယောက် လုပ်ပြနေသူကို မုန်းမုန်းနှင့် မျက်စောင်းလေးရွယ်ရင်း...

"ရှင့်ကိုယ်ရှင် သားလိမ္မာ လုပ်ပြမနေပါနဲ့၊ ကျွန်မကလည်း ရှင့်လိုပါပဲ၊ ကျွန်မကြောင့် ကျွန်မ မိဘတွေကို စိတ်ဆင်းရဲစေမယ့် အလုပ်ကို လုပ်မယ့်သူ မဟုတ်ဘူးဆိုတာ ရှင်သိထားပါ"

"မင်းမှာ အဲလိုအသိရှိနေမှတော့ ဒီကိစ္စ မင်းနဲ့ကျုပ်ဘာထပ်ပြောနေစရာလိုလဲ၊ ကျုပ်တို့နှစ်ယောက်စလုံး မိဘတွေကိုစိတ်မဆင်းရဲစေချင်တာ အတူတူမို့ မင်္ဂလာပွဲကို ကျင်းပရုံပဲ ရှိတော့တာပေါ့"

"အို...ကျွန်မပြောတာက"

"ဘာမှပြောမနေနဲ့ အမိ၊ ကျုပ်ဆိုတဲ့ကောင်က ကိစ္စတစ်ခုကို ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်ဘူး"

ကျေးစကားမှ မဆုံးသေး။ သူမစကားကို ကြားဖြတ်ပြောလိုက်သည်ကို ပြန်ကြည့်ရင်း...





"ကောင်းပြီလေ၊ ရှင့်ဘက်က အဲလောက်သေချာနေမှတော့ ကျွန်မကလည်း ခုကတည်းက ပြတ်ပြတ်သားသား ပြောရတော့မှာပေါ့၊ မိဘတွေဆန္ဒနဲ့ ရှင့်ကို လက်ထပ်ခဲ့တဲ့ ကျွန်မဟာ ရှင့်ကို ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူးဆိုတာ ရှင် မေ့မထားပါနဲ့"

ဖူးရွှစိုဥနေရသော နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ မျက်နက်ဝန်းလေးနှင့် ကြည့်ကာ အနားမှ ချာခနဲ လှည့်ထွက်သွားသော ကျေး၏ နောက်ကျောပြည့်ပြည့်လှလှလေးကို ကြည့်ပြီး နိုင်ကမ္ဘာရင်မှာ ဖျင်းခနဲ ဖြစ်သွားရသည်။

တွေ့စကတည်းကိုက ယဉ်သကိုဆိုရမည်။ သူနှင့်ကျေး၏ ဖြစ်က ယခုအချိန်ထိ သူတို့နှစ်ဦး၏ ရင်ကို မွှေနှောက်ဆဲရှိနေသည်မို့ နိုင်ကမ္ဘာ အတိတ်ကအကြောင်းကို ပြန်လည်မြင်ယောင်ရင်း ခုတင်ထက်တွင် နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်နေသည့် ချစ်ဇနီးချောကို ကြည့်လျက် ရင်မှာ နွေးလှိုက်ခြင်းများစွာနှင့် စိတ်ယ် တစ်မျိုးကြီး ခံစားလာရသည်က ရင်မှာ ဖြစ်ပေါ်လာရသော ချစ်စိတ်ကြောင့်သာဖြစ်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ပေလီမှ ပြန်လာပြီးကတည်းက ကျေးနှင့်သူ၏ ဆက်ဆံရေးသည် နှစ်ယောက်ကြား တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်။

အထူးသဖြင့် ကျေးအပေါ် ဆက်ဆံသည့် နိုင်ကမ္ဘာ အကြည့်၊ အပြောများက ဘေးလူများ ရိပ်မိလာရသည်အထိ ဖြစ်သည်။

အလုပ်ချိန်မှလွဲလို့ ကျန်အချိန်များတွင် ကျေးအနား စားစား သွားသွား လာလာ ကျေး၏အရိပ်အဖြစ် ရှိနေတတ်သူက နိုင်ကမ္ဘာ။ ကျေးမှာ သူ့ကြောင့် ရှက်စိတ်ညစ်ကြီး ဖြစ်နေသည်။

နိုင်ကမ္ဘာ...သူ ကျေးအား ချစ်မျက်ဝန်း စိုစိုလက်လက်များနှင့်ကြည့်ကာ ကျေးနှင့် အနီးဆုံးတစ်နေရာတွင်မဟုတ် တစ်နေ့

စိုးမိုး ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ရှိနေတတ်သည်မို့ ကျေး သူနှင့်ဆုံရမှာကိုပင် ရင်ခုန်ရုက်လန့်နေမိသည်။

အရင်ကဆိုလျှင် တစ်နေကုန် မိုးလင်းက မိုးချုပ် အပြင်တွင် ရှိနေတတ်သော သူသည် အခုတော့ အလုပ်ချိန်မှလွဲ၍ အိမ်မှာ မြဲနေတတ်သောကြောင့် ကျေး အနေရခက်နေသည်။

ထာဝစဉ် မှုန်တည်တည်နှင့် မျက်မှောင်ကြီးကြုတ်နေတတ်သော သူသည် အခုတော့ နူးညံ့ညင်သာသည့် မျက်ဝန်းအကြည့်များနှင့် ချစ်စကားဆိုတတ်တာကြောင့် ကျေး ရင်ခုန်သံများပင် မြန်လာရသည့်အဖြစ်။

အချစ်ကြောင့် နူးညံ့သိမ်မွေ့နေရသော နိုင်ကမ္ဘာကို ကျေး ရှောင်နေမိသည်။

သူ့ထံမှ အချစ်ဆိုတာကိုလည်း ကျေး လက်မခံ။ မယုံရဲအောင် ရှိနေသည်။

တစ်ချိန်က သူ့အပေါ် အမုန်းစကားများ တွင်တွင်ဆိုကာ သူ၏ယောကျ်ားမာနကို ထိပါးစေသည့် စကားများဖြင့် လွှန်ထားခဲ့မိသော သူမစကားများ ရှိသည်မို့ သူမအပေါ် ပြန်၍ မာနချိုးမှာ





ကိုတော့ ကျေး ကြောက်ပါသည်။

ထိုအဖြစ်မျိုးကိုလည်း ကျေး အဖြစ်မခံနိုင်ပါ။ ကျေးဆိုတာက အချစ်ကို သိနားမလည်သေးသည့် ယုန်ဖြူမလေးမို့ အချစ်ဆိုတဲ့ ထောင်ချောက်ထဲကို မှားယွင်းစွာ တိုးဝင်မိမှာကိုလည်း ကျေး စိုးရိမ်မိသည်။

ထို့ကြောင့် ကျေးသည် နိုင်ကမ္ဘာ သူမအပေါ် ချစ်စကားများ ဘယ်လောက်ဆိုဆို ကျေးကတော့ ကျောက်ချထားသည့် နှလုံးသားဖြင့် သူ့အချစ်များကို မတုန်မလှုပ် အေးစက်စွာ တုံ့ပြန်ခဲ့သူဖြစ်သည်။

မျက်ဝန်းညိုကြီးနှင့် တစ်ချက်ကြည့်ကာ ကျေး အနားရောက်လာသည်။

"ကျေး"

"ပြောပါ"

"မောင့်ကို ဘယ်တော့ပြန်ချစ်မှာလဲ"

"ကျေး မသိဘူး"

"ကျေးသိအောင် မောင် ပြောပြရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်…လူကို ဘာတွေလာပြောနေတာလဲ"

"ကျေးကို သိပ်ချစ်နေတဲ့အကြောင်း"

"ရှင် ထမင်းစားပြန်လာတာ မဟုတ်လား"

"အဲဒါလည်း အပါအဝင်ပေါ့"

"ကျေးလက်ရာ ထမင်းဟင်းတွေကို မောင် စားပြီးကတည်းက အပြင်က ဘယ်လက်ရာကိုမှ မောင် စားလို့မရတော့ဘူး"

သည်စကားကို နိုင်ကမ္ဘာ ကျေးမျက်နှာလှလှလေးကို ခပ်စူးစူးလေးကြည့်ကာ ပြောလိုက်တာမို့ ကျေးသည် မျက်နှာလေး ထူပူသွားရကာ…

"ဒီမှာ…ရှင် အပိုတွေပြောမနေနဲ့၊ ဒီမယ် ထမင်းဟင်းတွေ မကျက်သေးဘူး"

ယခုအချိန်ထိ ထမင်းဟင်းများ မကျက်သေးသည့် အဖြစ်ကိုပင် ကျေး စကားလွှဲ၍ ရှက်ကိုးရှက်ကန်းဟန်လေးနှင့် မျက်နှာလေးလွှဲကာ ပြောလိုက်တာမို့ နိုင်ကမ္ဘာ ကျေးအဖြစ်ကို သဘောကျသွားကာ…

"အဟွန်း…ဟွန်း မကျက်သေးလည်း ဘာဖြစ်လဲ၊ မောင်





စောင့်မှာပေါ့"

"အို…ဘယ်ဖြစ်မလဲ၊ ဒါဆို ရှင့်ထမင်းစားချိန် နောက်ကျသွားမှာပေါ့"

"ရတယ်၊ ဒီနေ့ မောင် အလုပ်မသွားတော့ဘူး၊ အိမ်မှာပဲ နားတော့မယ်"

"ဟင်"

သူ အိမ်မှာရှိနေမည်ဆိုတာကြောင့် ကျေး မျက်နှာလေး မဲ့သွားရသည်။ ဖြစ်နိုင်လျှင် ကျေး သူ့ကို ကျေးနားမှာ ရှိမနေစေချင်ပါ။

နိုင်ကမ္ဘာရှိနေခြင်းသည် ကျေးအတွက် စိတ်ကျဉ်းကျပ်ရသည်မို့ ကျေး သူနှင့်ဝေးရာနေရာမှာ နေချင်ပါသည်။

ကျေး သူနှင့်ဝေးအောင် ဘယ်လိုပင်နေသော်လည်း နိုင်ကမ္ဘာက ကျေးရှိရာနေရာမှာသာ။

"ဟင်း"

"တစ်ယောက်တည်း ဘာတွေ သက်ပြင်းချနေရတာလဲ ကျေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ဘာမှမဟုတ်ဘူး"

ကျေး၏မျက်နှာလေးကို အရိပ်လို အကဲခတ်နေသော နိုင်ကမ္ဘာကြောင့် ကျေးသည် သူ့ရှေ့က ရှောင်ထွက်ရန် ကြိုးစားမိသည်။

"ရှင်…ရှေ့မှာ ခဏစောင့်၊ ကျွန်မ ဒါလေးတွေပြီးအောင် ချက်လိုက်ဦးမယ်"

"မောင်လည်း ကူမယ်လေ"

"ဟင့်အင်း…ဘာမှမလုပ်ပေးနဲ့၊ ရတယ်"

"ကျေးတစ်ယောက်တည်း ပင်ပန်းနေမှာပေါ့၊ ပြောပါ ကျေးကို မောင် ဘာကူလုပ်ပေးရမလဲ"

သူမ ပင်ပန်းမည်စိုးကာ ကူညီချင်သူက ဖွတ်ကူညီချင်ပေမယ့် ခိုင်းရမည့်ကျေးမှာ သူ့ကို မခိုင်းချင်ပါ။

သူ သူမနားတွင် ရှိနေသည်ကို ကျေးအတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည်ကို နိုင်ကမ္ဘာ သိပုံမရပါ။

သူဖြစ်ချင်တာကိုသာ ဖွတ်ကြီးပြောနေသည်မို့ ကျေးသည် စိတ်မရှည်ဖြစ်လာရကာ…





"ကဲ…ရှင့်ကို ကျွန်မပြောနေရတာနဲ့ အလုပ်က ပြီးမှာမဟုတ်တော့ဘူး ဦးနိုင်ကမ္ဘာ၊ ရှင့်ဘာသာရှင် ရှေ့မှာ အေးအေးဆေးဆေး သွားထိုင်နေပါ"

"ဘာလို့ မောင့်ကို ကျေးအနားက ဒီလောက်နှင်နေရတာလဲ၊ မောင်လည်း ကျေးအနားမှာ နေချင်သေးတာပေါ့"

"အို"

ချစ်မျက်ဝန်းများနှင့် ခပ်ပြုံးပြုံးကြည့်လျက်က ကျေးအနားတွင် နေချင်ပါကြောင်းဆိုလာသော နိုင်ကမ္ဘာကြောင့် ကျေးမျက်နှာလေး တည်သွားရကာ…

"ရှင်နော်…ဘာတွေပြောနေတာလဲ၊ ဒီလောက်နေချင်လှတာ ရှင့်ဘာသာရှင် တစ်ယောက်တည်းနေခဲ့၊ ကျွန်မ သွားပြီ"

"ဟိတ်"

"ဖယ်"

ကျေး နိုင်ကမ္ဘာအနားက လှည့်ထွက်သွားမည်လုပ်တော့ သူက ကျေးလက်ကလေးကို အမြန်ဖမ်းဆွဲထားသည်။

"စိတ်ကလည်းကွာ နည်းနည်းမှ မရှည်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင်လုပ်တာပဲလေ၊ ရှင်လုပ်နေတာကရော စိတ်ရှည်စရာ ကောင်းနေလို့လား"

"မောင်က ဘာလုပ်လို့လဲ၊ မောင်ဇနီးနား မောင်နေချင်တာ အပြစ်လား"

"လူကို ဘာရှင့်ဇနီးလဲ"

"ကျေးက မောင့်ဇနီးမဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို…ဘာလဲ"

"မသိဘူး"

အပြုံးနှင့်ကြည့်ကာ ဆိုလာသူကြောင့် ကျေး မျက်နှာရဲသွားသည်။

စူးရှလွန်းသော သူ့အကြည့်များအောက်တွင် ရင်ခုန်သံတွေဆူညံလာရသော ကျေးမှာ ရှက်ရှက်နှင့် သူ့အနားက လှည့်ထွက်ရန် ပြင်လိုက်ပါသော်လည်း အချိန်နောက်ကျသွားရလေသည်။

လျှင်မြန်ဖျတ်လတ်သော နိုင်ကမ္ဘာ၏ လက်များက ကျေးကိုယ်လေးအား မြွေတစ်ကောင်လို ရစ်ပတ်နှောင်ဖွဲ့လာကာ





သူ့ရင်ခွင်ထဲ တင်းတင်းကြပ်ကြပ်ကြီး ရောက်ရှိသွားရသည်။

"လွှတ်ပါ"

"မောင့်ကို ပြန်ချစ်ဖို့ ကြိုးစားပါတော့ ကျေးရယ်၊ ကျေးကို မောင် သိပ်ချစ်တယ်"

နူးညံ့ချိုသာလွန်းသည့် နိုင်ကမ္ဘာထံမှ ချစ်စကားများက ကျေး ရင်ခုန်သံများကို အထိန်းအချုပ် ခက်စေရပါသည်။

"ကျေး"

"ဟင့်အင်း"

"အဟွန်း…ကြည့်စမ်းပါဦးဗျာ၊ မောင့်ဇနီးလေးရက်နေပုံက အရမ်းချစ်ဖို့ကောင်းတာပဲ၊ ပြောစမ်း ကျေး မောင့်ကို မချစ်ဘူးလား"

"ဖယ်ပါ၊ မချစ်ဘူးလို့ ပြောပြီးပြီမဟုတ်လား"

"မောင်ကြားချင်တာ ဒီစကားမဟုတ်ဘူးဆိုတာ ကျေး သိရက်နဲ့"

နိုင်ကမ္ဘာသည် လိုချင်တာမရလိုက်သည့် ကလေးငယ်တစ်ယောက်လို ကျေးထံမှ စကားကြောင့် မချင့်မရဲဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်နွေးနွေးအိအိလေးကို တင်းတင်းဖျစ်ညှစ်လိုက်လေသည်။

"အင့်"

"ရှင်ဘာလုပ်တာလဲ"

"မောင့်ကိုချစ်လား ပြော"

"မချစ်ဘူးဆို"

"ကျေး"

"မင်း"

"ရှင်"

ကျေးမှာ သူမကို မျက်နှာထားတည်တည်ကြီးနှင့် ကြိမ်းရ ပါ့မလားဆိုကာ နိုင်ကမ္ဘာအား ရှင်ဟု ဟန့်တားလိုက်သလို နိုင်ကမ္ဘာ ကလည်း သူ့အား မချစ်ရပါ့မလားဆိုသည့်စိတ်နှင့် မချင့်မရဲ မင်း ဆိုလိုက်ရာ စကားသံလေးများမှာ မထင်မှတ်ဘဲ နှစ်ဦး တိုက်တိုက် ဆိုင်ဆိုင် ဆုံသွားရလေသည်။

နိုင်ကမ္ဘာမှ သူ့အား အကြည့်မလွှဲ မျက်ဝန်းနက်တောက် တောက်လေးနှင့် သူ့အား ခပ်တည်တည် ခပ်မှုန်မှုန်လေးကြည့်နေ သော ကျေး၏အကြည့်များကြောင့် ရင်ခုန်သံတွေ ပူနွေးလာရကာ





ကျေးတစ်ကိုယ်လုံး ရင်ခွင်ထဲ သိမ်းကျုံးဆွဲဖက်ထားလိုက်ပြီး…

"မင်းကို မောင် မခွဲနိုင်တော့ဘူး ကျေး"

"မောင့်ကို တစ်ယောက်တည်း ပစ်မထားပါနဲ့တော့ဗျာ၊ မောင် မောင် မခွဲချင်တော့ဘူး"

နိုင်ကမ္ဘာ ပြောလည်းပြော ကျေး၏ကိုယ်လေးအား မလွှတ် တမ်း ထွေးဖက်ထားကာ ကျေးမျက်နှာလေးပေါ် သူ့မျက်နှာချောချော အုပ်မိုးပူးကပ်လိုက်တော့သည်။

ရုတ်တရက် ကျေး အသက်ရှူမွန်းကြပ်သွားရသည်။ သို့တိုင် မြဲမြဲမွတ်သိပ်လွှန်းသည့် သူ့လက်အစုံနှင့် သူ့အနမ်းနွေးနွေး များအောက်ကလည်း ရုန်းထွက်၍မရပါ။

မရပါသော်လည်း ဇွတ်အတင်း ရုန်းထွက်ကာ နောက်ဆုံး ကျေး ဒေါသဖြစ်ဖြစ်နှင့် နိုင်ကမ္ဘာ ရင်ဘတ်ကြီးကို သူမ သွားစွယ် လေးများဖြင့် ကိုက်ပစ်လိုက်တော့သည်။

"အား"

"ကြည့်စမ်း ကျေး မောင့်ကိုကိုက်တယ် ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်စွာတဲ့ မင်း၊ လာစမ်း"

"အို"

နိုင်ကမ္ဘာအမည်ကို ကျေး ဟန့်တားခေါ်လိုက်ရပါသော်လည်း ကျေး စကားသံကိုတော့ဖြင့် နိုင်ကမ္ဘာ မကြားတော့ပါ။

"သွား…သွား ရှင်လူဆိုး"

"မုန်းတယ်၊ သိပ်မုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

စိမ်းလဲ့နေသော မျက်ဝန်းတောက်တောက်လေးနှင့် မုန်းစကား တွင်တွင်ဆိုကာ ငိုရင်းရှိုက်ရင်းက သူ့ရင်ခွင်ထဲက ရုန်းကန်ပြေးထွက်သွားသူလေးကို နိုင်ကမ္ဘာ မျက်စိတစ်ဆုံး ငေးစိုက်ကြည့်ရင်းက ရင်မှာ ကျဉ်ကျဉ်ခဲခဲ ကိုယ်စိတ်နှစ်ပါး ထိခိုက်နေရတော့သည်။

□ □ □



## အခန်း (၈)

"နိုင်ကမ္ဘာ…မင်း တော်ပြီကွာ၊ သောက်တာ အရမ်းများနေပြီ"

"ကျော်လတ်…မင်း ငါ့ကိုမတားစမ်းပါနဲ့ကွာ၊ ငါ စိတ်တွေ အရမ်းညစ်လို့ပါ"

ပြောရင်းက နိုင်ကမ္ဘာ သူ့ရှေ့က အရက်ခွက်ကို တစ်ခါတည်း မော့သောက်ပစ်လိုက်သည်။

"ဟာ…နိုင်ကမ္ဘာ မင်းကွာ အရက်ကို ဘာလို့ ဒီလောက်သောက်နေရတာလဲ၊ ဒီပုံစံနဲ့ဆို မင်း ခဏလေးနဲ့ မှောက်သွားလိမ့်မယ်"

"မှောက် မှောက်ကွာ၊ ကျော်လတ်ရာ မင်း ငါ့အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာစမ်းပါကွာ၊ ငါချစ်တဲ့မိန်းမက ငါ့ကို မချစ်ဘူး၊ မုန်းပါ တယ်ဆိုတာ ငါ ငါ ဘယ်လိုခံစားနိုင်မှာလဲ၊ ငါမူးအောင် သောက် ချင်တယ်ကွာ၊ မင်း ငါ့ကို မတားစမ်းပါနဲ့"

အသည်းကွဲဝေဒနာဆိုတာကို ယခုမှ ကိုယ်တွေ့ကြုံ ခံစားရဖူးသည့် နိုင်ကမ္ဘာမှာ ကျေး၏ အမုန်းစကားများကြောင့် ရင်မှာ မခံစားနိုင်တော့သလိုမျိုး စိတ်၏ ထွက်ပေါက်ဖြေရာအနေ နှင့် သူ၏ အရင်းနှီးဆုံးသူငယ်ချင်း ကျော်လတ်နှင့်အတူ ရင်ဖွင့် စကားတွေဆိုရင်းက အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ လိုက်တော့၏။

"နေပါဦး…နိုင်ကမ္ဘာ၊ မင်းကို ငါမသိလို့ မေးပါရစေ ဦး၊ မင်းနဲ့ မင်းမိန်းမက တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ယူကြ တာ မဟုတ်ဘူးလား"

ယခုမှ သူနှင့်ကျေးအကြောင်းကို အစအဆုံးသိရသော ကျော်လတ်မှာ နိုင်ကမ္ဘာကို နားမလည်သလို မေးလိုက်သည်။

"အဟွန်း…အဲဒါပေါ့ကွာ၊ အခု ငါခံစားနေရတာ အဲဒီ ကိစ္စပေါ့၊ ကျေးနဲ့ငါ့ကို လူကြီးတွေက ပေးစားခဲ့တာကွ၊ ဒါပေမဲ့ ကျေးကို ငါ မြင်မြင်ချင်း ချစ်ခဲ့မိတယ်၊ ငါချစ်ပေမယ့် ကျေးက ငါ့ကို မချစ်ဘူးတဲ့လေ၊ အဟွန်း ကျော်လတ် မင်းဆိုရင်ရော မင်းမိန်းမက မင်းကို မချစ်တဲ့အခါ မင်းရင်ထဲ ဘယ်လိုခံစားရမလဲ၊ ငါ့နေရာကဝင်ပြီး ခံစားပေးစမ်းပါကွာ"

တစ်သက်လုံး ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးသော နိုင်ကမ္ဘာမှာ ကျေးကို တကယ်ချစ်မိပြီဆိုတော့လည်း သူ ဘာကိုမှ မရှက်နိုင်၊ မကြောက်နိုင်တော့ပါ။

ကျေးနှင့်ပတ်သက်ကာ ရင်မှာ မွန်းမွန်းကြပ်ကြပ် နာနာ ကျင်ကျင် ခံစားနေရသမျှ နိုင်ကမ္ဘာသည် သူနှင့်လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ကျော်လတ်ကို ခံစားရသမျှ အရက်သောက်ရင်း ရင်ဖွင့်နေသည်မှာ ညဉ့်ပင်အတော်နက်နေရပြီဖြစ်သည်။

နိုင်ကမ္ဘာပြောပြ၍ သူ့အိမ်ထောင်ရေးအကြောင်းကို အစ အဆုံး သိနားလည်သွားရသည့် ကျော်လတ်မှာ ကိုယ်လက်ထပ် ထားသည့် မိန်းမ၏ အချစ်ကို မရရှိသည့်အပြင် ဥပေက္ခာပြုမှုကိုပါ ခံရသောအခါ နိုင်ကမ္ဘာရင်မှာ ဘယ်လိုခံစားနေရမည်ကို ကိုယ်ချင်း စာ နားလည်လာရကာ…





www.burmeseclassic.com

www.burmeseclassic.com



"အင်း…မင်းအဖြစ်က လွယ်မလိုနဲ့ခက်၊ တိမ်မလိုနဲ့ နက်ဆိုသလို ဖြစ်နေပြီ၊ မင်းအဖြစ်ကို ငါ ကိုယ်ချင်းစာပါတယ် နိုင်ကမ္ဘာရာ၊ ဒါပေမဲ့ ဒီကိစ္စက အင်မတန် နူးညံ့သိမ်မွေ့တဲ့ နှလုံးသားကိစ္စမို့ မင်းမိန်းမနဲ့မင်း ဒီကိစ္စကို သေချာတိုင်ပင်စေချင်တယ်၊ ခုတော့ ညဥ့်လည်းနက်နေပြီမို့ ပြန်ကြရအောင် သူငယ်ချင်းရာ၊ မင်းမိန်းမလည်း မင်းကို မျှော်နေရောပေါ့"

"အဟွန်း…ဟွန်း…ဟွန်း မင်းဘာပြောလိုက်တယ် ကျော်လတ်၊ ကျေးက ငါ့ကိုမျှော်နေလိမ့်မယ် ဟုတ်လား၊ မင်းပြောသလို ကျေးက ငါ့ကိုမျှော်နေလိမ့်မယ်လို့ရော မင်းထင်လား"

ကျေး၏ စိမ်းလဲ့နေသော မျက်ဝန်းလေးနှင့် တည်တင်းခက်ထန်နေရသော မျက်နှာလှလှလေးကို မြင်ယောင်မိတော့ နိုင်ကမ္ဘာရင်မှာ စပ်ဖျင်းဖျင်းနှင့် နာကျင်ကြေကွဲထိခိုက်စွာ မချိတင်ကဲ ဆိုလိုက်လေသည်။

ဘယ်မိန်းကလေးတစ်ယောက်အတွက်နှင့်မှ ယခုလိုမျိုး မခံစားခဲ့ရသော သူငယ်ချင်းအဖြစ်ကို ကျော်လတ်သည် မကြည့်ရက်သလို သက်ပြင်းချရင်းက နိုင်ကမ္ဘာအား ဘယ်လိုအားပေးရမှန်း မသိအောင် ဖြစ်သွားသည်။





အခုအချိန်မှာတော့ သူငယ်ချင်းကိုသာ အကောင်းဆုံးအားပေးနှစ်သိမ့်ရမည်မို့…

"မင်းမိန်းမကို မင်း တကယ်ချစ်လား ကမ္ဘာ"

"ကျော်လတ်…မင်း ဘယ်လိုမေးလိုက်တာလဲကွာ၊ ငါ့အကြောင်းကို မင်းအသိဆုံးပါ၊ ငါမချစ်တဲ့ မိန်းမတစ်ယောက်နဲ့ ငါ ဒီလောက်ခံစားနေမယ့် ကောင်လားဆိုတာ"

ဟုတ်ပါသည်။ သည်စကားကိုတော့ ကျော်လတ် ယုံပါသည်။ မယုံလို့ကလည်း မဖြစ်ပါ။

နိုင်ကမ္ဘာဆိုသည့် ယောကျ်ားပီသကာ ချောမောခန့်ထည်သည့် ရုပ်သွင်ကို ပိုင်ဆိုင်ထားသော သူငယ်ချင်းသည် ကျောင်းတက်ခဲ့စဉ်ကရော အလုပ်ခွင်ဝင်တော့ပါ သူ့အနားတွင် ဝိုင်းဝိုင်းလည်နေသည့် မိန်းမချော မိန်းမလှပေါင်းများစွာရှိပေမယ့် နိုင်ကမ္ဘာကတော့ အားလုံးကို ဥပေက္ခာပြုကာ အေးစက်သော နှလုံးသားနှင့် မျက်ကွယ်ပြုခဲ့သူဖြစ်သည်။

အချစ်ဆိုတာ သူနှင့်မသက်ဆိုင်သလို မတုန်မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်နှလုံးသားပိုင်ရှင်လား ထင်မှတ်ရအောင် အချစ်နှင့် ကင်းဝေးခဲ့ရသော သူငယ်ချင်းသည် ယခုတော့ဖြင့် သူ့ဂုဏ်သိက္ခာကိုပင် သူထိန်းရမှန်းမသိ။ မိန်းမတစ်ယောက်ကို နှလုံးသားက နက်ရှိုင်းစူးနင့်စွာ ချစ်မိသွားရပြီမို့ သူ့အား မရှက်နိုင် မကြောက်နိုင် ရင်ဖွင့်နေပုံက သနားလည်းသနားစရာ ကောင်းနေရတော့သည်။

"အေးပါကွာ၊ မင်း ကျေးကို တကယ်ချစ်သွားတယ်ဆိုတာ မင်းခံစားနေရတာကို ကြည့်တာနဲ့ ငါယုံပါတယ်၊ ဒါပေမဲ့ မင်း မင်းမိန်းမအချစ်ကို တောင်းခံတဲ့နေရာမှာ ဒီလိုပုံစံနဲ့တော့ မင်းရမှာမဟုတ်ဘူး နိုင်ကမ္ဘာ၊ မိန်းမဆိုတာ လိုက်လေပြေးလေပဲကွ၊ သူတို့ကို ကိုယ်က ချစ်တဲ့အကြောင်း ပြလေ သူတို့က ဆိုးလေပဲ၊ ကိုယ်တို့က ချစ်တဲ့အကြောင်းပြလေ သူတို့က ဂရုမစိုက်ဟန်ပြလေပဲ၊ ဒီတော့ သူတို့ကို ကိုယ်တို့က တစ်ခါတလေပဲ ဂရုမစိုက်သလို နေပြရတယ်"

"အဟွန်း…ငါ သူ့ကိုဂရုမစိုက်လေ သူကပိုပြီး ကျေနပ်လေပဲ ကျော်လတ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ကိုမုန်းနေတဲ့ သူကိုး"





နိုင်ကမ္ဘာမှာ ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးမို့ ထိုစကားကို နာကျင်ရသော ရင်အစုံဖြင့် မချိတင်ကဲ ဆိုလိုက်သည်။

"ဘာမှစိတ်မပျက်ပါနဲ့ကွာ၊ အမုန်းပြီးရင် အချစ်လာပါလိမ့်မယ်၊ အချစ်နဲ့အမုန်း ဆန့်ကျင်ဘက်ဆိုပေမယ့် သူတို့နှစ်ခုက အမြဲအတူရှိနေတာပဲ၊ မင်း အချစ်တွေက သူ့အပေါ် ဒီလောက်လေးနက်နေမှတော့ မင်းမိန်းမက မင်းကိုပြန်ချစ်လာမှာပါကွာ"

ကျေးထံမှ အချစ်ကို မရရကောင်းလားဆိုကာ စိတ်ပျက်အားလျော့နေသည့် သူငယ်ချင်း နိုင်ကမ္ဘာကို ကျော်လတ်သည် လေးနက်သောစကားတို့ဖြင့် အားပေးရင်းက သူ့ပါ တစ်ခွက်သောက်လိုက်သည်။

"ပြန်ကြစို့ကွာ…သူငယ်ချင်း၊ ဒီထက်ညဉ့်နက်လို့ မကောင်းတော့ဘူး၊ မင်းသောက်တာလည်း များနေပြီ၊ ပြန်စို့ကွာ"

"အင်း"

သည်လိုဆိုတော့လည်း နိုင်ကမ္ဘာသည် ကျော်လတ်၏ စကားကို မငြင်းပါ။ လျှာလေးအာလေး အသံကြီးနှင့် အင်းလိုက်ရင်းက သူ့ကိုယ်သူထိန်းကာ နေရာမှ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာတော့ နိုင်ကမ္ဘာသည် အရက်ဝင်သွားသဖြင့် ခပ်ထွေထွေလေး ရှိနေပေမယ့် သူသည် အသိတော့ရှိသေးသည်မို့ ကားကို ဂရုစိုက်မောင်းရင်းက အိမ်သို့ ပြန်လာခဲ့လိုက်၏။

ဘာပဲပြောပြော နိုင်ကမ္ဘာသည် သူ့ရင်ထဲတွင် မွန်းကြပ်စွာ ခံစားနေရသမျှတို့ကို သူငယ်ချင်းဖြစ်သူအား ရင်ဖွင့်လိုက်ရပြီမို့ ရင်မှာ အနည်းငယ်ပေါ့ပါးလျက် နေသာထိုင်သာ ရှိသွားရသည်က အမှန်ဖြစ်သည်။

နိုင်ကမ္ဘာသည် ကားမောင်းရင်းက ကျော်လတ်ပြောစကားများကို ကြားယောင်မိတော့ သူ့ရင်မှာ ပြုံးချင်ချင်ဖြစ်သွားရသည်။

ကျေးဆိုသည့် မိန်းမချောသည် ကျော်လတ်ပြောသလို သူမကို ဂရုမစိုက်ဘဲ နေပြလို့ကလည်း ဂရုစိုက်လိမ့်မည့်သူတော့ မဟုတ်ပါ။

သူမအနားမှာ သူမရှိလေ ပို၍ကျေနပ်သဘောကျလေမည် ဖြစ်သည့် ကျေးအကြောင်းကို သူတွေးကာ စဉ်းစားနေသလို တစ်ဖက်က ကျေးမှာလည်း နာရီကို တကြည့်ကြည့်နှင့် သူမအခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်မှာ သူမကိုယ်





သူမ ဘယ်နှစ်ကြိမ်ရှိမှန်းပင် မသိပါ။

ကျေးတစ်ယောက် ညဉ့်နက်နေရပြီဖြစ်ပေမယ့် ယခုအချိန်ထိ သူမ မအိပ်နိုင်သေးပါ။

အိပ်လို့လည်း ဘယ်လိုမှပျော်မည်မဟုတ်ပါ။

သည်နေ့တော့ဖြင့် နိုင်ကမ္ဘာနှင့်သူမကိစ္စကို အပြတ်ရှင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် နိုင်ကမ္ဘာနှင့် မျက်နှာချင်းဆိုင် စကားပြောရန်အတွက် ကျေးသည် သူပြန်လာမည့်အချိန်ကို ယခုတိုင် မအိပ်သေးဘဲ စောင့်နေခြင်းဖြစ်သည်။

သူမ စောင့်နေ၍များလားမသိပါ။

နိုင်ကမ္ဘာသည် ခါတိုင်းအချိန်ထက် ပို၍ ညဉ့်နက်နေရသည့်တိုင် ပြန်မလာသေးတာကြောင့် ကျေး စိတ်များပင် တိုလာရပြီဖြစ်သည်။

ခါတိုင်းနေ့များဆို နိုင်ကမ္ဘာ အိမ်ကို စောစောပြန်လာနေကျဖြစ်သည်။ ယခုမှ သည်နေ့မှ သူသည် အိမ်ပြန်နောက်ကျရခြင်းက ဘာကြောင့်ဆိုတာ ကျေး စဉ်းစားမရဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

ခြံထဲသို့ မောင်းဝင်လာသော မီးရောင်ရောင့် ကျေးသည် လသာဆောင်မှ အောက်သို့ ငုံ့ကြည့်လိုက်တော့ သူ နိုင်ကမ္ဘာသည် ပေါ်တီကိုအောက်တွင် ကားကို ထိုးရပ်သွားရပြီဖြစ်သည်။

ကျေးသည် သူမအခန်းထဲသို့ သူမ ပြန်ဝင်သွားလိုက်ပြီး နိုင်ကမ္ဘာကို ပြောရန်စကားများကို စဉ်းစားလိုက်လေသည်။

သူမလာခင်တုန်းကတော့ သူမပါးစပ်ဖျားတွင် နိုင်ကမ္ဘာအား ပြောရန်စကားများ အစီအရီ ရှိနေရပေမယ့် တကယ်တမ်း နိုင်ကမ္ဘာကိုတွေ့၍ စကားများပြောမည်ဆိုပြန်တော့လည်း ပြောရန်စကားများက သူမပါးစပ်ဖျားတွင်ပင် ပျောက်ဆုံးကွယ်ပျောက်နေရတော့သည်။

သူ့ကို သည်အချိန်ထိ မအိပ်သေးဘဲ သူမစောင့်နေပြီးမှတော့ သူမ ပြောချင်သည့်စကားများ သူ့ကို ပြောကိုပြောရပေမည်။

ကျေးမှာ စိတ်လှုပ်ရှားလွန်းသောကြောင့် စကားလုံးများ ပျောက်ကွယ်သလို ဖြစ်နေသော သူမကိုယ်သူမ အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်လည်ကြိုးစားလိုက်ပြီး အခန်းထဲမှအထွက်...

စိုး၊မိုး၊၀၁၆ပ



"အမေ့"

"ဟင်...ကျေး"

"အို"

အခန်းအပြင်သို့ထွက်ရန် ခြေလှမ်းပြင်ကာမှရှိသေး တံခါးဖွင့်ကာ အခန်းထဲသို့ဝင်လာသော နိုင်ကမ္ဘာကို ကျေးသည် တွေ့လိုက်ရသောကြောင့် ကျေးသည် သူမခြေလှမ်းကို သူမနောက်သို့ တစ်လှမ်းအမြန်ဆုတ်လိုက်ရတဲ့အထိ လန့်သွားရလေသည်။

"ကျေး...ဘာလုပ်နေတာလဲ၊ တံခါးကြီးလည်း ဖွင့်လို့၊ ကျေး မအိပ်သေးဘူးလား"

"ဟင့်အင်း"

ကျေး သူ့အား ခေါင်းလေးခါပြလိုက်လေ၏။

"မောင် ထင်တော့ထင်သားပဲ၊ ဒါကြောင့် ဝင်လာတာ"

"ဘာလဲ...ကျေး အိပ်မပျော်လို့လား၊ ညစာရော စားပြီးပြီလား"

"အို...ညစာ စားပြီးပြီလားလို့ မေးရအောင် ဒီအချိန်က

စိုး၊မိုး၊၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ရှိနေပြီလဲ"

သူ့အား တစ်ချိန်လုံး စောင့်ခဲ့ရသည့်အဖြစ်ကို ကျေးသည် စိတ်မရှည်တော့သလို စိတ်တွေတိုနေရသည်မို့ ယခုလို စကားကြုံသည်နှင့် အိမ်ပြန်နောက်ကျရသော နိုင်ကမ္ဘာကို ကျေးသည် သူသိအောင် ထိုစကားဖြင့် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"ကျေးက မောင် အိမ်ပြန်နောက်ကျလို့ မောင့်ကို စိတ်ဆိုးနေတာလား"

"စိတ်ဆိုးစရာအကြောင်း မရှိပါဘူး၊ ရှင် ဘယ်အချိန်ပြန်လာလာ ကျွန်မနဲ့ အနေသာကြီး၊ ဘာမှမဆိုင်ဘူး"

နိုင်ကမ္ဘာ ကျေးစကားကြောင့် အံကို တင်းခနဲစေ့ကြိတ်လိုက်ပြီး…

"ဒါဖြင့် ကျေး မအိပ်သေးဘဲ ဘာလုပ်နေတာလဲ"

"ရှင့်ကို ကျွန်မ ပြောစရာရှိလို့"

"ဘယ်လို မောင့်ကို ကျေး ပြောစရာစကားရှိလို့ ဟုတ်လား"

"ဟုတ်တယ်"

စိုး:မိုး:၁၁၆၉



"ဒီလောက်ညဥ့်နက်တဲ့အထိ မောင့်ကိုစောင့်ပြီး ပြောရအောင် ဘာစကားတွေ အရေးတကြီးပြောစရာ ရှိနေလို့လဲ"

ပြာလွဲ့လွဲ့ ညမီးရောင်အောက်တွင် အခြယ်အသကင်းစင်နေသည့် မျက်နှာဖူးဖူးစင်စင်လေးဖြင့် ဝင်းဝင်းစက်စက်လေး လှလွန်းနေရသော ကျေး၏အလှများကို နိုင်ကမ္ဘာသည် ရီဝေရူးရှသော မျက်ဝန်းများဖြင့် ကြည့်ကာ ဆိုလိုက်သည်။

ကျေးသည် သူ့အား ပြောတော့မည်ဟု စကားပြင်လိုက်ပေမယ့် နိုင်ကမ္ဘာထံမှ ထောင်းခနဲ ရလိုက်သည့် အရက်နံ့ကြောင့် ကျေး မျက်နှာလှလှလေးသည် တွေခနဲဖြစ်သွားကာ…

"ရှင် အရက်တွေသောက်လာတာလား"

နိုင်ကမ္ဘာအား ကျေး ယခုမှ ဂရုတစိုက်နှင့် ကြည့်မိသွားရသလိုမျိုး သူ့မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်လိုက်တော့

နိုင်ကမ္ဘာ သူ အရက်တွေကို ဘယ်လောက်များ သောက်လာရသည်မသိပါ။ ယခု သေချာဂရုစိုက် ကြည့်မိတော့မှ သူသည် အရက်ရှိန်ကြောင့် မျက်ဝန်းကြီးအစုံ နီရဲနေကာ မျက်ဝန်းများ ရီဝေဝေဖြစ်နေသည်ကို ကျေး သတိထားမိသွားရသည်။

စိုး:မိုး:၁၁၆၉

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ၊ သူငယ်ချင်းနဲ့တွေ့လို့ မောင် နည်းနည်း သောက်လာမိတယ်၊ ကျေး ဘာပြောမှာလဲ၊ ပြောလေ"

သူက ပြောပါဆိုပေမယ့် ကျေးမှာ မပြောနိုင်တော့ပါ။ ဘယ်လိုလုပ်၍လည်း ပြောလို့ဖြစ်တော့မှာတဲ့လဲ။

ကျေးနှင့်သူ အိမ်ထောင်သက်လေးများ ကြာခဲ့ပြီဆိုပေမယ့် သူ ယခုလိုမျိုး အရက်တွေသောက်လာသည့် အဖြစ်ကို ကျေး တစ်ခါမှ မမြင်မတွေ့ မကြုံဖူးခဲ့ပါ။

ယခု သူငယ်ချင်းနှင့်တွေ့၍ အရက်သောက်လာမိပါသည် ဆိုသော နိုင်ကမ္ဘာကို ကျေး ဘယ်လိုလုပ် စကားပြောရမှာတဲ့လဲ။

ပြီးတော့ အရက်သောက်ထားသည့် နိုင်ကမ္ဘာအား သူမ ပြောချင်သည့်စကားများကို နောက်နေ့မှ ပြောတော့မည်ဟု ဆုံးဖြတ် ကာ…

"ဟင့်အင်း…ဘာမှမဟုတ်တော့ဘူး၊ ကျွန်မ အိပ်တော့ မယ်"

သူ့အားပြောရန် စကားများရှိ၍ သူ့အလာကို စောင့်နေပါ သည်ဆိုသော ကျေးသည် ယခုတော့လည်း သူမဟုတ်တော့





သည့်အတိုင်း ချက်ချင်းပင် ဒ..မူအရာပြောင်းလဲသွားရသည်မို့ နိုင်ကမ္ဘာ မျက်ခုံးထူထူ အတွန့်ချိုးသွားရကာ…

"ကျေး…မောင့်ကို ပြောစရာတစ်ခုခုရှိနေတယ်မဟုတ် လား၊ အဲဒါ ဘာလဲပြော"

"ပြောစရာတော့ရှိတယ်၊ ဒါပေမဲ့ ဒီနေ့ မပြောချင်သေး ဘူး၊ မနက်ဖြန်မှ ပြောတော့မယ်"

"မဟုတ်သေးပါဘူးကွာ၊ ပြောစရာရှိလို့ မောင့်ကို တမင် စောင့်နေပြီးမှတော့ ဘာလဲဆိုတာ မောင်သိချင်တာပေါ့"

"ရှင်သိချင်ပေမယ့် ကျွန်မ မပြောနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အရက်သောက်ထားတဲ့လူနဲ့ ကျွန်မ စကားမပြောချင် ဘူး"

"မောင်သောက်လာတာ နည်းနည်းပါကွာ"

"အို…နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် အရက်ဟာ အရက်ပဲ၊ အရက်သောက်ထားပြီဆိုမှတော့ ကောင်းနိုင်ပါဦးမလား၊ ရှင်သွားပါတော့၊ ကျွန်မ အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အရက်လေး နည်းနည်းသောက်မိတာကိုပင် သူ့အား အပြစ်ကြီးတစ်ခု လုပ်ထားသလို အထင်သေးသည့် မျက်ဝန်းဖြင့် အခန်းထဲမှ တွင်တွင်နှင်ထုတ်နေသော ကျေးကြောင့် နိုင်ကမ္ဘာစိတ်မှာ အခံရခက်ခက်ဖြစ်သွားကာ…

"မောင့်ကို ကျေး ဘယ်လိုဆက်ဆံနေတာလဲ"

"ရှင်နော်…မူးနေရင်လည်း ကိုယ့်ဘာသာကိုယ် နေ၊ ကျွန်မကို ပြဿနာလာမရှာနဲ့"

"ကြည့်စမ်း…မင်းကွာ၊ ကျုပ်ကို ဒီလိုပဲပြောရလား"

"စိတ်ညစ်လိုက်တာနော်၊ ဒါကြောင့် ရှင့်ကို ကျွန်မ ကွာချင်တာ"

"ဘာ"

မရည်ရွယ်ပါဘဲ ကျေးထံမှ လွှတ်ခနဲ ထွက်သွားရသည့် စကားကြောင့် နိုင်ကမ္ဘာထံမှ 'ဘာ'ဆိုသောအသံကြီးက ဆောင့် ထွက်လာရကာ ကျေးအား အရက်နိုးများ ဝေနေသော မျက်ဝန်း တည်တည်ရှူးရှူးကြီးနှင့် စိုက်ကြည့်လာပြီး

"ကျေး…မင်း မောင့်ကို ဘာပြောလိုက်တာလဲ"





သေစမ်း…သေစမ်းဆိုသည့် စကားများဖြင့် ကျေးသည် သူမကိုယ်သူမ အကြိမ်ကြိမ် စိတ်မှာရေရွတ်နေတော့သည်။

သူ့အား သည်စကားမပြောချင်သေး၍ မနက်မှ ပြောတော့မည်ဟု ဆုံးဖြတ်ထားပါလျက်နှင့် ကျေး ဘာကြောင့်များ နှုတ်က ထိုစကား ထွက်သွားရသည်ကိုလည်း ကျေး သူမကိုယ်သူမ မသိတော့ပါ။

သူမ မသိပေမယ့် ကျေးစကားကြောင့် နိုင်ကမ္ဘာသည် အမူးများပင် ပြေသွားမတတ် လူက ရှူးရှူးရှဲရှဲဖြစ်လာရကာ…

"ပြောလေ ကျေး၊ မင်း စောစောက မောင့်ကို ဘာပြောလိုက်တာလဲဆိုတာ"

နိုင်ကမ္ဘာအမေးကို ကျေး သည်ထက်ပို၍ နှုတ်ပိတ်နေလို့ မရတော့ပါ။

နိုင်ကမ္ဘာသည် သူသိချင်သည့်ကိစ္စကို ကျေးအား မရမရ ဖွတ်မေးတော့မည်ဆိုတာ ကျေး သိနေရသောကြောင့်ဖြစ်သည်။

ထို့ကြောင့်လည်း ကျေး ထိုစကားကို သူ ကြားပြီးသည့် အတူတူ မထူးတော့သည်မို့…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ကွာရှင်းကြပါစို့ ဦးနိုင်ကမ္ဘာ"

"ဘာပြောတယ် ကျေး"

"ကျွန်မကို ကွာရှင်းပေးပါလို့ပြောတာ"

"မင်း...မင်း ဘာပြောလိုက်တာလဲ၊ မောင်က မင်းကို ကွာရှင်းပေးရမယ် ဟုတ်လား"

နိုင်ကမ္ဘာမှ ကျေးစကားကို မယုံနိုင်သလို ထပ်မေးလိုက်လေသည်။

"ဟုတ်တယ်၊ ကျွန်မတို့ ဒီလို တစ်ယောက်နဲ့တစ်ယောက် ရှေ့ဆက်နေသွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီတော့ ကျွန်မတို့ စောစောစီးစီး လမ်းခွဲလိုက်တာပဲကောင်းမယ်၊ ဒါကြောင့် ကျွန်မကို ရှင်ကွာရှင်းပေးပါ"

"အဟွန်း...မင်းနှလုံးသားတွေက မာကျောစိမ်းကားလှချည်လား ကျေး၊ ကျုပ်နှလုံးသားကို ရက်စက်ရုံနဲ့ အားမရလို့ ကျုပ်ဘဝတစ်ခုလုံးကိုပါ မင်းက ရက်စက်ဦးမလို့ပေါ့လေ၊ စိတ်ချ မင်းသိထားရမှာက မင်းကို ကျုပ် အသက်နဲ့ထပ်တူ ချစ်တဲ့အတွက် ကျုပ် မင်းကို ဘယ်တော့မှ ကွာရှင်းပေးမှာမဟုတ်ဘူး ကျေး၊





အဲဒီအတွက် မင်း ကျုပ်ကို စိတ်ဆိုးချင်လည်းဆိုး၊ မုန်းချင်လည်းမုန်း၊ ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်ကတော့ ကျုပ်ချစ်တဲ့မင်းကို ဘယ်တော့မှ ကွာရှင်းပေးမှာ မဟုတ်ဘူး၊ အဲဒီအဖြစ်ကိုလည်း မင်း ဘယ်တော့မှ မမျှော်လင့်နဲ့"

သူ့ထံမှ သူမ တစ်ခါမှ မမြင်မတွေ့ဖူးသည့် စိတ်ဆိုးမာန်ဆိုးနှင့် ဒေါသတကြီးဆိုလာသည့် စကားများကြောင့် ကျေးသည် နိုင်ကမ္ဘာအား နှုတ်ခမ်းလေး ဖွင့်ဟကာ အံ့သြတကြီး ငေးစိုက်ကြည့်မိသွားရသည်။

ဘုရား...ဘုရား။

သူ့ပုံစံ၊ သူ့မျက်နှာကြီးက အခုလိုဆိုတော့လည်း ကြောက်စရာ လန့်စရာကြီးပါလား။

ကျေးသည် နိုင်ကမ္ဘာထံမှ ပြတ်သားစွာ ထွက်ပေါ်လာရသည့် စကားသံများကြောင့် မျက်နှာလှလှလေး ပျက်သွားရပေမယ့် သူမသည် ပြောပြီးသားစကားကို အပျက်မခံနိုင်တော့ဘဲ...

"ရှင်...ကျွန်မကို ဒီလိုအကျပ်မကိုင်ပါနဲ့"

"ကျွန်မ ရှင်နဲ့အတူ မနေနိုင်ဘူး၊ ရှင် ကျွန်မကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းပေးပါ"

"မင်း ဘယ်လိုဖြစ်နေတာလဲ၊ မင်းကို မောင် မကွာရှင်း ပေးနိုင်ဘူး၊ မောင် မင်းကိုချစ်တယ်"

"မပြောနဲ့၊ မကြားချင်ဘူး၊ ရှင် မကွာရှင်းပေးလို့လည်း ကျွန်မ ဂရုစိုက်လိမ့်မယ်မထင်နဲ့၊ ကျွန်မ ရှင့်ဘဝထဲ ရှိနေတော့မှာ မဟုတ်တော့ဘူး"

"အဟွန်း…ဟွန်း လုပ်ကြည့်လေ၊ ဖြစ်မယ်ထင်ရင် မင်း လုပ်ကြည့်လိုက်ပါ၊ ကျုပ်ဆိုတဲ့ကောင်က မင်း ကျုပ်ဘဝထဲက ထွက်သွားမှာကို ဒီအတိုင်း ကြည့်နေမယ်လို့များ မင်းထင်နေလား၊ အဲဒီအဖြစ်ကိုရော ကျုပ်က အဖြစ်ခံနိုင်မှာတဲ့လား"

ထိုစကားကို ပြောနေပါသည့် နိုင်ကမ္ဘာပုံစံက ကျေးအား သူ့ဘဝထဲက ထွက်သွားမှာကို အဖြစ်မခံနိုင်သည့် ပုံစံအနေအထား မို့ ကျေးပင် သူ့ကို လန့်သလိုရှိလာရပေမယ့် အလျှော့လည်း မပေးနိုင်သည်မို့…

"ရှင့်ကို ကျွန်မ လုံးဝမပေါင်းနိုင်ဘူး၊ ရှင် မကွာရှင်း ပေးလည်း ကျွန်မကတော့ သွားမှာပဲ"





"မင်းဘယ်သွားမှာလဲ"

"ကျွန်မ သွားချင်တဲ့နေရာ သွားမှာပေါ့"

"မင်း အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောစမ်းနဲ့၊ ကျုပ် အနားက မင်းမသွားရဘူး"

"သွားမယ်…သွားမယ်"

"ဘာဖြစ်လဲ"

"ကျေး"

"မခေါ်နဲ့၊ သွားမယ်"

"အေး…ဒီလောက်သွားချင်တဲ့ မင်းလေး မသွားရအောင် ဟောဒီလို"

"အို"

ကျေးမှာ ရုတ်တရက် သူမကိုယ်လေး လေထဲတွင် မြောက်တက်သွားရတာမို့ မျက်ဝန်းလေးပြူးပြာ ဝိုင်းစက်သွားရကာ

"ရှင်…ရှင် ဘာလုပ်တာလဲ၊ အို…လွှတ်…လွှတ်ပါ"

"ရှင်နော်…လွှတ်ဆို၊ အို"

ထိတ်လန့်တုန်လှုပ်သံလေးဖြင့် ကျေးသည် နိုင်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှ ကိုယ်လေးတွန့်လိမ်ကာ ရုန်းထွက်လိုက်ပေမယ့် ကျေးသည် သူ့ရင်ခွင်ထဲမှ မလွတ်ပါ။

မလွှတ်သည့်အပြင် နိုင်ကမ္ဘာသည် ကျေးကိုယ်လေးကို သူ့လက်အစုံနှင့် တင်းတင်းကြီး ပွေ့ဖက်ထားရင်းက ကျေးကိုယ်လေးအား ကလေးတစ်ယောက်လို ပွေ့ဖက်မယူချီရင်းက ခုတင်ပေါ်သို့ တင်လိုက်လေသည်။

ကျေးသည် ရဲရဲတောက် နီမြန်းနေရသော ရှက်ဒေါသမျက်နှာလှလှလေးနှင့် ခုတင်ပေါ်မှ ကျုံးထကာ ခုတင်ပေါ်က အပြေးလေးဆင်းရန် ပြင်လိုက်ပေမယ့် သူမ၏ လှုပ်ရှားမှုက မြန်ဆန်လှသော နိုင်ကမ္ဘာကို လိုက်မမီနိုင်အောင် ဖြစ်သွားရသည်။

ကျေးသည် သူ့ရင်ခွင်ထဲမှ အားအင်သုံးကာ ရုန်းပါသော်လည်း ကံကြမ္မာက ကျေးအား မျက်နှာသာမပေးပါ။

အချစ်မုန်တိုင်းကြီး ထန်နေရပြီဖြစ်သော နိုင်ကမ္ဘာသည် ကျေးကိုယ်လေးအား တင်းတင်းကြီး ပွေ့ဖက်ထားလျက်က ပူနွေးလှိုက်ဖြာသော ရင်ခုန်ဖွယ်ကောင်းသော အနမ်းများဖြင့် ကျေးအား ချစ်ကမ္ဘာသစ်လေးဆီသို့ သိမ့်သိမ့်တုန် လှိုက်ခုန်သောရင်အစုံဖြင့်





ခေါ်ဆောင်သွားလေသည်။

ကျေး မိန်းမချောလေးထံမှ နင့်သီးစွာ ရှိုက်ငိုလာသည့် ငိုရှိုက်သံလေးက တိတ်ဆိတ်သောည၏ နက်ရှိုင်းသော အမှောင်ထုအောက်တွင် တစ်စထက်တစ်စ တိုးတိတ်ပျောက်ကွယ်သွားရသလို နိုင်ကမ္ဘာ၏ ချစ်စကားသံ တိုးတိုးသဲ့သဲ့လေးကလည်း သူတို့နှစ်ဦး၏ အခန်းထဲ စီးဝင်ပျံ့နှံ့သွားရတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သူမရင်ဘတ်ပေါ် လေးလံစွာ ကျရောက်နေသည့် အရာကြောင့် ကျေး မျက်ဝန်းလေး ဖျတ်ခနဲပွင့်ကာ နိုးလာတော့ သူမကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော နိုင်ကမ္ဘာကို သူမဘေးမှာ တွေ့လိုက်ရတာကြောင့် ကျေး မျက်ဝန်းလေး ပြူးကျယ်သွားရတဲ့အထိ ထိတ်လန့်တုန်လှုပ်ရှက်ရွံ့သွားရသည်။

ကျေး၏ မျက်နှာလှလှလေးမှာလည်း ဆေးနီများ ပက်ဖျန်းထားသလို ရဲရဲတွတ် နီမြန်းတောက်ပသွားရ၏။

ဘုရားရေ…ကြည့်စမ်း။

သူ…သူ ညက အို။

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော နိုင်ကမ္ဘာကို ကြည့်ပြီး ကျေး သူမအချစ်များကို ဖွတ်တိုးအနိုင်ယူသွားသည့် သူ့ကို နာကြည်း မုန်းတီးစိတ်များ ဖြစ်ပေါ်လာရသည်။

နာကြည်းစိတ်နှင့်အတူ ရှက်စိတ်ကြောင့် ကျေးမျက်နှာ လုလုလေးတစ်ခုလုံး သွေးရောင်များ ဖုံးလွှမ်းနေရတော့သည်။

သူ ညက ကျေးသည် သူ့အချစ်များကို ငြင်းဆန်ပါလျက် နှင့် ကျေး မကြည်ဖြူသည့်ကြားက သူမအချစ်ကို သူ့ဆန္ဒတစ်ခု တည်းနှင့် အနိုင်ယူသွားသော နိုင်ကမ္ဘာကို ကျေး နည်းနည်းမှ မကျေနပ်နိုင်ပါ။

ကျေး ဘယ်လိုပင် သူ့အချစ်များကို ငြင်းဆန်နေပါစေ နိုင်ကမ္ဘာကတော့ ဘာကိုမှ ဂရုမစိုက်သလို အနိုင်ယူသွားပုံက ခွင့်မလွှတ်ချင်စရာ၊ မုန်းချင်စရာ၊ နာကြည်းစရာဖြစ်သည်။

တွေးရင်းက ရှက်ဒေါသများ လှိုက်ဆူလာရသော ကျေးမှာ မုန်းမုန်းနှင့် နိုင်ကမ္ဘာ၏ မျက်နှာချောချောကြီးကို ဖျတ်ခနဲ ကြည့်မိ သွားရသည်။

ယောကျ်ားပီသကာ ကြည့်စင်ခန့်ထည်နေရသော





သူ့မျက်နှာကြီးက ချောမောလျက် ကြည့်လို့ကောင်းနေရပါသည်။

ဘာအပူအပင် သောကမှမရှိသလို နှစ်ခြိုက်စွာ အိပ်မော ကျနေသည့် သူ့မျက်နှာကြီးက ယခုလိုဆိုတော့လည်း ကလေးငယ် တစ်ယောက်နှင့်ပင် တူနေပါသေးသည်။

မှုန်ကုပ်ခြင်းမရှိ၊ ခက်ထန်မာကျောမှုမရှိဘဲ ပကတိချော မွေ့သော မျက်နှာခန့်ထည်ထည်ကြီးနှင့် နှစ်ခြိုက်စွာ အိပ်မောကျနေ သူဟာ သူမရဲ့ခင်ပွန်းသည်တဲ့လား။

ထူထဲနက်မှောင်သော မျက်ခုံးကြီးနှစ်ဖက်က ဖြောင့်စင်း နေရသလို ပေါ်လွင်တဲ့နှာတံ တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်း အစုံကို အကြည့်များ ရောက်သွားချိန်မှာတော့ ကျေး၏ နှလုံးသား လေးများ တဆတ်ဆတ် တုန်ခါသွားရသည်။

တစ်ဆက်တည်း တွေးလိုက်သည်က ဦးနိုင်ကမ္ဘာနှင့် ကျေးသည် အရင်းနှီးဆုံး ဇနီးမောင်နှံများ ဖြစ်သွားရပြီဆိုသည့် စိတ်ကလည်း သူမတစ်ကိုယ်လုံးကို လှိုက်ဖိုလျက် တုန်ယင်မောလျ သွားစေရကာ ရှက်စိတ်များ ကြီးစိုးသွားရတော့သည်။

ကျေးမှာ သူမအဖြစ်ကို သူမ တွေးပြီး စိတ်မှာ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



အားငယ်သလို ရှိသွားရသည်။

နိုင်ကမ္ဘာ သူ သူမဘာဝကို ဖွတ်တိုးအနိုင်ယူသွားခဲ့ပြီ မဟုတ်ပါလား။

ကျေး နှုတ်ခမ်းလေးကို တင်းတင်းဖိကိုက်ရင်းက နိုင်ကမ္ဘာ အပေါ် နာကြည်းရသော အတွေးများဖြင့် သူမကိုယ်လေးအား ထွေးဖက်ထားသော သူ့လက်များကို ရှက်မျက်နှာရဲရဲလေးနှင့် ဖယ်ရှားရင်းက ကျေး အိပ်ရာမှထရန်အလုပ်…

"ဟိတ်"

"အမေ့"

'ဟိတ်'ဆိုသောအသံနှင့် ကျေးကိုယ်လေးကို နောက်မှ အရှိန်နှင့် သိမ်းကျုံးဆွဲဖက်လိုက်တာကြောင့် ကျေးကိုယ်လေးမှာ အလဲလဲအပြိုပြိုနှင့် ရင်ခွင်ကျယ်ကြီးထဲ ဒုတိယအကြိမ် ပြန်လည် ရောက်ရှိသွားရသည်။

"ဒါက ဘယ်သွားမလို့လဲ ကျေး၊ အစောကြီးရှိသေးတယ် လေ"

သူမကိုယ်လေးကို တင်းတင်းကြီး ထွေးဖက်ရင်း အကြည့်



စူးစူးကြီးများနှင့် မလွှဲတမ်း ငေးမောစူးစိုက်ကြည့်လျက် ချို့ကြည် သော မျက်နှာကြီးနှင့် ကြည်မွေ့စွာပြောလိုက်သော နိုင်ကမ္ဘာကြောင့် ကျေးမှာ မျက်နှာလေး ထူထူပူပူနှင့် သူ့အား ရင်မဆိုင်ရဲအောင် ဖြစ်သွားရသည်။

စူးရှလွန်းသည့် သူ့အကြည့်များနှင့် ရင်ဆိုင်ဆုံရမည်ကိုပင် ကျေးမှာ ရှက်စိတ်ပို ရင်မဆိုင်ရဲသည်မို့ အယောင်ယောင်အမှားမှား နှင့် ကျေး မျက်ဝန်းလေးအစုံကို မှေးမှိတ်ထားလိုက်သည်။

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

မျက်ဝန်းလေးအစုံကို ကလေးတစ်ယောက်လို တင်းတင်း ကြီး ပိတ်ကာ မျက်နှာလှလှလေး နီမြန်းတောက်ပနေရတဲ့အထိ အရှက်သည်းနေရသည့် သူ့ရင်ခွင်ထဲက ချစ်ဇနီးအဖြစ်ကို နိုင်ကမ္ဘာ သဘောတကျနှင့် သွားစွယ်လေးများ ပေါ်သည့်အထိ ရယ်မောပစ် လိုက်သည်။

သူသည်လိုရယ်တော့ ကျေးမှာ ပို၍အရှက်သည်းသွားရ ကာ…

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်…ရှင် လူကိုကြည့်ပြီး ဘာရယ်တာလဲ"

မျက်ဝန်းလေး ဖျတ်ခနဲ ပွင့်လာကာ အကြည့်လွဲလွဲလေးများဖြင့် သူ့အား ရန်တွေ့ ရုန်းထွက်နေသူလေးကို နိုင်ကမ္ဘာ အပြုံးနှင့် ပိုမိုဖျစ်ထွေးထားလိုက်ပြီး…

"အေးဗျ…ဘာလို့ ဒီလောက်ရုန်းနေရတာလဲ၊ အဟွန်းမောင်ရယ်တာ ချစ် အရှက်သည်းနေတဲ့ပုံစံလေးကို ချစ်လို့၊ မြတ်နိုးလို့၊ သဘောကျလို့ဗျာ"

"မချစ်နဲ့၊ မမြတ်နိုးနဲ့၊ လွှတ်…ကျွန်မကိုလွှတ်၊ ကျွန်မအချစ်ကို အခုလိုပုံစံနဲ့ ဖွတ်ယူတဲ့ရှင့်ကို မုန်းတယ်သိလား"

မျက်ဝန်းစိမ်းစိမ်းလေးနှင့် သူ့ရင်ခွင်ထဲမှ ခပ်လွန့်လွန့်ရုန်းထွက်ကာ သူ့အား မုန်းစကားဆိုနေသူလေးကို နိုင်ကမ္ဘာမှာ တောင်းပန်သောအကြည့်များနှင့် နူးညံ့စွာကြည့်ရင်း…

"မောင် တောင်းပန်ပါတယ် ကျေးရယ်၊ မောင့်အမှားကို ကျေး ခွင့်လွှတ်ပါ၊ ကျေးကို မောင်သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး၊ မောင် သိပ်ချစ်တဲ့ မောင့်ဇနီးကို မောင် ချစ်မိတာဟာ အပြစ်ဆိုရင် အဲဒီအပြစ်ကို မောင် ကြည်ဖြူစွာ ခံယူပါ့မယ်ဗျာ၊ ကျေး မောင့်ကို

ဒို း မို း ၁၁၆ပ



ကြိုက်တဲ့အပြစ်ပေးပါ"

"ရှင့်ကို အပြစ်ပေးတော့ရော ကျွန်မဘဝက ပြန်လည်ဖြူစင်သွားမှာမို့လို့လား၊ ရှင့်သဘောဆန္ဒတစ်ခုတည်းနဲ့ ကျွန်မဘဝကို အနိုင်ယူသွားတာ ကျွန်မ ဘယ်တော့မှ မမေ့ဘူး၊ ရှင့်ကိုလည်း ခွင့်မလွှတ်ဘူး"

ကျေးမှာ နိုင်ကမ္ဘာအား သူမဘဝကို အနိုင်ယူရက်သူအဖြစ် နာကျင်ကြေကွဲစွာ ဆိုလိုက်လေသည်။

"ဘယ်လိုပြောလိုက်တာလဲ ကျေး၊ ကျေးကို မောင်ချစ်တာ၊ အနိုင်ယူတာမဟုတ်ဘူး"

"ကျွန်မ မကြည်ဖြူဘဲ ကျွန်မအချစ်ကို ဖွတ်ယူတာဟာ အနိုင်ယူတာပဲ၊ လွှတ်…လွှတ်၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး"

ကျေးထံမှ စကားများက နိုင်ကမ္ဘာ၏ နှလုံးသားကို နာကျင်သွားစေရ၏။

တစ်ဆက်တည်း သူ့အပေါ် အထင်အမြင် လွဲနေသည့် ဇနီးချောကို နိုင်ကမ္ဘာ မချိတဲ့ရင်အစုံဖြင့် ငေးစိုက်ကြည့်လျက်က

"ကျေးရယ်…မင်းလေး မောင့်အချစ်ကို ဘာလို့နားမ

ဒို း မို း ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



လည်ရတာလဲဗျာ၊ မောင့်ဘဝ မောင့်ကမ္ဘာမှာ မောင့်နှလုံးသားနဲ့ ရင်းပြီး မြတ်မြတ်နိုးနိုး ချစ်မိတဲ့သူဆိုလို့ မောင်သိပ်ချစ်တဲ့ ကျေး တစ်ယောက်ပဲ ရှိပါတယ်ဗျာ၊ ကျေး မောင့်အချစ်ကို နားလည်စမ်းပါ''

ချစ်မြတ်နိုးမှုများ ပြည့်လျှမ်းနေရသော မျက်ဝန်းစူးစူး တောက်တောက်ကြီးနှင့် ကျေးထံ အကြည့်များ မလွဲစိုက်ကြည့်ရင်း သူ့အချစ်များကို မယုံကြည် နားမလည်ရကောင်းလားဆိုကာ ရင်မှာ ခံရခက်ခက်ကြီးဆိုလာသည့် နိုင်ကမ္ဘာကို ကျေး နှုတ်ခမ်းလေး တင်းတင်းစေ့ကာ ပြန်ကြည့်ပြီး…

''လွှတ်ပါ''

''ရှင်ဖြစ်ချင်တဲ့ဆန္ဒတွေ ဖြစ်ခွင့်ရပြီမို့ ရှင် ကျွန်မကို လွှတ်ပါတော့''

''ကျေး''

ဝေသီနေသော မျက်ရည်စများနှင့် ဆိုလာသော ကျေး စကားကြောင့် နိုင်ကမ္ဘာ ရင်မှာ ဖျင်းခနဲ ဖြစ်သွားရကာ နှလုံးသား နုနုကို အပ်စင်းပေါင်းများစွာနှင့် ထိုးဆွလိုက်သလို ခံစားလိုက်ရ

ဦးမိုး ၈၇၉၀



သည်မို့ ထိုဝေဒနာကို မခံစားနိုင်သလို နိုင်ကမ္ဘာမှာ ကျေးအား ရင်မှာ နင့်ဖြာသော အသံကြီးနှင့် ခေါ်လိုက်လေသည်။

သည်နောက် နိုင်ကမ္ဘာသည် ကျေးအား နင့်သီးလှိုက်ဖြာသော ဝေဒနာခံစားမှုကြောင့် နာကျင်ကြေကွဲရသော ဝေဒနာအဖုံဖုံနှင့် မျက်ဝန်းကြီးများ ပို၍စူးရှတောက်ပလာရကာ အံကို တင်းခနဲ စေ့ကြိတ်လိုက်ပြီး…

''မောင့်ကို မင်း ဘယ်လိုပြောလိုက်တာလဲ ကျေး၊ မောင့်ကို မောင့်ကို မင်း ဘယ်လိုမြင်နေပြီလဲဟင်၊ မောင်ချစ်တာကို မင်းတကယ်ပဲ မသိဘူးလား ကျေးရယ်''

သူ့အချစ်ကို ယခုထက်တိုင် နားလည်ခြင်းမရှိသေးသည့် ချစ်ဇနီးချောကို နိုင်ကမ္ဘာ ရင်မှာ ခပ်တင်းတင်းကြီး မချင့်မရဲ ဖျစ်ညှစ်ပစ်လိုက်သည်။

ထိုအခါ ကျေး အသက်ရှူ မွန်းကြပ်သွားရ၏။

သည်လူသည် သူမနှင့်ပတ်သက်လာလျှင် ဘယ်ကိစ္စမဆို နည်းနည်းလေးမှ အတိမ်းအစောင်းမခံတတ်သည်ကလည်း သူ့အကျင့်ပင်ဖြစ်သည်။

ဦးမိုး ၈၇၉၀

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကျေး မသိမဟုတ် သိပါသည်။

သို့သော်လည်း ကျေးအချစ်ကို ဖွတ်တိုးယူသွားသည့် သူ့ကိုတော့ ကျေး မုန်းလှသည်မို့ သူ့ခံစားမှုများကို တမင် မသိဟန်ပြုကာ ထိုစကားများကို ပြောလိုက်ခြင်းဖြစ်သည်။

"ကျေး...မောင့်ကို မင်းတကယ် မုန်းနေပြီလားဟင်၊ မောင့်ကို ခွင့်လွှတ်ဖို့ ကျေး မစဉ်းစားတော့ဘူးလားဗျာ"

သူ့စကားကို ကျေး ဘာမှပြန်မပြောတော့ပါ။

သူ့ကို ခွင့်လွှတ်သည်ဖြစ်စေ၊ ခွင့်မလွှတ်သည်ဖြစ်စေ ကျေးဆိုတာ နိုင်ကမ္ဘာဆိုတဲ့သူ၏ ဇနီးသည်ဘဝကို အမှန်တကယ် ရောက်ရှိသွားပြီမို့ ကျေး သူ့ရင်ခွင် သူ့ဘဝထဲက ဘယ်လိုမှ ရုန်းထွက်ဖယ်ရှားလို့ မရဆိုတာကိုလည်း ဝမ်းနည်းစွာ သိလိုက်ရလေသည်။

ဝမ်းနည်းစိတ်ကြောင့် ကျေး ပါးပြင်နုနုထက် မျက်ရည်စများ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာရ၏။

နိုင်ကမ္ဘာမှာ မျက်ခွံမို့မို့လေးအောက်က တလိမ့်ချင်း စီးကျလာရသည့် ကျေး၏ မျက်ရည်စများကို မျက်ဝန်းညိုအစုံနှင့်





စိုက်ကြည့်ရင်းက သူမပါးပြင်ပေါ်မှ မျက်ရည်စများကို သူ့ပါးပြင်ချောချောနှင့် ပွတ်တိုက်လျက် မျက်တောင်ရှည်ကြီးများ ဝိုင်းရံထားသည့် မျက်ခွံလေးကို သူ့နှုတ်ခမ်းဖြင့် ဖိကပ်ပြီး မချင့်မရဲ စိတ်လှုပ်ရှားစွာ နမ်းရှိုက်နေလိုက်သည်။

သည်တစ်ခါတော့ ကျေးသည် နိုင်ကမ္ဘာ့ရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်းကန်ဖယ်ရှား တွန်းထိုးခြင်းမပြုပါလေတော့။

သူမဘဝကို ပိုင်ဆိုင်ခွင့်ရသွားပြီဖြစ်သော နိုင်ကမ္ဘာကို ကျေး နာကြည်းစိတ်နှင့် အရှုံးပေးလိုက်သည်လားမသိပါ။

သူမတစ်ကိုယ်လုံး နိုင်ကမ္ဘာရင်ခွင်ထဲတွင် ပျော့ပျောင်းနေရကာ သူ့အနမ်းများကို ကျေး မရှောင်ဖယ်တော့ဘဲ ငြိမ်သက်စွာ ခံယူနေလိုက်သည်က နိုင်ကမ္ဘာဆိုတဲ့ သူ့ကို ချစ်၍တော့ ဟုတ်လိမ့်မည်မဟုတ်ပါ။

သေချာတာကတော့ နိုင်ကမ္ဘာ၏ အချစ်များကို ကျေး တစ်ယောက် ဥပေက္ခာပြုလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျေးသည် သူမဘဝလေးကို နိုင်ကမ္ဘာ အနိုင်ယူသိမ်းပိုက်သွားပြီးကတည်းက သူမသည် နိုင်ကမ္ဘာနှင့် တတ်နိုင်သလောက် မျက်နှာချင်းမဆိုင်မိအောင် သူမဘက်က ရှောင်ဖယ်နေမိပါသည်။

မရှောင်နိုင်လို့ ဆုံမိပြန်ရင်လည်း ကျေး သူ့ကို မသိသလို မျက်နှာလေးနှင့် ဥပေက္ခာပြုနေတတ်သူလည်း ဖြစ်သည်။

သူမက ထိုသို့ သူ့အပေါ် ဥပေက္ခာပြုရှောင်ဖယ်လေ စိတ်မှာ အခံရခက်ခက်ကြီးနှင့် ရှိနေရလေသူက နိုင်ကမ္ဘာ။

နိုင်ကမ္ဘာ သူ့အပေါ်တွင် ဖယ်စိမ်းကားနေမှုကြောင့် စိတ်မှာ မရိုးမရွဖြစ်နေရကာ ချစ်ဇနီးသည်ကြောင့် အသည်းယားယားကြီးလည်း ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ သူမ သူ့အပေါ် လုပ်နေပုံက ဘယ်လောက်များ အသည်းယားဖို့ ကောင်းနေရသည်လဲဆိုဟာ။

သူ့ကိုမြင်သည်နှင့် ကျေး မိန်းမချောမှာ သူ့အား ရှောင်လွှဲသွားတတ်သလို မရှောင်နိုင်လို့ ဆုံပြန်ရင်လည်း ကျေး သူ့ရင်ခွင်ထဲမှနေကာ သူ၏ ချစ်စကားများကို မသိဟန်ပြုနေလေသည်။

သူမအား ချစ်လားလို့ မေးလိုက်ပြန်လည်း သူ့အချစ်သည်၊ မချစ်သည် တစ်ခွန်းမှမဆိုပါဘဲ သူ့ရင်ခွင်ထဲမှာသာငြိမ်သက်နေတတ်သူမို့ နိုင်ကမ္ဘာ သူမအပေါ် သိပ်စိတ်မရှည်ချင်တော့ပါ။

ကျေးပုံစံလေးက သူ့အပေါ် ဟိုယခင်ကလောက် တင်းမာခက်ထန်ခြင်းများ မရှိတော့သလို ကြည်ဖြူလိုက်လျောခြင်းလည်း ရှိမနေပါ။

သူ့အချစ်များကိုတော့ ကျေး မရုန်းဖယ် မငြင်းဆန်တော့ပါ။

ကြည်သလို မကြည်သလို မျက်နှာလေးနှင့် သူ့အချစ်ကိုငြိမ်သက်စွာ ခံယူနေတတ်ပုံကြောင့် သူ့ရင်မှာ အချစ်များ ပိုရှိ





တိုးနေရသည့်အဖြစ်ကိုလည်း ကျေး သိမည်မဟုတ်ပါ။

သိအောင်လည်း သူမ ကြိုးစားလိမ့်မည်မဟုတ်။ သူ့အပေါ် သူမ အချစ်များကို အနိုင်ယူရက်သူအဖြစ် မုန်းနေဆဲဖြစ်သည်ဆိုတာကိုတော့ စိမ်းလဲ့နေသည့် ကျေး၏ မျက်ဝန်းလှလှလေးကို ကြည့်တာနှင့်ပင် သူသိနေရပါသည်။

ဘယ်လိုပင် ဖြစ်နေပါစေ နိုင်ကမ္ဘာကတော့ ကျေး သူ့ကိုချစ်ချစ် မချစ်ချစ် သူမအပေါ် သူ့ဘက်က ချစ်နေရလျှင် ကျေနပ်နေရသူမို့ ကျေးကို သူ့မျက်စိအောက်က သူ့အရိပ်အောက်က အပျောက်မခံနိုင်အောင် ရှိနေရသည်။

ယခုလည်းကြည့် ကျေးသည် သူ့အား ရှောင်ဖယ်ကာ ခြံထဲသို့ ဆင်းသွားသည်မို့ နိုင်ကမ္ဘာသည် ကျေးရှိရာခြံထဲသို့ သူပါဆင်းလိုက်လာခဲ့သည်။

ကျေးတစ်ယောက်ကတော့ဖြင့် နိုင်ကမ္ဘာ သူမရှိရာခြံထဲသို့ ဆင်းလိုက်လာသည်ကို မသိပါ။

ကျေးမှာ နိုင်ကမ္ဘာအပေါ် စိတ်ဆိုးဒေါသဖြစ်နေရတာနှင့်ပင် ခြံထဲသို့ အေးအေးဆေးဆေး ယခုလို မဆင်းဖြစ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်လေးများပင် ကြာခဲ့ရပြီဖြစ်သည်။

ပန်းရနံ့များကို သယ်ဆောင်လာသော အေးမြသည့် လေနုအေးများက ကျေး၏ မျက်နှာလှလှလေးကို တိုးဝှေ့ကျီစယ်သွားသောအခါ ကျေးတစ်ယောက် စိတ်မှာ ကြည်လင်လန်းဆန်းသွားရသည်။

သည်နောက် သူမအနားတွင်ရှိနေသော စံပယ်ပင်မှ ဖြူဖြူဖွေးဖွေး စံပယ်ပန်းလေးများကို အပြုံးလှလှလေးနှင့် ခူးဆွတ်နေလိုက်သည်။

ထိုစဉ်...

"ကျေး"

"ဟင်"

"ရှင်"

ခေါ်သံကြောင့် ကျေးအကြည့်လေးများ နောက်သို့ ဖျတ်ခနဲရောက်ရှိသွားရတော့ သူမထိုင်နေသည့် ခုံတန်းနောက်တွင် အပြုံးချောချောနှင့်အတူ မားမားကြီးရပ်နေသည့် နိုင်ကမ္ဘာကို တွေ့ရတော့ ကျေး သူမအကြည့်လေးများကို ချက်ချင်းပင် လွှဲသွားလိုက်လေ





သည်။

"အဟွန်း...ဟွန်း"

နိုင်ကမ္ဘာ ကျေး၏ အပြုအမူများအတွက် မထူးဆန်းတော့သလို သူမ၏ ထိုပုံစံသည် သူ့အတွက် ရီးနေရသည့်ပုံစံမျိုး နှုတ်ခမ်းကို စေ့ပိတ်လျက် ခပ်လွှန်လွှန် ရယ်လိုက်သည်။

သည်မိန်းမသည် သူ့ကို အမြဲသည်လို ဂျစ်တိုက်လိုက်ရမှ ကျေနပ်တတ်သူဆိုတာ နိုင်ကမ္ဘာတစ်ယောက် သူမအကြောင်းကို ကောင်းကောင်း သိနေရပြီဖြစ်သည်။

ကျေးဆိုတဲ့ သူ၏ချစ်ဇနီးချောကို နိုင်ကမ္ဘာသည် အစက သည်လောက် ကလေးဆန်လိမ့်မည်လို့ မထင်ခဲ့ပါ။

သူမနှင့် တစ်မိုးအောက်မှာ အတူနေရက်လေးများ ကြာလာသည့်အခါမှာတော့ ကျေး၏ ကလေးဆန်သည့် အပြစ်ကင်းစင်သော ချစ်စဖွယ်အမူအရာ အပြောအဆိုလေးကို နိုင်ကမ္ဘာကိုယ်တိုင် ကြုံခဲ့ရလေသည်။

နိုင်ကမ္ဘာသည် ချစ်ဇနီး၏ ရိုးသားဖြူစင် အပြစ်ကင်းစင်သော ကလေးဆန်လွန်းသည့် အမူအရာလေးတွေကြောင့် သူ့ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်များ တိုးပြီးရင်း တိုးခဲ့ရလေသည်။

ဒါတင်မကသေးပါ။

ကျေးသည် တစ်ခါတစ်ရံတွင်လည်း သူ လုံးဝမထင်မှတ်ထားသည့် ကလေးဆန်ဆန် အလုပ်လေးများကို လုပ်တတ်သူမို့ နိုင်ကမ္ဘာသည် သူမအကြောင်းကိုတော့ သူ ကောင်းကောင်းကြီး သိနေရပြီမဟုတ်ပါလား။

ထိုသို့ သိ၍များ နိုင်ကမ္ဘာသည် ကျေးကို အပြစ်တင်စကား ဆိုလိမ့်မည် မထင်လိုက်ပါနှင့်။

ကျေးအပေါ် သူသည် အပြစ်ထက် အချစ်ကိုသာ မြင်နေရသူမို့ ကျေးသည်သာ သူ့ကမ္ဘာ၊ ကျေးသည်သာ သူ့ဘဝ၊ သူ့နှလုံးသား ဖြစ်နေရတော့သည်။

နိုင်ကမ္ဘာသည် ချစ်ဇနီးချော၏ အပြုအမူကို ခွင့်လွှတ်သည့်ဟန် အပြုံးချောချောနှင့် ကြည့်ရင်းက သူမအနားသို့ သူဝင်ထိုင်လိုက်လေသည်။

သူထိုင်တော့ ကျေးသည် သူမကိုယ်လေးကို တစ်ဖက်သို့ တိုးကပ်သွား၏။





"အေးဗျ…ခင်ဗျားလေး ဘာလို့ ဟိုဘက်ကို ဒီလောက်တိုးကပ်သွားရတာလဲ၊ ကျုပ်က ခင်ဗျားလေးကို ကိုက်မစားပါဘူးဗျာ"

အပြုံးချောချောနှင့် ပြောလည်းပြော သူ့ကိုယ်ကြီးကလည်း ကျေးရှိရာအနားသို့ တိုးကပ်လာတော့ ကျေးသည် မျက်နှာလှလှလေး မှုန်တည်သွားရကာ သူမကိုယ်လေးကို ဘေးသို့ ထပ်တိုးလိုက်ပြီး…

"ရှင်နော်…ကျွန်မကို လာပြီးမနှောင့်ယှက်နဲ့"

"အဟွန်း…မောင့်မိန်းမအနား မောင်လာတာ နှောင့်ယှက်တာလားဗျ"

"မလာနဲ့၊ သွား"

"မောင်က ဘယ်ကိုသွားရမှာလဲ"

"ရှင်ကြိုက်တဲ့နေရာသွား၊ ကျွန်မနဲ့ဝေးရင် ပြီးရော"

"အဲဒါခက်တာပဲ၊ မောင်နေချင်တာလည်း ကျေးအနားမှာ၊ မောင့်မိန်းမ မျက်နှာလှလှလေးကိုပဲ မောင် ကြည့်ချင်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘယ်လိုဖြစ်နေတာလဲ၊ လူကို မိန်းမ…မိန်းမမခေါ်နဲ့၊ မကြိုက်ဘူး"

"ဒါဖြင့် ဘာကြိုက်လဲ"

"ဘာရှင့်"

"အဟွန်း…ဟွန်း ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး၊ ကျေးစိတ်ဆိုးရင် သိပ်လှလို့ မောင်ကစတာ"

"ကျွန်မက ရှင့်အတွက် စ,စရာလူမဟုတ်ဘူးနော်"

ကျေးမှာ သူမကို စရကောင်းလားဆိုကာ မျက်နှာလေး သုန်မှုန်တင်းမာသွားရ၏။

"ဟောဗျာ…မောင့်မိန်းမကို မောင်ချစ်လို့စတာ မစရဘူးလား"

"မစနဲ့"

"မစနဲ့ဆို ချစ်တယ်"

"ရှင်…ရှင်နော်"

"အဟွန်း…ဟွန်း…ဟွန်း"

မျက်နှာတည်တည်ကြီးနှင့် ပြောလိုက်သည့် သူ့စကားကို





တကယ်ထင်မှတ်ကာ မျက်ဝန်းလေး ပြူးသွားရသည့် ကျေးအဖြစ်ကို ကြည့်ပြီး နိုင်ကမ္ဘာသည် ခေါင်းကို မော့လျက် နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်မောလိုက်လေသည်။

ကျေးမှာ သူမရှေ့တွင် နိုင်ကမ္ဘာ ယခုလို သွားစွယ်လေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောတာမျိုး တစ်ခါမှ မမြင်မတွေ့ဖူးသည်မို့ နိုင်ကမ္ဘာကို မျက်ဝန်းပြူးလေးနှင့် တအံ့တသြ ကြည့်နေလေသည်။

သည်လိုဆိုတော့လည်း သူ့ပုံစံက နဂိုရှိရင်းစွဲ အသက်ထက် နုပျိုသွားရကာ သူ့ပုံစံက အရမ်းကို ကြည့်လို့ကောင်းနေရတော့သည်။

"ဟိတ်…လူကို ဘာလို့ ဒီလောက်တောင် ကြည့်နေတာလဲ၊ ဒီမှာ မနေတတ်တော့ဘူးဗျ"

"အို"

သူ့အသံကြားပါမှ ကျေးသည် သတိလက်လွတ် သူ့အားငေးကြည့်မိသွားရသည့်အဖြစ်ကို သတိထားသွားရကာ မျက်နှာရဲရဲလေးနှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားရပြီး သူ့ထံက အကြည့်များကို



www.burmeseclassic.com

www.burmeseclassic.com



လွှဲလျက်က ရှက်ရှက်နှင့် သူမခေါင်းလေး ငုံ့ဆင်းသွားရသည်။

နိုင်ကမ္ဘာမှာ ဘာရယ်မဟုတ် စတုန်းကတော့ သူမကို အသည်းယားစွာ စကောင်းကော်င်းနှင့် စလိုက်တာဖြစ်သော်လည်း ယခုလို ချစ်ဇနီးလေး အရှက်သည်းသွားရသည်ကို သိရပြန်တော့ သူ စိတ်မကောင်းဖြစ်သွားရပြန်၏။

"ကျေး"

"ဟင့်အင်း...ကျွန်မ သွားတော့မယ်"

"မသွားရသေးဘူး"

"ရှင်နော်"

"ဘာလို့ မောင့်ကို ဒီလောက်ရှောင်နေရတာလဲ ကျေး၊ မောင်က မင်းအတွက် သူစိမ်းလား၊ မောင်လည်း မောင့်ဇနီးနဲ့အတူ အေးအေးဆေးဆေး စကားပြောချင်သေးတာပေါ့"

"ရှင်ပြောချင်ပေမယ့် ကျွန်မမှ ရှင့်ကို မပြောချင်တာ"

ထိုစကားက နိုင်ကမ္ဘာ၏ မာနကို ထိပါးသွားစေရသည် မို့ နိုင်ကမ္ဘာမျက်နှာကြီးမှာ တင်းခနဲဖြစ်သွားကာ...

"ကျေး မပြောချင်နေ၊ မောင်ပြောတာကို ကျေး နားထောင်





ပေး"

"ရှင် ဘယ်လိုလူလဲ"

"အဟွန်း...ကျေးကို သိပ်ချစ်တဲ့လူလေ"

"မကြားချင်ဘူး၊ ရှင့်ကို ကျွန်မ မုန်းတယ်"

"ဘာ"

"ကျေး...မင်း မောင့်ကို တကယ်ပြောနေတာလားဟင်၊ မောင့်ကို မုန်းတယ်ဆိုတာ မင်း တကယ်ပြောနေတာလား"

နိုင်ကမ္ဘာမှာ ကျေးနှင့်သူ အိမ်ထောင်သက်လေးများ ကြာလာခဲ့ရပြီမို့ ကျေးအမုန်း သူ့အပေါ် ပြေပျောက်လောက်ပြီ ထင်ထားခဲ့သည်။ ယခု သူထင်တာနှင့် တခြားစီ ကျေးသည် သူ့အား မုန်းပါသည်ဟု ဆိုလာသောအခါ နိုင်ကမ္ဘာ ရင်ထဲမချိ အောင် နာကျင်ကြေကွဲ ထိခိုက်သွားရသည်။

"ရှင့်ကို ကျွန်မ ချစ်ပါတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ"

"အဟွန်း...ဟုတ်ပါတယ်၊ မင်းပြောတာ မှန်ပါတယ်၊ ကျုပ်ကို မင်း ဘယ်တုန်းကမှ ချစ်တယ်လို့ မပြောခဲ့ဖူးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်အထင် မင်းအမုန်းတွေလည်း ကျုပ်အပေါ် ပြေပျောက်လောက်ပြီထင်ခဲ့တာ၊ အဟွန်း…ခုတော့ ဘယ်မလဲ ကျုပ်ထင်တာနဲ့ တခြားစီ ဖြစ်နေပါလား"

နိုင်ကမ္ဘာမှာ သူ့အဖြစ်ကို သူ အခံရခက်ခက်နှင့် နာကျင်ရသလိုမျိုး အံ့ကို တင်းတင်းကြိတ်ရင်းက စူးရဲသောမျက်ဝန်းအစုံနှင့် ကျေးအား စိုက်ကြည့်ရင်း နာကျင်ခံခက်စွာ ဆိုလိုက်လေသည်။

"ရှင့်ကို ကျွန်မ အစကတည်းက ပြောခဲ့တာပဲ၊ ကျွန်မကို လက်ထပ်လို့ ရှင် နောင်တပဲရမယ်ဆိုတာ၊ ခု ကျွန်မပြောတာ ရှင်လက်ခံပြီမဟုတ်လား"

ကျေးထံမှ အခံရခက်စေရသည့် စကားနှင့် မထီမဲ့မြင်ဟန်လေးကြောင့် နိုင်ကမ္ဘာ နှုတ်ခမ်းလေးကို တင်းတင်းစေ့လိုက်ရင်း

"မင်း အထင်မှားနေပြီ ကျေး၊ ကျုပ်ဘဝမှာ နောင်တဆိုတာ ဘယ်တော့မှ မရှိခဲ့ဘူး၊ ရှိလည်း ရှိလာနိုင်မှာမဟုတ်ဘူး၊ မင်းအချစ်ကို ဒီအချိန်ထိ ကျုပ် မရသေးပေမယ့် တစ်ချိန်မဟုတ်တစ်ချိန်မှာတော့ မင်းအချစ်ကို ပိုင်ဆိုင်ခွင့်ရအောင် ကျုပ်ကြိုးစားနေမှာပဲ၊ ကျုပ်အချစ်ဟာ မင်းအပေါ် ဘယ်လောက်ခိုင်မာ လေးနက်





တယ်ဆိုတာ တစ်နေ့တော့ မင်းသိလာမှာပါ ကျေး"

နိုင်ကမ္ဘာမှာ ကျေးနှင့်ပတ်သက်ကာ သူ့ကိုယ်သူ ယုံကြည်စိတ်ချထားသည့်ဟန်မျိုး စကားများ ပြတ်သားစွာဆိုလိုက်ပြီး ကျေးမျက်နှာလေးကို စူးခနဲ စိုက်ကြည့်ကာ နေရာမှ ခြေလှမ်းကျဲကြီးများနှင့် လှည့်ထွက်သွားလေသည်။

ကျေးမှာ သူမအနားက ထွက်သွားသည့် နိုင်ကမ္ဘာ၏ နောက်ကျောမြင့်မြင့်မားမားကြီးကို ကြည့်ပြီး သက်မတစ်ချက်ကို ရင်မှာ ခပ်လေးလေး ချလိုက်မိတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ထက်တွင် တလူးလူး တလွန့်လွန့်နှင့် ကိုယ်လေး ဘယ်ညာစောင်းလျက် အိပ်မပျော်နိုင်သူ ကျေး ဖြစ်သည်။

ကျေးတစ်ယောက် ညဦးနက်နေပြီဖြစ်ပေမယ့် ဘယ်လိုမှ အိပ်၍မပျော်နိုင်ပါ။

သူ့မရင်ထဲ နိုင်ကမ္ဘာနှင့်ပတ်သက်ကာ အတွေးများမဆုံးနိုင်အောင် ရှိနေရတော့သည်။

ညနေက နိုင်ကမ္ဘာတစ်ယောက် ကျေးစကားကြောင့် အတော်လေး စိတ်ထိခိုက်သွားကြောင်း သူ့မျက်နှာချောချောကြီးကို ကြည့်တာနှင့် ကျေး သိပါသည်။

တကယ်တော့ ကျေးသည်လည်း သူမခံချင်အောင် ပါးစပ်က မုန်းစကားများဆိုနေရပေမယ့် သူ့မရင်ထဲမှာတော့ နိုင်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထားသည့် အမုန်းများက ယခင်ကလောက် တင်းတင်းမာမာ ကြီး မရှိတော့ဆိုတာ ကျေးကိုယ်ကျေး သိပါသည်။

ထိုသို့ ဝန်ခံရမှာကိုလည်း ကျေး ဝန်မခံချင်ပါ။ ထို့ကြောင့်လည်း ကျေး သူမအပေါ် အနိုင်ယူခဲ့သမျှ သူမဘက်ကလည်း သူ့အပေါ် ပြန်၍အနိုင်ယူရန် ဆုံးဖြတ်ကာ သူမကြိုက်သည့်စကား၊ သူမခံချင်သည့်စကားများနှင့် သူ့အပေါ် တမင်အနိုင်ယူခဲ့ခြင်းဖြစ်သည်။

သူမ၏အနိုင်ယူမှုက နိုင်ကမ္ဘာကို ဘယ်လောက်ထိ ထိခိုက်စေရသည်မသိပါ။

သူမထံမှ အမုန်းစကားကို သူသည် ကြားနိုင်စွမ်းမရှိသလိုမျိုး မျက်နှာချောချော ပျက်ယွင်းလျက် သူမအနားက ထွက်သွားသည့် နိုင်ကမ္ဘာ၏ပုံစံက ကျေးမျက်ဝန်းထဲက မထွက်ပါလေ။

ညနေကတည်းက ကားတစ်စီးနှင့် ထွက်သွားသော သူသည် ယခု ညဉ့်နက်သည့်တိုင် ပြန်မလာသေးပါ။

ကျေးသည် သူပြန်အလာကို တမင်စောင့်နေတာမဟုတ်သော်လည်း မျက်ဝန်းများက သည်နေ့မှ ထူးထူးခြားခြား အိပ်မပျော်





နိုင်အောင် ဖြစ်နေရသည်က ဘာကြောင့်မှန်းလည်း ကျေး မသိပါ။

ကျေးသည် သူ့ကားသံကိုတော့ နားစွင့်နေမိသည်က အမှန်ဖြစ်သည်။

သူ ဘာဖြစ်လို့များ သည်အချိန်ထိ နောက်ကျနေရတာပါလိမ့်။ သူ တစ်ခုခုများ ဖြစ်နေလို့လား။

ဘုရား…ဘုရား။

သည်အတွေးက ဝင်လာရတော့ ကျေး ဘယ်လိုမှ အိပ်၍မရတော့ပါ။ အိပ်ရာထက်မှ ထထိုင်လိုက်ပြီး ရင်မှာ သူ့အတွက် စိုးရိမ်မှုများ ဖြစ်သွားရလေသည်။

သူ့ကို မုန်းပါသည်ဟု ပါးစပ်က တွင်တွင်ပြောကာ သူ့အား ကြည့်မရပါဆိုသော ကျေးသည် ယခု ဘာအတွက်နဲ့များ နိုင်ကမ္ဘာအတွက် စိတ်ပူနေရတာပါလိမ့်။

တကယ်ဆို သူမ မုန်းပါသည့် နိုင်ကမ္ဘာ သူ့ဘာသာသူ ဘာပဲဖြစ်နေနေ ကျေးနှင့်မဆိုင်သလို နေနိုင်ပေမယ့် မနေနိုင်အောင် ဖြစ်နေရသည်က ကျေးပင်ဖြစ်သည်။

ကျေးမှာ သူမကိုယ်သူမလည်း နားမလည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ နိုင်ကမ္ဘာကို ကျေး တကယ်ပင် မုန်းနေသည်လား၊ မမုန်းသည်လားဆိုတာကိုလည်း ကျေး သူမကိုယ်သူမ သံသယဖြစ်လာရသည်။

သေချာသည်ကတော့ ကျေးအိမ်၏ အိမ်ထောင်ဦးစီးဖြစ်သည့် နိုင်ကမ္ဘာအပေါ် ပူပင်စိုးရိမ်စိတ်များ ဝင်နေရပြီဖြစ်သည်။

မှန်၏။

နိုင်ကမ္ဘာဆိုတာ ကျေး၏ခင်ပွန်းသည် လင်ယောကျ်ားတစ်ယောက် ဖြစ်နေရပြီမို့ သူနှင့်ပတ်သက်ကာ သူမရင်ထဲ စိုးရိမ်စိတ် ဝင်နေရပြီဖြစ်သည်။

သူမအနား သူမရှိပြန်တော့ သူ့အရိပ်အငွေ့များကို ကျေးသည် တမ်းတသလို ရှိလာရသည်ကလည်း ထူးဆန်းနေရ၏။

တစ်ဆက်တည်း စားစားသွားသွား ကျေးအနားတွင် ကျေးအရိပ်လို ကျေးအား ကလေးတစ်ယောက်လို မျက်စိအောက်က အပျောက်မခံ ချစ်မျက်ဝန်းစိုစိုကြီးများနှင့် ကြင်နာယုယ်စွာကြည့်လျက် သူမအား ချစ်နိုင်ရှာလွန်းသော နိုင်ကမ္ဘာ၏ အချစ်များကိုလည်း ကျေး အထင်မသေးရဲတော့ပါ။



နှုတ်က ဖွင့်မပြောပေမယ့် ကျေးသည် သူ့အချစ်များကိုတော့ စိတ်မှာ အသိအမှတ်ပြုနေခဲ့ရပြီဖြစ်သည်။

တကယ်တော့ ကျေးသည် သူ့အနားက ရှောင်နေခြင်းက သူ့အား မုန်း၍မဟုတ်ပါ။ ရီဝေစူးရှလွန်းသည့် ချစ်ရောင်ခြည်များ လင်းလက်ဖြာဝေနေရပါသော သူ၏အကြည့်များနှင့် ဆုံရမှာကို ကြောက်သောကြောင့် ဖြစ်ပါသည်။

ကျေးသည် နိုင်ကမ္ဘာနှင့် မျက်ဝန်းချင်းဆုံပါက သူမရင်ခုန်သံတွေသည် မြန်ဆန်လှုပ်ရှားနေတတ်ပြီဖြစ်၏။

ရင်ခုန်တာကို အချစ်လို့ဆိုရင်ဖြင့် ကျေး သူ့အား ချစ်မိနေပြီလား မသိပါ။

ငကျေး ဦးနိုင်ကမ္ဘာကို တကယ်ပဲ ချစ်မိနေပြီလား။

သူ့အကြောင်း တွေးတာနှင့်ပင် ရင်ခုန်သလို ရင်တုန်သလို ရင်ခုန်သံတွေ မြန်ဆန်လာလျက် စိတ်မှာ ကြည်နူးသွားရသလို ဘာလိုလိုတွေနှင့် ရှက်သွေးဖြာနေရသောကျေးမှာ ထိုမေးခွန်းကို သူမကိုယ်သူမ ပြန်၍ အကြိမ်ကြိမ်အဖန်ဖန် မေးနေမိတော့သည်။

သေချာသည့်အဖြေတစ်ခုက မထွက်လာပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးသည် ထိုအဖြေအတွက် သူမကိုယ်သူမလည်း သိသလိုရှိနေရသည်။

အတွေးနှင့် ကျေး မျက်နှာလေးမှာ ရှက်ပြုံးနှင့် နီမြန်းနေရတော့သည်။

သည်နောက် သူမအကြည့်များက စားပွဲတင်နာရီလေးဆီသို့ အကြည့်များ ရောက်ရှိသွားတော့ ကျေးမျက်နှာလေး ပျက်သွားရသည်။

နိုင်ကမ္ဘာ သူ သည်လောက်အချိန် နောက်ကျနေသည့်တိုင် ဘာလို့များ ပြန်မလာသေးတာပါလိမ့်။

အိမ်မှာ သူမတစ်ယောက်တည်း ရှိတာကို သိပါလျက်နှင့် ယခုအချိန်ထိ ပြန်မလာသေးခြင်းက ကျေးအပေါ် လျစ်လျူရှုလွန်းနေရသည် မဟုတ်ပါလား။

ပြောတော့ဖြင့် ကျေးအား ချစ်ပါသည်၊ သိပ်ချစ်ပါသည်ဆိုတဲ့လူက ယခုတော့ စိတ်အခန့်မသင့်တာနှင့် ကျေးအပေါ် စိတ်မရှည်၊ သည်းမခံနိုင်သည့် နိုင်ကမ္ဘာကို ကျေးမှာ တွေးရင်း ဒေါသလေးများ ဖြစ်နေရတော့၏။





ဒေါသဖြစ်လို့လည်း ကျေးသည် သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်၊ သူ့ကို မစောင့်တော့ဟု ဆုံးဖြတ်ကာ သူမကိုယ်လေးကို အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်ပေမယ့် မျက်ဝန်းလေး မှေးမှိတ်မသွားပါ။

သိစိတ်က နိုင်ကမ္ဘာအပေါ် စိတ်ဆိုးနေရပေမယ့် မသိစိတ်က နိုင်ကမ္ဘာ ပြန်အလာကို စောင့်မျှော်နေသည့်အဖြစ်ကို ကျေးသည် သူမကိုယ်သူမ ဟန်ဆောင်ဖုံးကွယ်ရင်း သူပြန်အလာကိုသာ စောင့်စားနေလိုက်သည်။

အချိန်လေးတွေ ဘယ်လောက်ထိ ကြာသွားသည်မသိပါ။ ခြံထဲသို့ မောင်းဝင်လာသော သူ့ကားသံကို ကြားပါမှ ကျေးသက်မလေးချလိုက်ပြီး သူမကိုယ်လေးကို တစ်ဖက်သို့ ကျောပေးကာ မျက်ဝန်းလေးမှိတ်လျက် ငြိမ်သက်နေလိုက်သည်။

မကြာလိုက်ပါ။ အခန်းတံခါးဖွင့်သံနှင့်အတူ အခန်းထဲသို့ ဝင်လာသည့် နိုင်ကမ္ဘာ၏ ခြေသံသဲ့သဲ့ကို ကြားရတော့ ကျေးသူမ၏ မျက်ဝန်းလေးအစုံကို တင်းတင်းလေး ပို၍မှိတ်ကာ အသက်ရှူမှန်မှန်ဖြင့် မလှုပ်မယှက်လေး ရှိနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကမ္ဘာမှာ ညမီးရောင်ပြာလဲ့လဲ့အောက်တွင် သူရှိရာဘက်ကို ကျောပေးကာ ခုတင်ပေါ်တွင် ခပ်စောင်းစောင်းလေး အိပ်နေသော ကျေးကို မျက်ဝန်းညိုကြီးနှင့် တစ်ချက်စိုက်ကြည့်ကာ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို လဲလိုက်ပြီး ရေချိုးခန်းထဲသို့ ဝင်သွားလိုက်သည်။

နိုင်ကမ္ဘာ ရေချိုးပြီး ပြန်ထွက်လာသည့်တိုင် ကျေးသည် စောစောကအတိုင်း မလှုပ်မယှက် ခုတင်ပေါ်တွင် ခပ်စောင်းစောင်း အနေအထားနှင့် အိပ်နေဆဲဖြစ်သည်။

ထိုအချိန်ထိ နိုင်ကမ္ဘာသည် ကျေးကို ဘာမှမပြောသေးပါ။

သူ့ကိုယ်ပေါ်မှ ရေစက်ရေပေါက်များကို သုတ်ပြီး အိမ်နေရင်းဝတ်စုံကို သူ လဲပြီးသည့်အခါမှာတော့ နိုင်ကမ္ဘာသည် ကျေးရှိရာ ခုတင်ထက်ဆီသို့ လျှောက်လာကာ သူ့ကိုယ်သူ ကျေးဘေးနားတွင် အသာဝင်လှဲလိုက်ပြီး…

"ကျေး"

ကျေးထံက အသံထွက်မလာပါ။

"ကျေး"





သူ့အား ကျောခိုင်းထားသည့် ကျေး၏နောက်ကျောပြည့်ပြည့်လေးကို စိုက်ကြည့်ပြီး နိုင်ကမ္ဘာ ခပ်တိုးတိုးခေါ်လိုက်သည်။

ကျေးကား တုတ်တုတ်မျှမလှုပ်ပါ။

ထိုအခါ နိုင်ကမ္ဘာသည် နှုတ်ခမ်းကိုစေ့လျက် ပြုံးလိုက်ပြီးနောက်…

"ကျေးနော်…မောင့်ကို အသည်းယားအောင် မင်းမလုပ်နဲ့၊ ကျေး မအိပ်သေးဘူးဆိုတာ မောင်သိတယ်"

"အို"

သည်တစ်ခါတော့ဖြင့် နိုင်ကမ္ဘာသည် ပါးစပ်ကတင် ပြောသည်မဟုတ်တော့ပါ။ သူ့လက်များက ကျေး၏ ခါးကျဉ်ကျဉ်လေးကို သူ့ဘက်သို့ ခပ်တင်းတင်းလေး ဆွဲယူလှည့်လိုက်တာကြောင့် ကျေးသည် နိုင်ကမ္ဘာနှင့် ရင်ချင်းအပ်မျက်နှာချင်းဆိုင်မိသွားရသည်။

"ဘာလုပ်တာလဲ၊ သူများအိပ်နေတဲ့ဟာကို"

နှုတ်ခမ်းလေးစူကာ ခပ်ဆောင့်ဆောင့်လေး ထွက်လာရသည့် ကျေးအသံကြောင့် နိုင်ကမ္ဘာသည် သူ ပွေ့ဖက်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျေး၏ ခါးကျဉ်ကျဉ်လေးကို တင်းခနဲ ဖျစ်ညှစ်လိုက်ပြီး…

“အဟွန်း…ကျေး မောင့်ကို စောင့်နေတာဆို”

“အို”

သူ့စကားကြောင့် ကျေးမျက်နှာလေး ရဲသွားရပြီး…

“ရှင်နော်…ရှင့်ကို ဘယ်သူက စောင့်နေလို့လဲ”

“အဟွန်း…ဟုတ်ရဲ့လားဗျာ၊ ကောင်မလေးတွေကို မောင် မေးကြည့်တော့ ကျေး မောင့်ကိုစောင့်နေတာတဲ့”

ကျေး သူ့ကို ညာ၍မရတော့ပါ။

နိုင်ကမ္ဘာ ပြန်မလာသေးသမျှ ကျေး အိမ်မှကောင်မလေးများကို သူမကိုယ်တိုင် စောင့်နေသည့်ကြားက နင်တို့အစ်ကိုလေး ပြန်မလာသေးဘူးလား တစ်မေးတည်းမေးနေခဲ့သည့် သူ့အဖြစ်ကို ကောင်မလေးတွေအား ပြန်၍နှုတ်ပိတ်ခဲ့ရန် ကျေး မေ့နေခဲ့သည်က ယခုတော့ နိုင်ကမ္ဘာသည် ထိုအကြောင်းကို သိသွားခဲ့ရပြီဖြစ်သည်။

“ပြောလေဗျာ၊ ကျေး မောင့်ကို စောင့်နေတယ်ဆိုတာ တကယ်လား၊ မောင့်ကို ဘာဖြစ်လို့ စောင့်နေတာလဲ၊ ဘာလဲ မောင့်အတွက် စိတ်ပူလို့လား”

စိုး:မိုး:စ၁၄ပ



မတည်မပြုံး မျက်နှာချောချောနှင့် ကျေးကိုယ်လေးကို တင်းတင်းလေးပွေ့ဖက်ကာ သူမနှာတံလုံးလုံးလေးကို သူ့နှုတ်ခမ်းဖြင့် ခပ်ဖွဖွနမ်းရှိုက်တို့ထိကာ ဆိုလာတော့ ကျေးကိုယ်လေးမှာ ဖျတ်ခနဲ လူးသွားရပြီး…

“မပူပါဘူးနော်၊ ဘာဆိုင်လို့ ပူရမှာလဲ၊ ရှင်တောင် ကျွန်မအတွက် စိတ်မပူဘဲ တစ်ယောက်တည်း ထားခဲ့သေးတာ၊ ကျွန်မက ဘာလို့ ရှင့်အတွက် စိတ်ပူရမှာလဲ”

သူ့အား စောင့်နေပါသည်ဆိုတာကိုလည်း ဝန်ခံရမှာ ရှက်နေသလို သူမကို တစ်ယောက်တည်း ပစ်ထားခဲ့ရပါ့မလားဆိုကာ စိတ်ဆိုးရန်တွေ့နေသော ကျေးကို နိုင်ကမ္ဘာ မချင့်မရဲကြီး စိုက်ကြည့်လိုက်ပြီး…

“အဟွန်း…ကျေးရယ်၊ မောင့်ကို ခွင့်လွှတ်ပါဗျာ၊ ကျေးကို မောင် ပစ်ထားခဲ့တာ မဟုတ်ပါဘူး၊ ကျေးသာ မောင့်ကို စောင့်နေမှန်းသိရင် မောင် စောစောပြန်လာမှာပေါ့”

“ဖယ်ပါ၊ ရှင့်ဘာသာရှင် ပြန်လာချင်လာ၊ မလာချင်နေ၊ ကျွန်မ အိပ်တော့မယ်”

စိုး:မိုး:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးစူကာ သူ့ရင်ခွင်ထဲက ရုန်းနေသူလေးကို နိုင်ကမ္ဘာ အပြုံးမျက်နှာဖြင့် စူးစူးရဲရဲ စိုက်ကြည့်ကာ…

"အိပ်လေ…မောင့်ရင်ခွင်ထဲမှာ ဒီအတိုင်းအိပ်၊ ချစ်ကို မောင်ချော့သိပ်မှာပေါ့"

"ဖယ်…လွှတ်ပါ၊ ကျွန်မဘာသာ လွှတ်လွှတ်လပ်လပ် အိပ်မယ်"

"အေးဗျ…အဲဒါတော့မဖြစ်ဘူး၊ ခင်ဗျားလေးက ယောကျ်ားယူပြီးမှတော့ ဘယ်လိုလုပ် လွှတ်လွှတ်လပ်လပ် အိပ်လို့ ရမှာလဲ၊ ခင်ဗျားဘေးမှာ ကျုပ်တစ်ယောက်လုံး ရှိသေးတယ်လေ ဗျာ၊ ကျုပ်ကိုရော ခင်ဗျားလေး ဘယ်သွားထားမှာလဲ"

"လွှတ်…လွှတ်ပါ၊ ရှင့်ကို ကျွန်မ ဘယ်သွားထားရမှာ လဲ၊ အခုလိုပဲ ကားတစ်စီးနဲ့ တစ်ညလုံး လျှောက်သွားနေပေါ့"

ကျေးသည် ထိုအဖြစ်ကို စိတ်ဆိုးမပြေသေးသလို ဆိုလာ တော့ နိုင်ကမ္ဘာသည် ချစ်ဇနီးလေးစကားကို သဘောကျသွားရ ကာ…

"မလုပ်ပါနဲ့ဗျာ၊ မောင့်မှာတော့ မောင့်မိန်းမက မောင့်ကို





မချစ်ဘူး၊ မုန်းတယ်ဆိုလို့ စိတ်ညစ်ညစ်နဲ့ တစ်မြို့လုံး ကားလျှောက် မောင်းနေရတယ်၊ မောင့်စိတ်ကတော့ ဟောဒီက မောင့်မိန်းမဆီ စိတ်ရောက်နေတာ ခင်ဗျားလေးမှ မသိဘဲ"

"မသိချင်ပါဘူးနော်၊ ပြောတော့ဖြင့် လူကို ချစ်တယ် ချစ်တယ်နဲ့ ပါးစပ်ဖျားကမချ ပြောနေပြီး တကယ်တမ်း ဘာမဟုတ် တာလေးတောင် သည်းမခံနိုင်ဘူး"

"ဘယ်နှယ့် ဘာမဟုတ်ရမှာလဲဗျ၊ မင်းလေးက မောင့်ကို မုန်းတယ်ဆိုတော့ မောင့်မှာ ဘယ်လောက်ခံစားရတယ်မှတ်လဲ"

"အိုး…အဲဒါက စိတ်ထဲတကယ်ပါလို့မှ မဟုတ်တာ"

"ဟင်…ဘယ်လို၊ ဘာပြောတယ် ကျေး၊ မောင့်ကို မင်း မုန်းတယ်ဆိုတာ စိတ်ပါလို့ပြောတာ မဟုတ်ဘူး ဟုတ်လား"

"ဟာ…ဘာလဲ၊ မသိဘူး သွားကွာ"

ကျေးမှာ သူ့စကားမှားသွားရပြီမို့ မျက်နှာလေးရဲသွားရ ကာ ရှက်ရှက်နှင့် သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်နေတော့သည်။

"ကျေးရယ် မောင် မေးတာဖြေစမ်းပါ၊ မောင့်ကို မင်း မမုန်းဘူးဆိုတော့ မောင့်ကို မင်း ချစ်တယ်ပေါ့နော်၊ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ကျေး”

နိုင်ကမ္ဘာမှာ လိုက်ဖိုတုန်ယင်သော ရင်အစုံဖြင့် ကျေးအား မလွှတ်တမ်း ထွေးဖက်ထားရင်းက ကျေးထံမှ သူကြားချင်သည့် စကားကိုသာ အကြည့်စူးစူးများဖြင့် စိုက်ကြည့်လျက် မေးနေလိုက်သည်။

“ရှင်နော် ဘာတွေမေးနေတာလဲ၊ လွှတ်စမ်းပါ”

“မလွှတ်ဘူး”

“ကျွန်မ စိတ်မဆိုးချင်ဘူးနော်”

“အဟွန်း…ချစ်စိတ်ဆိုးရင် မောင်ကချော့မှာပေါ့”

“ချော့ရအောင် ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ”

“တကယ်မဆိုင်ဘူးလား”

“အင်း”

ချိုကြည်နူးညွှံ့နေသော မျက်ဝန်းများဖြင့် ကြည့်ကာ ဆိုလာသည့် နိုင်ကမ္ဘာ၏ မျက်နှာချောချောကို ကျေးမှာ မကြည့်ရဲတော့ပါ။

မျက်နှာရဲရဲလေးနှင့် အကြည့်လေးများလွှဲကာ ခေါင်းညိတ်





လိုက်လေသည်။

“အဟွန်း…ဒါဖြင့် ကျေးနဲ့မောင် ဆိုင်မဆိုင် လက်တွေ့ပြရတော့မှာပေါ့”

“ဦးကမ္ဘာ”

“ရှင်နော်…အို”

ကျေးမှာ မျက်နှာလှလှလေးပေါ် ငုံ့မိုးစိုက်ကျလာသည့် နိုင်ကမ္ဘာ မျက်နှာချောချောကြောင့် ရှက်စိတ်များဖြင့် ထိတ်လန့်စွာ ခေါင်းလေးငုံ့ရှောင်လိုက်ပြီး သူမမျက်နှာလေးကို သူ့ရင်ခွင်မှာ ဖွက်ထားလိုက်လေသည်။

“ဟောဗျာ”

“အဟွန်း…ဟွန်း…ဟွန်း”

နိုင်ကမ္ဘာမှာ ကျေးအဖြစ်ကို သဘောကျစွာ ရယ်မောရင်းက ချစ်ဇနီးကိုယ်လေးကို သူ့ရင်ခွင်ထဲမှ မလွှတ်တမ်း ထွေးဖက်ထားလျက် ချစ်သူမျက်နှာလေးကို စိုက်ကြည့်ကာ သူ့ရင်ခုန်သံတွေ တဒိတ်ဒိတ်မြန်ဆန်လာရတော့သည်။

သူမကို ချစ်နေရသည့် သူ့ရင်ထဲက အချစ်များကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်နှင့်မဆံ့အောင် အချစ်များတိုးလျက် ရှိနေရတော့သည်။

"ကျေး"

စိတ်လှုပ်ရှားမှုကြောင့် နိုင်ကမ္ဘာ့အသံမှာ မသိမသာ လှုပ်ခတ်သွားရသည်။

"ကျေး"

"အဟွန်း...မောင့်ကို မော့ကြည့်ပါဦး ကျေးရယ်၊ မောင့်မိန်းမမျက်နှာလေးကို မောင် ကြည့်ပါရစေဦး"

"ဟင့်အင်း...ဟင့်အင်း၊ မကြည့်နဲ့"

"ဘာဖြစ်လို့လဲ ကျေးရဲ့"

"ရှက်တယ်၊ ကျေး ရှက်တယ်"

တကယ်ပင် အရှက်သည်းနေရသော ကျေးသည် နိုင်ကမ္ဘာ့ရင်ခွင်မှာ သူမမျက်နှာလှလှလေးကို အပ်ထားလိုက်သည်မှာ သူဘယ်လိုပင် မော့ယူနေပါစေ ကျေးမျက်နှာလေးကတော့ဖြင့် မော့မလာပါပေ။

ထိုအခါ နိုင်ကမ္ဘာသည် မချင့်မရဲဖြစ်သွားရပြီး...

"မော့စမ်းပါဦး ကျေးရယ်၊ မောင် ကျေးကို မေးပါရစေ





ဦး"

"ဘာလဲ...ဘာမေးမှာလဲ"

သူ့ အတင်းဆွဲမော့ပါမှ ကျေးမျက်နှာလေးသည် မော့လာရလေသည်။

နိုင်ကမ္ဘာသည် ကျေး၏ ရက်မျက်နှာလှလှလေးကို ငေးစိုက်ကြည့်ရင်းက မြန်ဆန်လှုပ်ရှားလွန်းနေရသည့် ရင်ခုန်သံများကို ထိန်းလိုက်ပြီး...

"ကျေး...မောင့်ကိုချစ်တယ်နော်"

"သူနော်...သိရက်နဲ့"

"အဟွန်း..ဖြေစမ်းပါ ကျေးရယ်၊ မောင်ကြားချင်လို့ပါ"

"လူတစ်ယောက်လုံး ရင်ခွင်ထဲရောက်နေတာ ဖြေဖို့လိုသေးလို့လား"

"လိုတာပေါ့ဗျာ၊ ကျေးဆီက မုန်းတယ်ဆိုတဲ့စကားပဲ ဒီမောင် အကြိမ်ကြိမ် ကြားခဲ့ရတယ်၊ အခု ချစ်တယ်ဆိုတဲ့စကားကိုလည်း ကျေးဆီက မောင် ကြားချင်သေးတာပေါ့"

နိုင်ကမ္ဘာစကားကြောင့် ကျေးတစ်ယောက် စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ကျေးနှင့်သူ အိမ်ထောင်သက်တစ်လျှောက်မှာ ကျေးသည် သူ့အပေါ် မုန်းစကား များကိုသာ နှုတ်ကမချ တွင်တွင်ဆိုခဲ့သူဖြစ်သည်။

သည်တော့လည်း ယခုလို နှစ်ဦးသား ပြေလည်သည့် အချိန်မှာ သူမထံမှ ချစ်စကားကို နိုင်ကမ္ဘာသည် ကြားချင်ရှာလိမ့် မည်ပေါ့။

ကျေး နိုင်ကမ္ဘာအပေါ် သည်ထက်ပို၍ မရက်စက်ချင် တော့ပါ။ သူ့အပေါ် ရက်စက်ရန် နှလုံးသားများလည်း သူမမှာ မရှိတော့ပြီဖြစ်သည်။

ထို့ကြောင့် ကျေးသည် ဦးနိုင်ကမ္ဘာကိုယ်ကြီးကို သူမ လက်လေးနှင့် တင်းတင်းလေး ပြန်လည်ပွေ့ဖက်လိုက်ရင်းက…

"ဦးကမ္ဘာ"

"ဗျာ"

"အဟင်း…ဟင်း ရှင် အဲလိုထူးရင် ရှင့်ကို ကျွန်မသိပ် ချစ်တာပဲ သိလား"





"ဗျာ…ဘယ်လို ကျေး"

"ရှင့်ကို ချစ်တယ်လို့ပြောတာ"

"ဟာ…ကျေး၊ မောင့်ရဲ့ကျေးရယ်၊ ကျေးအချစ်ကို မောင် ရပြီပေါ့နော်၊ မောင် ပျော်လိုက်တာ ကျေးရယ်၊ သိပ်ပျော်တာပဲဗျာ"

နိုင်ကမ္ဘာမှာ ကျေးထံမှ အချစ်များ ရလိုက်ပြီမို့ သူဘယ် လောက်ထိ ပျော်ရွှင်သွားရသည်မသိပါ။

ကျေးတစ်ကိုယ်လုံးအား သူသည် တင်းတင်းကြပ်ကြပ် ကြီး ပွေ့ဖက်ထားလျက်က ကျေးမျက်နှာအား ချစ်အနမ်းများ ခပ်ကြမ်းကြမ်း တိုက်ခတ်ပစ်လိုက်ပါတော့သည်။

ထိုအခါ ကျေးသည် အသက်ရှူလေးများ မှားသွားရကာ

"လွှတ်…နိုင်ကမ္ဘာရယ်၊ ကျွန်မ အသက်ရှူကျပ်တယ်"

"ဆောရီး ကျေးရယ်၊ မောင် သိပ်ပျော်သွားလို့ပါဗျာ"

"တော်ပါနော်၊ အစကတော့ ကျေးအချစ်ကို မရလည်း ဂရုမစိုက်ဘူးဆို"

"အဲဒီစကား ဘယ်သူပြောလဲ၊ ပြောတဲ့လူကို မောင် သွားတွေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို သူပြောတာဖြစ်ပါလျက် သူ မပြောသလို မျက်နှာခပ်တည်တည်ကြီးနှင့် ဆိုလာသူ နိုင်ကမ္ဘာကို ကျေးသည် မျက်စောင်းလေး ရွယ်လိုက်ရင်း…

"နေပါဦး၊ ပြောတဲ့လူကို ရှင်က ဘာလုပ်မလို့လဲ"

"အဟွန်း…ဘာလုပ်ရမှာလဲဗျ၊ အဲဒီလူကို မောင်က သွားပြောမှာပေါ့၊ အခု ကျေးအချစ်ကိုရမှ ဖြစ်တော့မယ်ဆိုတာကို လေ"

"သွား"

"အဟင်း…ဟင်း…ဟင်း"

"အဟွန်း…ဟွန်း…ဟွန်း"

နိုင်ကမ္ဘာနှင့် ကျေးမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရည်ရွှန်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်ရင်းက ကြည်နူးစွာ ရယ်လိုက်လေသည်။

သြော်…နှစ်ဦးသား ဟန်မဆောင်ထား ချစ်မိကြပြီဆိုတော့လည်း နိုင်ကမ္ဘာနှင့် ကျေးရင်ထဲမှာ ပျော်ရွှင်ပေါ့ပါးလွတ်လပ်ခြင်းများနှင့် ရင်မှာကိုယ်စီ အချစ်များပျော်ဝင်နေရတော့သည်။





"ကျေးရယ်…သိပ်ချစ်တယ်"

"ကျွန်မလည်း ဦးကမ္ဘာလိုပါပဲ"

"အဟွန်း…မောင်တို့အဖြစ်က တွေးမိရင် ရယ်စရာပဲနော် ကျေး"

"ဘာဖြစ်လို့လဲ ဦးကမ္ဘာ"

"ချစ် စဉ်းစားကြည့်လေဗျာ၊ မောင်တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ဘုနဲ့ဘောက်ဖြစ်ပြီးမှ လက်ထပ်ခဲ့ရတာ မဟုတ်လား၊ လက်ထပ်ပြီးတော့ရော အဆင်ပြေခဲ့လို့လား၊ အဲလို အဆင်မပြေတဲ့ကြားက ကျေး မောင့်အချစ်ကို တူးဖော်ခဲ့ရတာ လွယ်တဲ့အလုပ်မှတ်လို့လား"

"ဟုတ်တယ်နော် ဦးကမ္ဘာ၊ ကျွန်မတို့နှစ်ယောက်က လည်း လက်ထပ်ပြီးမှ အချစ်ကို ပြန်ရှာရသလို ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ တစ်ယောက်အချစ်ကို တစ်ယောက် သေချာသိသွားတာပေါ့လေ"

"ဘာလဲ…ကျေးက မောင့်အချစ်ကို မယုံလို့လား"

"မယုံတာမဟုတ်ဘူး၊ မယုံရဲတာရှင့်"

"ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လို အစစအရာရာ ပြည့်စုံလွန်းတဲ့ နိုင်ငံခြားပြန် အင်ဂျင်နီယာ လူချောလူခန့်ကြီးမှာ အချစ်မရှိဘူးဆိုတာ မယုံရဲလို့ ပေါ့ရှင်"

"မင်းကိုယ်တိုင်ကရော"

"ကျွန်မက ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်အရင်..."

"အများကြီးရှိတယ်၊ ဘာဖြစ်လဲ"

ကျေး သူ့မအချစ်ကို သံသယရှိရပါ့မလားဆိုကာ နိုင်ကမ္ဘာ ကို ရွဲ့သည်။

နိုင်ကမ္ဘာမှာ ကျေးကိုယ်လေးကို မလွှတ်ပါပေ။ သူနှင့် ရင်ချင်းအပ်သွားမတတ် ပိုတိုးဖက်လိုက်ပြီး...

"အဟွန်း...ဒါက မောင့်ကိုစိတ်ဆိုးသွားတာလား"

"စိတ်ဆိုးအောင် ဘယ်သူလုပ်တာလဲ"

"တောင်းပန်ပါတယ် ဒေါ်ကြီးရယ်၊ မောင့်ကို စိတ်မဆိုး ပါနဲ့ဗျာ၊ ကျေးကို မောင်ချစ်လွန်းလို့ စတာ၊ စိတ်မဆိုးရဘူးနော် ဟုတ်လား"



BURMESE CLASSIC .com



ကျေးအား စိတ်ဆိုးမပြေ ပြေအောင် ချော့နေသော နိုင်ကမ္ဘာကို ကျေး သည်ထက်ပို၍ စိတ်မဆိုးနိုင်တော့ပါ။

စိတ်လည်း မဆိုးချင်တော့ပါ။

ကျေးသည် သူ့မကြောင့် နိုင်ကမ္ဘာကို စိတ်မညစ်စေချင် တော့ပြီ။

ထိုစိတ်နှင့် ကျေးသည် နိုင်ကမ္ဘာရင်ခွင်ထဲ သူ့မခေါင်း လေး တိုးဝင်လိုက်ပြီး...

"ကျေးကို သိပ်ချစ်တာပဲလား ဦးကမ္ဘာ"

"အဟွန်း...ကျေးရယ်၊ ဒီစကား မောင့်ကို မေးနေစရာ တောင် မလိုပါဘူးဗျာ၊ မောင်ချစ်တာကို ကျေး သိနေလောက်ပါပြီ"

"သိပါတယ် ရှင်ရယ်၊ ကျေးသိပါတယ်၊ သိလို့လဲ"

"သိလို့လည်း ဘာဖြစ်လဲ ကျေး၊ ဘာဖြစ်လဲ"

ကျေးထံမှ စကားကို နိုင်ကမ္ဘာသည် သိချင်စိတ်ပြင်းပြ စွာ ခပ်လောလော မေးလိုက်လေသည်။

"ဦးကမ္ဘာရယ်...ဘာဖြစ်ရမှာလဲရှင်၊ သိလို့ ကျေး ဦးကမ္ဘာကို ပြန်ချစ်တာပါ၊ သိပ်ချစ်တယ် ရှင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေး...ချစ်ရယ်"

လှိုက်ဖြာမွတ်သိပ် နူးညံ့ညင်သာသည့် အနမ်းနွေးနွေးက ကျေး၏ မျက်နှာလှလှလေးထက် နေရာလပ်မကျန် ကျရောက်နေရ သည်။

"ကျေးကို မောင် ပြောခဲ့တာ ကျေး မှတ်မိသေးလား ဟင်"

"ဘာလဲဟင်"

"မောင့်အချစ်တွေကို ကျေး တစ်နေ့သိရမယ်ဆိုတာလေ၊ ကဲ အခုသိပြီလား"

"အင်း သိသလိုပဲ"

"ကျေးနော်၊ ဒါက ဘာစကားလဲ၊ မောင့်ကို အသည်း ယားအောင် မလုပ်နဲ့ဗျ"

"လုပ်ရင် ဘာဖြစ်လဲ"

"အေး...ဘာဖြစ်လဲဆိုတာ မင်း အခုသိရမယ်"

"ဦးကမ္ဘာ"

ကျေးထံမှ ဟန့်တားစကားသံလေး ထွက်လာပါသော်





လည်း နိုင်ကမ္ဘာမှာ မကြား။

ချစ်ဇနီးထံမှ အချစ်ကို ယခုမှ ပိုင်ပိုင်ရရှိခဲ့သူပီပီ အပျော်တွေ၊ အချစ်တွေ လွှမ်းနေရမှုကြောင့် ချစ်ဇနီးကျေး၏ ကိုယ်လေးကို သူ့ရင်ခွင်ထဲ မလွတ်တမ်း ထွေးဖက်ထားလိုက်ရသည်ကိုပင် သူ့ရင်မှာ ဘာနှင့်မှမတူသည့် ခံစားမှုဖြင့် ပျော်ရွှင်ကျေနပ်ဖွယ်အတိ ပြီးပြည့်စုံသွား၏။

ရွှေအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအဉ္ဇလီ

ကြင်ဖူးစာ




www.burmeseclassic.com